ကြေးမုံ

The Mirror Daily

Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့ မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာ ဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်၊ တနင်္လာနေ့။ Monday 30 December 2019 ၉၈၇၉



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ခရစ္စမတ်အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြစဉ်။

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေအိမ်၌ ကျင်းပသည့် ခရစ္စမတ်အခါသမယနှင့် နှစ်သစ်ကူးအကြို ကျေးဇူးတော်ချီးမွမ်းခြင်း နေ့လယ်စာစားပွဲသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ခရစ္စမတ်အခါသမယနှင့် နှစ်သစ်ကူးအကြို ကျေးဇူးတော်ချီးမွမ်းခြင်း နေ့လယ်စာစားပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏နေအိမ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ကြသည်။

နေ့လယ်စာစားပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး နန့်ကြင်ကြည်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့်ဇနီး ဒေါက်တာစိန်စိန်သိမ်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❃



## ကြေးမုံ

# ငြိမ်းချမ်းမှ လွတ်လပ်ရေးအစွန့်ရှည်တည်တံ့

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးမရမီ နှစ်အနည်းငယ်ခန့်မှစ၍ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ပေါ်ပေါက်လာသည်မှာ နှစ်ပေါင်း ၇၀ ကျော်ခဲ့လေပြီ။ မြန်မာနိုင်ငံသည် ကိုလိုနီနယ်ချဲ့လက်အောက်ခံဖြစ်ခဲ့ရခြင်းသည်လည်းကောင်း၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားစဉ် စစ်တလင်းဖြစ်ခဲ့ရခြင်းသည်လည်းကောင်း၊ လွတ်လပ်ရေးကြိုးပမ်းရာမှစ၍ နိုင်ငံရေးအယူအဆများ ကွဲပြားလာခြင်းသည်လည်းကောင်း၊ ကိုလိုနီခေတ်က ဖန်တီးခဲ့သည့် သွေးခွဲမှုအမျိုးမျိုး၊ ပြဿနာအဖုံဖုံသည်လည်းကောင်း ပြည်တွင်းမငြိမ်းချမ်းမှု သန္ဓေတည်ရန် အကြောင်းရင်းများပင် ဖြစ်သည်။

လွတ်လပ်ရေးရရှိစကာလက စစ်ဘေးစစ်ဒဏ်ကြောင့် နာလန်ထစ လူမမာကဲ့သို့ရှိနေစဉ် တိုင်းပြည်ကို ပြန်လည်ပြုစုပျိုးထောင်ရမည့်အစား ပြည်တွင်းသောင်းကျန်းမှု၊ နိုင်ငံရေးအင်အားစုများအတွင်းမှ ပြင်းထန်သော ပဋိပက္ခဒဏ်ရာဒဏ်ချက်များကြောင့် တိုင်းပြည်ပြန်လည်ထူထောင်ရေးကို အရာထင်အောင် မလုပ်နိုင်ခဲ့ပေ။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးခေတ်ဦးမှစတင်၍ နိုင်ငံကိုအုပ်ချုပ်လာခဲ့သော အစိုးရအဆက်ဆက်တို့သည် ပြည်တွင်းမငြိမ်းချမ်းမှုနှင့် လက်နက်ကိုင်ပဋိပက္ခမျိုးစုံတို့ကို နည်းလမ်းအမျိုးမျိုးဖြင့် ဖြေရှင်းခဲ့ရသည်။ ပြည်တွင်းမငြိမ်းချမ်းမှု သက်ဆိုးရှည်နေရခြင်း အကြောင်းအမျိုးမျိုးရှိသည့်အနက် ပြည်ပစွက်ဖက်မှုသည်လည်း အရေးကြီးသည့် အချက်ဖြစ်သည်ကိုလည်း သတိမူရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ပြည်တွင်းမငြိမ်းချမ်းမှုပြဿနာသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကြီးစွာအနှောင့်အယှက်ဖြစ်စေသည်မှာ ငြင်းပယ်၍ မရနိုင်ပေ။ ပြည်တွင်းမငြိမ်းချမ်းမှုနှင့် လက်နက်ကိုင်ပဋိပက္ခများ မည်သို့ပေါ်ပေါက်လာသည်၊ မည်သို့ဆက်လက်ရပ်တည်ကြသည်ဆိုသည့် ဖြစ်စဉ်များကို လေ့လာမည်ဆိုလျှင် ပြည်တွင်းမငြိမ်းချမ်းမှုပြဿနာကို ဖြေရှင်းရန် တစ်စုံတစ်ရာအကျိုးကျေးဇူး ရရှိနိုင်မည်ဖြစ်သည်။ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်သော ပြည်တွင်းမငြိမ်းချမ်းမှုကို အဆုံးသတ်စေရန်မှာလည်း အစိုးရတစ်ဖွဲ့တည်းသော်လည်းကောင်း၊ တပ်မတော်တစ်ရပ်တည်းအနေဖြင့်သော်လည်းကောင်း ဖြေရှင်းနိုင်မည်မဟုတ်ဘဲ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးကပါ သဘောပေါက်နားလည်ပြီး ပူးပေါင်းဆောင်ရွက်သွားမှသာ ငြိမ်းချမ်းရေးခရီး နီးနိုင်မည်ဖြစ်သည်။ ထိုသို့မဟုတ်ပါဘဲ ငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်လျှင် တစ်တိုင်းပြည်လုံးဖွံ့ဖြိုးရေးကို မလုပ်ဆောင်နိုင်ဘဲ ရှေ့မတက်နိုင်သည့် ဒုံရင်းဘဝဖြင့် သူတစ်ပါးနိုင်ငံများနောက် ဆက်လက်ရောက်ရှိနေမည်ဖြစ်သည်။

ငြိမ်းချမ်းရေးသည် တိုင်းပြည်အတွက် အလွန်အရေးကြီးသောအချက်ဖြစ်၍ နိုင်ငံတော်အစိုးရက အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို အလေးထားလုပ်ဆောင်လျက်ရှိသည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးစားပွဲဝိုင်းများတွင် ရင်းရင်းနှီးနှီးချစ်ချစ်ခင်ခင်ဖြင့် နားလည်မှုပေးခြင်း၊ သည်းခံခြင်း၊ ယုံကြည်ခြင်းတို့ကိုအခြေခံ၍ ဆွေးနွေးအဖြေရှာနေဆဲဖြစ်သည်။ လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးကို သုံးသပ်ကြည့်မည်ဆိုပါက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများသည် လွတ်လပ်ရေးမရမီ သန္ဓေတည်ကာလ၊ လွတ်လပ်ရေးရပြီးဖြေရှင်းချိန်ကာလ၊ ပြိုလဲကျဆုံးလာသောကာလနှင့် အသွင်ပြောင်းလဲရပ်တည်ရှင်သန်လာသောကာလဟူ၍ တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ငြိမ်းချမ်းမှုမရရှိသေးခြင်းသည် နိုင်ငံရေးပြဿနာကို ငြိမ်းချမ်းသောနည်းဖြင့် မဖြေရှင်းဘဲ လက်နက်ကိုင်ဖြေရှင်းနေရသောကြောင့် ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများရှိနေခြင်းသည် ယုံကြည်ချက်သက်သက်သာမဟုတ်တော့ဘဲ နိုင်ငံရေးအရ၊ လူမျိုးရေးအရ၊ စီးပွားရေးအရ ပယောဂမျိုးစုံတို့ ရောထွေးနေခြင်းကြောင့် ဆက်လက်ဖြစ်တည်နေသည်ကို သတိမူဆင်ခြင်ပြီး မိမိနိုင်ငံနှင့် မိမိလူမျိုး ရေရှည်အကျိုးစီးပွားအတွက် လက်နက်ကိုင်နည်းလမ်းများအစား နိုင်ငံတော်ကဖော်ဆောင်နေသည့် တိုင်းရင်းသားလူမျိုးများအားလုံးအကျိုးစီးပွားကိုရှေးရှုသည့် အစီအမံများတွင် ပါဝင်လုပ်ဆောင်ကြရမည်ဖြစ်သည်။

နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခများ သက်ဆိုးရှည်နေခြင်း၊ ပြည်တွင်း တည်ငြိမ်အေးချမ်းမှု ထိခိုက်စေခြင်းတို့ ကြာရှည်နေခြင်းသည် နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ယိမ်းယိုင်အားနည်း လျော့ရဲစေသောအချက်များဖြစ်သည်။ မည်သည့်နိုင်ငံ၊ မည်သည့်အသိုက်အဝန်းတွင်မဆို စည်းလုံးညီညွတ်မှု ကိုယ်ခံအားမတောင့်တင်းပါက တိုင်းပြည်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာအား ထိပါးခြိမ်းခြောက်မှုရှိလာပြီး အန္တရာယ်များဖြစ်လာနိုင်သည်ကို တိုင်းရင်းသားပြည်သူအားလုံး၊ နိုင်ငံအတွင်းရှိ အဖွဲ့အစည်းများအားလုံး သတိမူရမည်ဖြစ်သည်။

သို့ဖြစ်ရာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာအစွန့်ရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ငြိမ်းချမ်းရေးကိုတည်ဆောက်ပြီး စည်းလုံးညီညွတ်မှုကို မြဲမြံခိုင်ခံ့အောင် တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊
၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောလုပ်ငန်းစဉ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့ကို ဦးစားပေးလုပ်ဆောင်ရေး၊
၃။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊
၄။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ တာဝန်သိစိတ်နှင့်အရည်အသွေး မြင့်မားလာစေမည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးတည်ဆောက်ရေး၊
၅။ မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းဖြင့် ငြိမ်းချမ်း၍ သာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေး၊



# သီရိမင်္ဂလာကမ္ဘာအေးစေတီတော် အပေါ်ရင်ပြင်တော်ပတ်လမ်း အဆင့်မြှင့်တင်မွမ်းမံပြုပြင်ခြင်း အောင်ပွဲအလှူမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၏ အပေါ်ရင်ပြင်တော်ပတ်လမ်းအား Natural Clay ခင်း အဆင့်မြှင့်တင် မွမ်းမံပြုပြင်ကပ်လှူပူဇော်ခြင်း အောင်ပွဲအလှူမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ စေတီတော်ရင်ပြင်တော်၌ ကျင်းပသည်။

**တရားတော်များရွတ်ပွား**

အခမ်းအနားတွင် ကန်ဦးဇေတဝန် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာမိဘိဝံသထံမှ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုထံ ရွှေသံလွင်ကုမ္ပဏီ နာယက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဒေါ်နီနီက စေတီတော်၏ ကြာလန်ကြာမှောက်တွင် ရွှေစင်ရွှေသားသင်္ကန်းတော်များ ကပ်လှူပူဇော်ရန်အတွက် ငွေကျပ် ၈၅၅၀၀၀၀ တန်ဖိုးရှိ ရွှေစင်တစ်ကျပ်သားစီရှိသော ရွှေစင်ရွှေပြား ကိုးပြားကို ပေးအပ်လှူဒါန်းပြီး အလှူမင်္ဂလာ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးလှထွန်းက အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

**အမျှပေးဝေ**

ထို့နောက် ကန်ဦးဇေတဝန်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် အမျှပေးဝေကြသည်။

ယင်းနောက် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၏ အပေါ်ရင်ပြင်တော်ပတ်လမ်းကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# သွားနှင့် ခံတွင်းဝေဒနာသည် ၁၈၈၇ ဦးအား အခမဲ့ကုသမှုဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

သွားနှင့် ခံတွင်းဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) စတုတ္ထနှစ် ဘီဒီအက်စ် (၁/၂၀၁၉) သင်တန်းအောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူ ၁၈၉ ဦး၊ အလုပ်သင်ဆရာဝန် ၄၂ ဦးနှင့် အုပ်ချုပ်သူ ဆရာ ဆရာမ ၂၁ ဦး စုစုပေါင်း ၂၅၂ ဦးပါဝင်သောအဖွဲ့သည် သင်ရိုးညွှန်းတမ်းလိုအပ်ချက်အရ ပါမောက္ခ၏ လမ်းညွှန်မှု၊ အဖွဲ့ခေါင်းဆောင် ဆရာ ဆရာမများ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ဒီဇင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့နယ်၊ သာစည်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မလှိုင်မြို့နယ်နှင့် ရမည်းသင်းခရိုင်အတွင်းရှိ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်များသို့ သွားရောက်၍ သွားနှင့် ခံတွင်းစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် သွားနှင့် ခံတွင်း အသိပညာပေးအနေဖြင့် ၃၁၁၉ ဦးတို့အား ပညာပေးဟောပြောခဲ့ကြပြီး ၄၈၅၂ ဦးတို့အား သွားနှင့် ခံတွင်း စစ်တမ်းကောက်ယူခဲ့၍ သွားနှင့် ခံတွင်းဝေဒနာသည် ၁၈၈၇ ဦးတို့အား အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

**စာအုပ် စာပေ လူ့မိတ်ဆွေ**

**ပညာလို အိုသည်မရှိ**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



# ပြည်ထောင်စုဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံဖြစ်

**ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုပါ။ ပြည်ထောင်စုဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ဖွဲ့စည်းထားတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ကျွန်မတို့ ဘာလုပ်ငန်းလုပ်လုပ် ပြည်ထောင်စုကြီး အကျိုးအတွက် ဘယ်တော့မှ မမေ့ဘဲနဲ့ လုပ်စေချင်ပါတယ်။ ကျွန်မတို့ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားအားလုံးအတွက် အကျိုးရှိအောင် စဉ်းစားပြီး လုပ်စေချင်ပါတယ်။ ပြီးတော့ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားအားလုံး ပိုမိုပြီးတော့ နီးစပ်လာအောင်၊ ညီညွတ်လာအောင် ၊ ပိုမိုပြီးတော့ စည်းလုံးလာအောင် လုပ်ပေးမယ့်ပုံစံမျိုးလည်း ဖြစ်စေချင်ပါတယ်။**

*[နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၃-၈-၂၀၁၈ ရက်နေ့တွင် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ(၁/၂၀၁၈) အစည်းအဝေးတွင် ပြောကြားသည့် အဖွင့်အမှာစကားမှ ကောက်နုတ်ချက်]*



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဇနီး ဒေါ်ရင်မေတို့၏ မိသားစုများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဇနီး ဒေါ်ရင်မေတို့၏ မိသားစုများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြစဉ်။

**❋ ရွှေဖုံးမှ**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သိက္ခာတော်ရဆရာတော်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး ဒေါ်ရင်မေနှင့် မိသားစုတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

နေ့လယ်စာစားပွဲတွင် နေပြည်တော် ခရစ်ယာန်အသင်းတော်များ ကောင်စီဥက္ကဋ္ဌ သိက္ခာတော်ရဆရာတော် ဒေါက်တာတင်မောင်အေးက ဘုရားသခင်၏ ဂုဏ်တော်ကိုချီးမွမ်းပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အကြီးအကဲများနှင့် နိုင်ငံသူ နိုင်ငံသားများအတွက် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာရရှိစေရန် အထူးဆုတောင်းမေတ္တာပို့သသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့က ခရစ္စမတ်အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။

ယင်းနောက် နေ့လယ်စာစားပွဲသို့ တက်ရောက်လာကြသူများက ခရစ္စမတ် ဓမ္မတေးသီချင်းကို သီဆို၍ ဂုဏ်တော်ချီးမွမ်းကြသည်။

ဆက်လက်၍ ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ သိက္ခာတော်ရဆရာတော် ဦးလဇက်က ကျေးဇူးတော်ချီးမွမ်းပြီး ဆုတောင်းမေတ္တာပို့သသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တက်ရောက်လာကြသူများသည် နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

နေ့လယ်စာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ မိသားစုဝင်များနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး ဒေါ်ရင်မေ၊ မိသားစုဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

# ၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ(ဗဟိုအဆင့်)ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ



**နေပြည်တော်  ဒီဇင်ဘာ  ၂၉**
ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ(ဗဟိုအဆင့်) ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာ ခန်းမ၌ ကျင်းပသည်။

**ဘက်ပေါင်းစုံမှကြိုးပမ်း**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ထူးချွန်သည့် ကျောင်းသား ကျောင်းသူများ၊ လူရည်ချွန်များ ပေါ်ထွက်လာစေရန် ဘက်ပေါင်းစုံမှကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်ရိုးညွှန်းတမ်းအသစ်၏ အင်္ဂလိပ်စာ ဘာသာရပ်များတွင် အရေး၊ အဖတ်၊ အပြောစွမ်းရည်များ တိုးတက်လာစေရန် သင်ခန်းစာများနှင့် သင်ကြားနည်းများကို ပြုပြင်ပြောင်းလဲထားပြီး သင်္ချာဘာသာရပ်တွင်လည်း စဉ်းစားတွေးခေါ်သော ဉာဏ်၊ ဆက်စပ်တွေးခေါ်သော ဉာဏ်ရည်များ ဖွံ့ဖြိုးတိုးတက်စေသည့် သင်ခန်းစာများနှင့် သင်ကြားနည်းများကို ပြုပြင်ပြောင်းလဲထားပါကြောင်း၊ ကျောင်းသားလူငယ်များအတွက် လိုအပ်သောအရည်အသွေးများအနက် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်မြင့်မားရေးသည် အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း။

**စူးစမ်းဖော်ထုတ်နိုင်မည်**

ကျောင်းသားလူငယ်များအား နိုင်ငံတကာသုံးဘာသာစကားဖြစ်သည့် အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြောစွမ်းရည် တိုးတက်လာစေရေးနှင့် စဉ်းစားတွေးခေါ်ဉာဏ်ရင့်သန်ပြီး သင်္ချာဆိုင်ရာ ဉာဏ်ရည်တိုးတက်စေရေးအတွက် အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ကျင်းပပေးရခြင်း ဖြစ်ပါကြောင်း၊ ယနေ့ (၂၁)ရာစုပညာရေးခေတ်တွင် သိပ္ပံနှင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုးတက်ပြောင်းလဲလာသည့် သတင်းအချက်အလက်များကို အပြည့်အဝရယူလေ့လာနိုင်ရေးအတွက် နိုင်ငံတကာသုံး ဘာသာစကားဖြစ်သည့် အင်္ဂလိပ်စာစွမ်းရည် မြင့်မားနေရန် လိုအပ်သလို သင်္ချာစွမ်းရည်မြင့်မားရန်လည်း လိုပါကြောင်း၊ သို့မှသာ နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည့် သိပ္ပံနှင့်နည်းပညာများနှင့် အဆင့်မြင့်ပညာရပ်များကို ဆက်လက်စူးစမ်းဖော်ထုတ်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏လူမှုစီးပွားရေး အဆင့်အတန်းကို မြှင့်တင်နိုင်ရေး တစ်ထောင့်တစ်နေရာက ကူညီပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခြေခံပညာ ကျောင်းသား ကျောင်းသူများကို မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်ကစပြီး အင်္ဂလိပ်စာ၊ သင်္ချာဘာသာရပ် စွမ်းရည်များ ထက်မြက်မြင့်မားရေးရည်ရွယ်ကာ Grade-5 မှ Grade-9 အထိ အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲများကို ယခုကဲ့သို့ နှစ်စဉ်ကျင်းပပေးနေခြင်း ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း အင်္ဂလိပ်စာ၊ သင်္ချာဘာသာရပ်စွမ်းရည်မြင့်အောင် အလေးထားလေ့ကျင့်သင်ကြားပေးနိုင်မှသာ ကျောင်းသား ကျောင်းသူများအခြေခံကောင်းရရှိပြီး အထက်တန်းအဆင့်နှင့် အဆင့်မြင့်ပညာရပ်များကို လွယ်ကူစွာ ဆက်လက်လေ့လာသင်ယူနိုင်ကြမည် ဖြစ်ပါကြောင်း။

**စွမ်းရည် ပိုမိုတိုးတက်စေရန်**

ပြိုင်ပွဲတွင် အင်္ဂလိပ်စာနှင့် သင်္ချာမေးခွန်းများ အကဲဖြတ်စစ်ဆေးခြင်းကို ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများ၏စွမ်းရည်ကို ပိုမိုတိုးတက်စေရန်အတွက် အင်္ဂလိပ်စာ ပြိုင်ပွဲခေါင်းစဉ်များကို ကြိုတင်မပေးဘဲ Theme များကို ပေးထားခြင်းဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာစွမ်းရည်မြင့်မားရေးအတွက် ဆရာ ဆရာမများ၏ စွမ်းရည်ကိုလည်း မြှင့်တင်ရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးအတွက် သင်ယူမှုဝန်းကျင်ကောင်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ စဉ်းစားတွေးခေါ်မှုကို အားပေးသော သင်ကြား၊ သင်ယူမှုဝန်းကျင်ကောင်းကို ဖန်တီးပေးစေလိုပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဘက်စုံ၊ ထောင့်စုံ တိုးတက်ရေးဆောင်ရွက်လျက်ရှိရာ ထိရောက်သော သင်ကြား၊ သင်ယူမှုဖြစ်ထွန်းနိုင်ရေးအတွက် ဆရာ ဆရာမများအနေဖြင့် မိမိသင်ပြရသည့် ဘာသာရပ်အလိုက် ကြိုးစားသင်ပြကြပြီး ကျောင်းသား ကျောင်းသူများကလည်း စိတ်ဓာတ်ကောင်းမွန်သော၊ စည်းကမ်းလိုက်နာသော နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းပါကြောင်း စသည်ဖြင့် အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများ ဖြေဆိုမှုနှင့်ပတ်သက်၍ အခြေခံပညာမူလတန်းနှင့် အလယ်တန်းအင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ စာစစ်မှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမေစန်းရီနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ စာစစ်မှူးချုပ် ရန်ကုန်တက္ကသိုလ် သင်္ချာပါမောက္ခ ဒေါက်တာချိုဝင်းတို့က ရှင်းလင်းတင်ပြသည်။

ယင်းနောက် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ပထမဆုချီးမြှင့်ခံရသည့် ကျောင်းသား ကျောင်းသူများက စွမ်းရည်ကို တင်ပြသည်။

**ဆုချီးမြှင့်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက အင်္ဂလိပ်စာ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် သက်ဆိုင်ရာအဆင့်အလိုက် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်သည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက အကဲဖြတ်စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများ ကူညီဆောင်ရွက်ပေးသည့် တက္ကသိုလ်များမှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ပါဝင်ကူညီသော Presenter ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## "နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပမည်




**ရန်ကုန်  ဒီဇင်ဘာ  ၂၉**
၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲတို့ကို **"နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ"** ဟူသောခေါင်းစဉ်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ကျင်းပခဲ့ရာ စိစစ်အကဲဖြတ်ရေးအဖွဲ့ဖြင့် ဆုများရွေးချယ်သတ်မှတ်ခဲ့ပြီးဖြစ်သည်။ အဆိုပါဓာတ်ပုံပြိုင်ပွဲနှင့် ပို့စကတ်ပြိုင်ပွဲတို့၏ ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ Pan Pacific Hotel, Ballroom ၌ ကျင်းပမည်ဖြစ်သည်။

ဆုရရှိသူများသည် ဆုများလက်ခံရယူရေးနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖုန်း ၀၁-၂၀၁၉၃၆၊ ၀၁-၃၇၁၃၄၀၊ ၀၆၇-၃၄၁၂၅၅၃ တို့သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ရန်ကုန်စာအုပ်လမ်း ၂၀၁၉ ခုနှစ် စာအုပ်ရောင်းရာသီ ခေတ္တရပ်နား

**ရန်ကုန်  ဒီဇင်ဘာ  ၂၉**
ရန်ကုန်မြို့ သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှေ့ရှိ စာပေရပ်ဝန်းမှ ရန်ကုန်စနေ၊ တနင်္ဂနွေစာအုပ်လမ်း၏ ၂၀၁၉ ခုနှစ် စာအုပ်ရောင်းရာသီကို အောက်တိုဘာလမှစ၍ ဒီဇင်ဘာလအထိ စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရောင်းချခဲ့ရာ ယနေ့ပြီးဆုံးပြီဖြစ်၍ ယနေ့မှ မိုးရာသီအထိ ခေတ္တရပ်နားမည်ဖြစ်သည်။

**စာအုပ်ရောင်းရာသီ**

ယခုနှစ် ရန်ကုန်စာအုပ်လမ်း၏ စာအုပ်ရောင်းရာသီတွင် အောက်တိုဘာလ၌ စာအုပ်ဆိုင်ခန်းပေါင်း ၇၈ ဆိုင်၊ နိုဝင်ဘာလတွင် စာအုပ်ဆိုင်ခန်း ၆၄ ဆိုင်၊ ဒီဇင်ဘာလတွင် ၄၆ ဆိုင် လာရောက်ရောင်းချခဲ့ကြောင်း စာအုပ်လမ်း ကော်မတီမှ သိရသည်။

ယနေ့တွင် ဆရာကြီးမော်ဝန်းကြည်မြတ်၏ "စာပေစကား နေ့တိုင်းကြားလော့"ဟောပြောပွဲနှင့် ပန်းချီဆရာကိုကောင်းစံ၊ ကာတွန်းရွှေမင်းသား၊ ကဗျာဆရာကိုရဲအောင်နှင့် စာပေပညာရှင်တို့က ဂီတဖျော်ဖြေကြပြီး စာပေပဟေဠိကဏ္ဍတွင် ကြယ်စင်စာပေက စာအုပ်များကို လက်ဆောင်ပေးအပ်သည်။

**ပြန်လည်ဖွင့်လှစ်မည်**

ရန်ကုန်စနေ၊ တနင်္ဂနွေစာအုပ်လမ်းကို ပြန်ကြားရေးဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ ကူညီမှုဖြင့် စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ၂၀၁၇ ခုနှစ်မှစ၍ ပွင့်လင်းရာသီများတွင် ဖွင့်လှစ်ရောင်းချလျက်ရှိပြီး မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက ဦးစီးကျင်းပသည့် စာပေဟောပြောပွဲ၊ ရေးသူဖတ်သူဆွေးနွေးပွဲ၊ စာပေမိတ်ဆက်ပွဲနှင့် စာပေပဟေဠိ စာအုပ်လက်ဆောင်ပေးခြင်းအစီအစဉ်များကို ပုံမှန်ကျင်းပခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ပွင့်လင်းရာသီဖြစ်သည့် အောက်တိုဘာလတွင်စ၍ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံမသန်စွမ်းသူများအနုပညာပွဲတော် တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့(မီလီ)ကဦးဆောင်၍ စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံမသန်စွမ်းသူများအနုပညာပွဲတော်ကို ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည်။



ရှေးဦးစွာ စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံမသန်စွမ်းသူများအနုပညာပွဲတော်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံသံအမတ်ကြီး၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့(မီလီ)၏ အမှုဆောင်ဒါရိုက်တာ ဦးနေလင်းစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြန်မာနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ မသန်စွမ်းအနုပညာရှင်များ၊ ပွဲတော်ကျင်းပနိုင်ရေးအတွက် ပံ့ပိုးပေးကြသည့် အလှူရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

### အဆင့်ဆင့်ကြိုးစား

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အနုပညာပွဲတော်များထဲတွင် မသန်စွမ်းအနုပညာပွဲတော်ဖြစ်သည့်အတွက် ထူးခြားပါကြောင်း၊ မသန်စွမ်းအနုပညာပွဲတော်သည် (၄)ကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်ဟု သိရှိရပါကြောင်း၊ ထို့အပြင် ၂၀၁၄ ခုနှစ်တွင် အာဆီယံမသန်စွမ်းသူများအနုပညာပွဲတော်ကို မြန်မာနိုင်ငံက အိမ်ရှင်အနေဖြင့် ကျင်းပခဲ့ရာ မသန်စွမ်းသူများအတွက် အနုပညာစွမ်းရည်များပြသရန် လမ်းပွင့်ခဲ့ပါကြောင်း၊ အနုပညာနှင့်ပတ်သက်၍ ခံစားမှုနှင့် ဖန်တီးမှုများအတွက် စွမ်းရည်လိုပါကြောင်း၊ ထိုမသန်စွမ်းအနုပညာရှင်များသည် မိမိတို့၏မသန်သော်လည်းစွမ်းနိုင်မှုကို အနုပညာဖြင့် ပြသနေခြင်းဖြစ်ပါကြောင်း၊ မသန်စွမ်းများအတွက် မိမိတို့၏စွမ်းရည်များကိုပြသရန် အဟန့်အတား၊ အတားအဆီးများပယ်ပျောက်ပြီး လက်လှမ်းမီရန် လိုအပ်ပါကြောင်း၊ လက်လှမ်းမီစေရေး ပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းများနှင့်ပတ်သက်၍ ပြောမှားဆိုမှား၊ အယူအဆမှား၊ ခံယူချက်အမှားအားလုံးကိုပြုပြင်နိုင်ရန် ဆောင်ရွက်နေသည့်ကာလလည်းဖြစ်ကြောင်း၊ အစိုးရအနေဖြင့် မသန်စွမ်းသူများ၏ လူ့အခွင့်အရေးများဖော်ဆောင်ရန် အဆင့်ဆင့်ကြိုးစားဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုသလမဂ္ဂကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးထားပြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဒုတိယသမ္မတ ဦးဆောင်၍ဖွဲ့စည်းထားပြီး လက်တွေ့ဖော်ဆောင်ရန် လုပ်ငန်းကော်မတီဖွဲ့စည်း၍ မသန်စွမ်းများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ မသန်စွမ်းအမျိုးသမီးများနှင့် ကလေးသူငယ်များ၏ကိစ္စများ၊ မသန်စွမ်းများနှင့်ပတ်သက်သော သုတေသနလုပ်ငန်းများ၊ ဘေးဒုက္ခများကြားတွင် မသန်စွမ်းများအား အလေးထားရေးကိစ္စ၊ အဓိကအားဖြင့် မသန်စွမ်းများ တရားမျှတမှုရရှိရေးစသည်ဖြင့် ကဏ္ဍအသီးသီးကို ပြည့်စုံစွာဆောင်ရွက်ပေးနိုင်ရန် ဆပ်ကော်မတီ ကိုးခုကို ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြောင်း။

### အကြံပြုထား

အစိုးရအနေဖြင့် မသန်စွမ်းသူများကို စွမ်းနိုင်သမျှစွမ်းအောင် ဆောင်ရွက်ပေးသကဲ့သို့ မသန်စွမ်းသူများကိုယ်တိုင်က ကြိုးစားအားထုတ်မှုများကို ပြသနေသည့်အတွက် အားတက်စရာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအဖွဲ့ချုပ်က အမျိုးသားကော်မတီတွင်ပါဝင်သကဲ့သို့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မသန်စွမ်းများကိုယ်တိုင်ပါဝင်သည့် အဖွဲ့အစည်းများကို ဖွဲ့စည်းလျက်ရှိပါကြောင်း၊ အဆိုပါအဖွဲ့များနှင့် အစိုးရကဖွဲ့စည်းထားသော ကော်မတီများပူးပေါင်းပြီး မသန်စွမ်းများအား စွမ်းနိုင်သမျှစွမ်းအောင် ပူးပေါင်းကူညီဆောင်ရွက်နိုင်မည်ဟု ပြောကြားလိုပါကြောင်း၊ မသန်စွမ်းများနှင့်ပတ်သက်၍ ကုလသမဂ္ဂကအကြံပြုထားသော အရေးကြီးသည့်အချက်တစ်ချက်ရှိပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများကို ဖော်ဆောင်ပေးရာတွင် စောင့်ကြပ်ကြည့်ရှုခြင်း၊ အကြံပေးခြင်း၊ အကဲဖြတ်ခြင်းများကို ဆောင်ရွက်ပေးနိုင်ရန် Independent Monitoring အဖွဲ့ကို ဖွဲ့စည်းသွားရန် အကြံပြုထားပါကြောင်း၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်တွင် ပါဝင်သော ပုဂ္ဂိုလ်များ၊ မသန်စွမ်းအဖွဲ့အစည်းများမှ ထက်မြက်သောလွတ်လပ်သည့်ပုဂ္ဂိုလ်များ ပူးပေါင်းပါဝင်၍ မကြာခင်ဖွဲ့စည်းသွားရန်ရှိပါကြောင်း။

ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် မသန်စွမ်းများအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ ပိုမိုပီပြင်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ပြည်သူလူထု၏အင်အားလိုအပ်ပါကြောင်း၊ ပြည်သူများထဲတွင် မသန်စွမ်းများ၏အင်အားကို ချန်လှပ်ထား၍မရပါကြောင်း၊ မသန်စွမ်းများ၏အင်အားသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းမှုကိုဆောင်ရွက်ရာတွင် ကြီးမားသောအင်အားတစ်ခုဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ မသန်စွမ်းများဆက်လက်ပူးပေါင်းဆောင်ရွက်ပေးရန် တိုက်တွန်းပါကြောင်းနှင့် ယနေ့ကျင်းပသည့် ပွဲတော်သည် မသန်စွမ်းသူများ၏ အနုပညာခံစားမှုနှင့် ဖန်တီးမှုစွမ်းရည်များကို ဖော်ထုတ်သည့်ပွဲဖြစ်ပြီး ကူညီဆောင်ရွက်ပေးသော အနုပညာရှင်ကြီးများ၊ မသန်စွမ်းအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံမသန်စွမ်းအနုပညာရှင်များ၊ ဖင်လန်နိုင်ငံသံရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ပွဲတော်၏ သံတမန်အဆိုတော် ဦးဇော်ဝင်းထွဋ်နှင့် ပွဲတော်ကိုပံ့ပိုးကူညီပေးကြသည့်အလှူရှင်များကိုယ်စား ဖင်လန်နိုင်ငံသံအမတ်ကြီး မစ္စရီကာလက်တူးတို့က ဂုဏ်ပြုစကားပြောကြားကြပြီး မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့(မီလီ)၏ အမှုဆောင်ဒါရိုက်တာ ဦးနေလင်းစိုးက ပွဲတော်ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မီလီအဖွဲ့က Wheel Chair အက၊ Redeafination စင်ကာပူ နားမကြားအကအဖွဲ့၏ အက၊ BMG Philippine Wheel Chair Para Dance အဖွဲ့၏ sport အကတို့ဖြင့် ဖျော်ဖြေခဲ့ကြပြီး မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက အနုပညာရှင်များကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပွဲတော်အတွင်း ပြသထားသော ပြခန်းများ၊ မသန်စွမ်းအဖွဲ့အစည်းများ၏ ထုတ်ကုန်နှင့် အရောင်းဆိုင်ခန်းများကိုလှည့်လည်ကြည့်ရှု အားပေးသည်။

**သတင်းစဉ်**

# မြန်မာ့ခရီးသွားရုပ်ရှင်ရင်းနှီးမြှုပ်နှံမှုမိတ်ဆက်ပွဲ တရုတ်နိုင်ငံ၌ ကျင်းပ



**ပေကျင်း ဒီဇင်ဘာ ၂၉**

“မြန်မာ့ခရီးသွားရုပ်ရှင် ရင်းနှီးမြှုပ်နှံမှုမိတ်ဆက်ပွဲ” အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ မြန်မာသံရုံး၌ ကျင်းပခဲ့သည်။

### တက်ရောက်

အဆိုပါ အခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာသံရုံး၏ ပံ့ပိုးကူညီမှု၊ မြန်မာ-တရုတ် ယဉ်ကျေးမှုနှင့် ခရီးသွားမြှင့်တင်ရေးအသင်း၏ ဦးဆောင်မှုနှင့် Exploring Myanmar Culture & Tourism Organization ကကျင်းပခြင်းဖြစ်သည်။ အခမ်းအနားသို့ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေနှင့် မြန်မာသံရုံးမှ ဝန်ထမ်းများ၊ တရုတ်နိုင်ငံယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် တရုတ် – အာဆီယံစင်တာ(ACC)တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်းရှင်များ၊ တရုတ်နိုင်ငံမှ ရုပ်ရှင်နှင့် မီဒီယာလုပ်ငန်းရှင်များ၊ ဧည့်ပရိသတ်များနှင့် မီဒီယာများတက်ရောက်ကြသည်။

### ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာ – တရုတ် ယဉ်ကျေးမှုနှင့် ခရီးသွားမြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ Mr.Liu Wei က “မြန်မာခရီးသွားအရင်းအမြစ်မိတ်ဆက်ပွဲ”၊ “မြန်မာ့အလှရိုက်ကူးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် လက်တွေ့ဆောင်ရွက်ရေးလမ်းညွှန်”နှင့် “မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ရင်းနှီးမြှုပ်နှံနိုင်သော စီမံကိန်း” ခေါင်းစဉ်များဖြင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ရိုက်ကူးထားသည့် Documentary ကို မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ပြသခဲ့ပြီး ကံစမ်းမဲဖောက်ကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ကျော်စွာ(FDC)**

# ၂၀၁၉ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး လူငယ်တွေ့ဆုံဆွေးနွေးပွဲ ရွှေဘို၌ ပြုလုပ်

**ရွှေဘို ဒီဇင်ဘာ ၂၉**

၂၀၁၉ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး လူငယ်တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ရွှေဘိုမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

### ပေးအပ်ခဲ့

ဆက်လက်၍ တိုင်းဒေသကြီး လူငယ်ရေးရာအတွင်းရေးမှူး ကိုဝေမိုးနိုင်က တွေ့ဆုံပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တွေ့ဆုံပွဲဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးသော ရုပ်ပျိုတိုင်းရင်းဆေး၊ ကေတီလုပ်ငန်းစုတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အားကစားပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်မျိုးလွင်က "လူငယ်နှင့် ဒီမိုကရေစီ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးဇော်ရဲနောင် (ရွှေတောင်ညိုကြီး သဘာဝမွေးမြူရေးလုပ်ငန်း) က"လူငယ်နှင့် စီးပွားရေး စွန့်ဦးတီထွင်မှု" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါ်လှလှဝင်း (360 ed ပညာရေးဝန်ဆောင်မှု) က "လူငယ်နှင့် ပညာရေးဆန်းသစ်တီထွင်မှု” ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောဆွေးနွေးခဲ့ရာ တိုင်းဒေသကြီး လူငယ်ရေးရာအဖွဲ့ဝင်များနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ စုစုပေါင်းအင်အား ၂၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**



(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဂုဏ်ပြုဆောင်းပါး

# ထိန်းသိမ်းရမည့် မြန်မာ့လွတ်လပ်ရေး

မောင်စိန်လွင် (မင်းကင်း)

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် (၇၂) နှစ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့ ဖြစ်၏။ ပြည်ထောင်စု မြန်မာနိုင်ငံသားအားလုံးသည် နှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းဖြင့် နေထိုင်လာခဲ့ကြ သည်။ အမိမြန်မာနိုင်ငံတော်ကို လွတ်လပ်သော အချုပ် အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

**မျက်စိကျစရာ**

မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကြောင်း ပြန်ပြောင်း ကြည့်မည်ဆိုလျှင် ပထမမြန်မာနိုင်ငံတော် တည်ထောင် ခဲ့သော အနော်ရထာမင်းတရားကြီး လက်ထက်တွင် မြန်မာတို့သည် ဘုန်းမီးနေလထွန်းတောက်ခဲ့သည်။ မြန်မာ့ယဉ်ကျေးမှု စာပေ၊ အနုပညာ၊ သာသနာတို့၏ အစဖြစ်ပေသည်။ ပုဂံခေတ်ဖြစ်၏။ ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်မင်းတရားကြီး၏ လက်ထက်တွင်လည်း ဒုတိယမြန်မာနိုင်ငံတော်ကြီးအဖြစ် အင်အားတောင့်တင်း လာခဲ့သည်။ အလောင်းမင်းတရားကြီး လက်ထက်တွင် တတိယမြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာတစ်လွှား ဂုဏ်သတင်းကျော်ကြားလာခဲ့၏။ သယံဇာတပေါကြွယ်ဝ သည့် မြန်မာနိုင်ငံသည် နယ်ချဲ့တို့၏ မျက်စိကျစရာ ဖြစ်လာခဲ့လေသည်။

မြန်မာနိုင်ငံကို ကိုလိုနီနယ်ချဲ့တို့က ၁၈၂၄ ခုနှစ် (ဘကြီးတော်မင်းတရားလက်ထက်)တွင် တစ်ကြိမ်၊ ၁၈၅၂ ခုနှစ် (ပုဂံမင်းလက်ထက်)တွင် တစ်ကြိမ်၊ ၁၈၈၅ ခုနှစ် (သီပေါမင်းလက်ထက်)တွင် တတိယအကြိမ် စုစုပေါင်း သုံးကြိမ်တိုင်တိုင် ကျူးကျော်စစ်ပြုလုပ်ကာ သိမ်းပိုက် ခဲ့သည်။ မြန်မာတိုင်းရင်းသားအားလုံး ပြည်ထောင်စု စိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ တော်လှန်တိုက်ခိုက် ခဲ့ကြသည်။ လွတ်လပ်ရေး ပြန်လည်ရယူနိုင်ရန်အတွက် တိုင်းရင်းသားမျိုးချစ်ခေါင်းဆောင်များ၏ အသက် သွေးချွေးတို့ဖြင့် စတေးပြီး တိုက်ပွဲဝင်ခဲ့ကြသည်။ မြန်မာ တို့သည် ရေမြေသယံဇာတပိုင်ဆိုင်ခွင့် ဆုံးရှုံးခဲ့ရသော် လည်း စိတ်ဓာတ်အရှုံးမခံကြ။ အင်္ဂလိပ်နယ်ချဲ့တို့မှာ မြန်မာ့ရေမြေကို သိမ်းပိုက်နိုင်ပြီး မြန်မာတို့၏ သခင် စိတ်ဓာတ်ကို မသိမ်းပိုက်နိုင်ခဲ့ပေ။

**ဇာတိမာန်တက်ကြွ**

ရတနာပုံနေပြည်တော် ကျဆုံးပြီးချိန်မှစ၍ နေရာ အနှံ့ တော်လှန်ရေးစစ်ပွဲများ ဆင်နွှဲလာခဲ့ကြသည်။ တော်လှန်ရေးစစ်ပွဲများ ဆင်နွှဲရာတွင် ကချင်ပြည်နယ်မှ ဖုံကန်ဒူးဝါးနှင့် ဗိုလ်ဖိုးစော၊ ချင်းပြည်နယ်မှ ကြွမ်ဘိစ်နှင့် ရွှေဂျိုးဖြူမင်းသား၊ ကယားပြည်နယ်မှ စောလဖော်၊ ရှမ်းပြည်နယ်မှ လင်းပင်မင်းသားနှင့် ရှမ်းစော်ဘွားများ၊ တောင်တွင်းကြီးနယ်မှ ဗိုလ်ချုပ်အောင်ဆန်း၏အဘိုး ဗိုလ်မင်းရောင်၊ ပုဂံနယ်မှ ဗိုလ်ချို၊ ပုပ္ပားနယ်မှ ဗိုလ်နက်ကျော်စသော မျိုးချစ်တိုင်းရင်းသားခေါင်းဆောင် များ ဦးဆောင်ပါဝင် ဆင်နွှဲလာခဲ့ကြသည်။ လွတ်လပ်ရေး ကြိုးပမ်းမှုတွင် လူပုဂ္ဂိုလ်များသာမက ရဟန်းသံဃာတော် များလည်း ပါဝင်ဆင်နွှဲလာခဲ့ကြ၏။ ဆရာတော် ဦးဥတ္တမ ၏ "ကရက်ဒေါက် ထွက်သွား"ဟူသော မိန့်ဆိုချက်မှာ ရဲရဲတောက်သတ္တိကို ပြခဲ့သည်။ ဆရာတော် ဦးဝိစာရ သည်လည်း ရက်ပေါင်း ၁၆၆ ရက် အစာငတ်ခံဆန္ဒပြရင်း ပျံလွန်တော်မူခဲ့သည်။ ဆရာတော်အမွေပေးခဲ့သော "လိမ္မာရစ်ကြပါ" ဟူသည့် မိန့်မှာချက်ကလည်း မြန်မာတို့ အသည်းနှလုံးတွင် ရင်နင့်ကြေကွဲစွာ ဇာတိမာန်တက်ကြွ စေခဲ့သည်။

၁၉၂၀ ပြည့်နှစ်တွင် အမျိုးသားစိတ်ဓာတ်ကိုအခြေခံ၍ ကျွန်ပညာရေးစနစ်ကိုတော်လှန်သော ပထမကျောင်းသား သပိတ် ပေါ်ပေါက်ခဲ့၏။ ၁၉၃၀ ပြည့်နှစ်တွင် ဆရာစံ ဦးဆောင်သော တောင်သူလယ်သမားအရေးတော်ပုံနှင့် ၁၃၀၀ ပြည့်နှစ်တွင် သခင်ဖိုးလှကြီးခေါင်းဆောင်သော ရေနံမြေသပိတ်တို့သည် နယ်ချဲ့တို့ကို ချောက်ချားစေသော တော်လှန်မှုများ ဖြစ်ခဲ့သည်။ လွတ်လပ်ရေးတိုက်ပွဲဝင် တို့၏ လက်သုံးစကားသည် မှတ်သားစရာဖြစ်၏။ "လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ" ဖြစ်သည်။




**သမိုင်းမှတ်တိုင်တစ်ခု**

လွတ်လပ်ရေးဆိုသော ပန်းတိုင်သို့ရောက်ရှိရန်မှာ နှလုံးရည်အားသက်သက်ဖြင့်မရဘဲ လက်ရုံးရည်အားပါ တည်ဆောက်ရမည်ကို သတိမူမိလာ၏။ ဤအချက်ကြောင့် သခင်အောင်ဆန်းဦးဆောင်ပြီး မျိုးချစ်စိတ်ရှိသောလူငယ် သုံးကျိပ်တို့က ဂျပန်ပြည် ဟိုင်နန်ကျွန်းသို့ စစ်ပညာများ သွားရောက်သင်ယူ၍ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ကို ဖွဲ့စည်းခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ဖွဲ့စည်း ခဲ့သော ဘီအိုင်အေသည် တပ်မတော်၏ အစဖြစ်၏။ ရဲဘော် သုံးကျိပ်သည် ဂျပန်တို့၏ စစ်ရေးအကူအညီကိုရယူကာ နယ်ချဲ့အင်္ဂလိပ်တို့ကို တိုက်စစ်ဆင် တိုက်ထုတ်နိုင်ခဲ့သည်။ သို့သော် တရားဝင်လွတ်လပ်ရေး မရခဲ့။ ရွှေရည်စိမ် လွတ်လပ်ရေးကိုသာ ရခဲ့သည်။ နောက်ဝင်လာသော ဖက်ဆစ်က နယ်ချဲ့အင်္ဂလိပ်ထက် ပိုဆိုးနေသည်။ ဖက်ဆစ် ဘီလူးတို့၏ ယုတ်မာရက်စက်မှုများကို မြန်မာတို့ ရင်ဆိုင် ကြရပြန်၏။ ထိုအခါ (ဖ.ဆ.ပ.လ) အဖွဲ့ကြီးပေါ်ပေါက်လာပြီး ဖက်ဆစ်ဂျပန်တို့ကို တွန်းလှန်မောင်းထုတ်ခဲ့ကြရတော့ သည်။ ဖက်ဆစ်တို့ ပြေးပြန်သော်လည်း နယ်ချဲ့အင်္ဂလိပ် တို့က တစ်ကျော့ပြန် ဝင်လာကြပြန်၏။ မြန်မာတိုင်းရင်းသား တို့ကား နားနေချိန်ပင်မရ ဆက်လက်တိုက်ပွဲဝင် တော်လှန် ကြရပြန်သည်။ နယ်ချဲ့တို့သည် တောင်တန်းဒေသနှင့် ပြည်မကို သွေးခွဲသပ်လျှိုကြ၏။ သို့သော် ဗိုလ်ချုပ် အောင်ဆန်းခေါင်းဆောင်သော တိုင်းရင်းသားခေါင်းဆောင် များက ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးကို အတူ ရယူလိုကြောင်း ရှမ်းပြည်နယ် ပင်လုံမြို့လေးတွင် စည်းလုံး ညီညွတ်စွာ ပင်လုံစာချုပ်ချုပ်ဆိုခဲ့ကြသည်။ ပင်လုံစာချုပ်သည် မြန်မာ့လွတ်လပ်ရေး၏ သမိုင်းမှတ်တိုင်တစ်ခုပေတည်း။

ထို့ကြောင့် မြန်မာတို့သည် လွတ်လပ်ရေးအောင်ပန်းကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် ရရှိခဲ့သည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော် အလံ တလူလူလွင့်ထူနိုင်ခဲ့ကြပြီ။ မြန်မာတို့သည် တစ်ပါးကျွန်အဖြစ်သို့ ရောက်ခဲ့ဖူးပြီ။ နယ်ချဲ့အင်္ဂလိပ်တို့၏ ဖိနှိပ်မှု၊ ဖက်ဆစ်တို့၏ ရက်စက်ကြမ်းကြုတ်မှုများကို ခါးသီးစွာ ခံစားခဲ့ရဖူးပြီ။ မလွတ်လပ်သောဘဝကို ရောက်ခဲ့ဖူးမှ လွတ်လပ်ခြင်းအရသာကို ကောင်းစွာ သဘောပေါက်ကြမည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ခိုင်မာသောသန္နိဋ္ဌာန်ဖြင့် လွတ်လပ်ရေးကို ထိန်းသိမ်း စောင့်ရှောက်လာခဲ့ကြသည်မှာ ယနေ့ဆိုလျှင် (၇၂)နှစ် တိုင်ခဲ့ပြီ။

မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးအခြေအနေ ကို တင်ပြရလျှင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသော် လည်း ပြည်တွင်းငြိမ်းချမ်းရေးနှင့် အလှမ်းဝေးခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော်ခဲ့ပြီ။ မြန်မာ့နိုင်ငံရေးသမိုင်း ကြောင်းတွင် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ခေတ်အဆက်ဆက် ကြိုးစားခဲ့ရာ ပြီးပြည့်စုံသည့်အောင် မြင်မှုမျိုး ယနေ့တိုင် မရရှိခဲ့သေးပေ။ နှစ်ပေါင်းများစွာ အဖြေရှာရခက်ခဲနေသော ငြိမ်းချမ်းရေးပြဿနာကို ပြေလည်မှုရရှိရန် ပြည်သူ တင်မြှောက်သောအစိုးရက တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသည်။ ငြိမ်းချမ်းရေး အတွက် ပထမဆုံးလိုအပ်ချက်မှာ အပစ်အခတ်ရပ်စဲရေး ပင်ဖြစ်သည်။ ယနေ့ဆိုလျှင် အပစ်အခတ်ရပ်စဲရေးကို အတိုင်းအတာတစ်ခုသာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ငြိမ်းချမ်းရေးညီလာခံကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ပြီး သုံးကြိမ်ကျင်းပကာ ပြည်ထောင်စုအခြေခံမူ အချို့သဘောတူချမှတ်နိုင်ခဲ့ သည်မှာ အားလုံးအသိပင်ဖြစ်သည်။

ယခုအချိန်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်း ၁၀ ဖွဲ့ နှင့်လည်း NCA လက်မှတ်ရေးထိုးနိုင်ခဲ့ ပြီဖြစ်သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း များအားလုံး NCA အောက်တွင် ငြိမ်းချမ်းရေးခရီးကို အတူလျှောက်လှမ်းပြီး ဒေသအကျိုးစီးပွားရေးကိုဖော် ဆောင်ကာ အားလုံး မျှော်လင့်ထားသည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်မည် ဖြစ်ပါ သည်။ မြန်မာနိုင်ငံ၏ဒေသအချို့မှလွဲ၍ ကျန်ပြည်ထောင်စု ဒေသများတွင် လတ်တလော ငြိမ်းချမ်းရေးရနေပါပြီ။ ပြည်တွင်း ငြိမ်းချမ်းရေး အပြည့်အဝရရှိမှသာ မြန်မာနိုင်ငံ အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား လုပ်သား ပြည်သူအားလုံး စိတ်အေးချမ်းသာစွာ နေထိုင်နိုင်မည်ဖြစ် သည်။ ထို့ကြောင့် မြန်မာနိုင်ငံလွတ်လပ်ရေးရအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သလို ပြည်တွင်းငြိမ်းချမ်းရေးရရှိ အောင်လည်း သမိုင်းပေးတာဝန်အဖြစ်ခံယူပြီး ဝိုင်းဝန်း ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရေးသား လိုက်ပါသည်။ ။

မြန်မာတို့သည် လွတ်လပ်ရေးအောင်ပန်းကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် ရရှိခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံ တလူလူ လွင့်ထူနိုင်ခဲ့ကြပြီ။ မြန်မာတို့သည် တစ်ပါးကျွန်အဖြစ်သို့ ရောက်ခဲ့ဖူးပြီ။ နယ်ချဲ့အင်္ဂလိပ် တို့၏ ဖိနှိပ်မှု၊ ဖက်ဆစ်တို့၏ ရက်စက်ကြမ်းကြုတ်မှုများကို ခါးသီးစွာ ခံစားခဲ့ရဖူးပြီ။ မလွတ်လပ်သောဘဝကိုရောက်ခဲ့ဖူးမှလွတ်လပ်ခြင်းအရသာကိုကောင်းစွာသဘောပေါက် ကြမည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ခိုင်မာသောသန္နိဋ္ဌာန်ဖြင့် လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသည်မှာ ယနေ့ဆိုလျှင် (၇၂)နှစ်တိုင်ခဲ့ပြီ

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် စုံစင် - ဂုံညှင်းဆိပ် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်နှင့် ပိတပ် - မြဒေါင်တံတား ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်ရှိ စုံစင် – ဂုံညှင်းဆိပ် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်းအပိုင်းရှိ မဂ်လာမဏ္ဍပ်၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် စုံစင် – ဂုံညှင်းဆိပ် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်အား ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းတံတားများ အပါအဝင် အခြေခံအဆောက်အအုံ ပြည့်စုံအောင် တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့သည် အဓိက လိုအပ်ချက်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံး ကျေးလက်ဒေသပါမကျန် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိရာ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာများ၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံအတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရန် နှစ်စဉ်ရည်မှန်းချက်ထားရှိပြီး အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်း



များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လမ်းများ တည်ဆောက်ရာတွင် စံချိန်စံညွှန်း အရည်အသွေးပြည့်မီသော လမ်း၊ တံတားများ တည်ဆောက်ရေးနှင့် ကျေးရွာများ အားလုံး ရာသီမရွေးဆက်သွယ်သွားလာနိုင်ရန် ရည်မှန်းချက်ထားရှိပြီး ကျေးလက်လမ်းများဖွံ့ဖြိုးရေး မဟာဗျူဟာ စီမံချက်နှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (၂၀၁၇ – ၂၀၃၀)ကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း။

**ဆင်းရဲနွမ်းပါးမှုလျှော့ချ**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်၊ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်နှင့် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်များအတွင်း မြေလမ်း ၃၄၄ မိုင်၊ ကျောက်လမ်း ၁၄၅/၁ မိုင်၊ ကတ္တရာလမ်း ၂၆/၂ မိုင်၊ ကွန်ကရစ်လမ်း ၂၃၂/၇ မိုင် စုစုပေါင်း ၇၈၄/၂ မိုင်နှင့် တံတား/ Box Culvert ၃၈၄ စင်းကို ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယခုလို ကုန်ကျစရိတ်နှင့် လျော်ညီစွာ အရည်အသွေးကောင်းမွန်သည့် ကျေးလက်လမ်း၊ တံတားများ ဒေသအသီးသီးတွင် ပေါ်ထွန်းလာကာ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝမြင့်မားလာပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် ကြီးမားသော အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် စုံစင် – ဂုံညှင်းဆိပ် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

**တိုက်ရိုက်အကျိုးပြုမည်**

စုံစင် – ဂုံညှင်းဆိပ် ကွန်ကရစ်လမ်းသည် အရှည် ၈ မိုင် ၃ ဖာလုံရှိပြီး ယခင်က ၁၄ ပေအကျယ် မြေသားလမ်း အမျိုးအစားအဆင့်မှ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အကျယ်ပေ ၃၀ ၊ မြေသားလမ်းချဲ့ပြီး ၁၂ ပေအကျယ် ကွန်ကရစ်လမ်းအဆင့် တည်ဆောက်ခဲ့ရာ ကျေးရွာ ကိုးရွာ၊ အိမ်ခြေ ၁၅၂၀၊ လူဦးရေ ၁၂၆၀၀ ကို တိုက်ရိုက်အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် လက္ကျူး – မြဒေါင် – တို လမ်းပေါ်ရှိ ပိတပ်–မြဒေါင်တံတား ဖွင့်ပွဲအခမ်းအနားကို အဆိုပါတံတားအနီးရှိ မဂ်လာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်တို့က အမှာစကားပြောကြားကြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပိတပ် – မြဒေါင် တံတားကို တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်တို့က တံတားကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

**သတင်းစဉ်**

# သံတွဲခရိုင်အသင်း(ရန်ကုန်) စိန်ရတုအထိမ်းအမှတ် နှစ်ပတ်လည်မိတ်ဆုံစားပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ရန်ကုန်ရောက် သံတွဲ၊ တောင်ကုတ်၊ ဂွ နယ်သူ နယ်သားများဖြင့် စုပေါင်းဖွဲ့စည်းထားသည့် သံတွဲခရိုင်အသင်း(ရန်ကုန်)၏ စိန်ရတုအထိမ်းအမှတ် နှစ်ပတ်လည် မိတ်ဆုံစားပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဦးဥတ္တမ ပန်းခြံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**စတုဒိသာကျွေးမွေး**

သံတွဲခရိုင်အသင်း(ရန်ကုန်)၏ စိန်ရတုအထိမ်းအမှတ် နှစ်ပတ်လည်မိတ်ဆုံစားပွဲ၌ တက်ရောက်လာကြသူများကို ရခိုင်ရိုးရာ မုန့်တီ၊ ထမင်း၊ ဟင်း၊ ကော်ဖီနှင့် ကိတ်မုန့်တို့ကို စတုဒိသာအဖြစ် ကျွေးမွေးဧည့်ခံကြသည်။

ထို့ပြင် သံတွဲခရိုင်သား စာရေးဆရာများ၏ စာအုပ်များ၊ သံတွဲဒေသမှ ဒေသခံများကိုယ်တိုင် လာရောက်ရောင်းချသည့် ဒေသထွက် ရိုးရာအစားအစာများနှင့် ဒေသထွက် ခြံထွက်သီးနှံများရောင်းချသည့် ဈေးဆိုင်များတွင်လည်း ဝယ်ယူကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။



သံတွဲခရိုင်အသင်း(ရန်ကုန်) စိန်ရတုအထိမ်းအမှတ် နှစ်ပတ်လည်မိတ်ဆုံစားပွဲတွင် ဒေသထွက် ရိုးရာအစားအစာများ ရောင်းချသည့်ဆိုင်များ၌ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

နှစ်ပတ်လည်မိတ်ဆုံစားပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ သံတွဲခရိုင်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးမြမောင်က "သံတွဲခရိုင်အသင်းက ဒီနှစ်ဆိုရင် ၇၅ နှစ်ပြည့် စိန်ရတုသဘင် အခမ်းအနားကို ရောက်ခဲ့ပါပြီ။ သံတွဲခရိုင်အသင်းဟာ ၁၉၄၅ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ရန်ကုန်ရောက် တောင်ကုတ်၊ သံတွဲ၊ ဂွ နယ်သူနယ်သားများရဲ့ သာရေး၊ နာရေး၊ လူမှုရေးအားလုံး အကူအညီပေးနိုင်အောင်လို့ နှစ်စဉ်မိတ်ဆုံစားပွဲကို ကျင်းပတာပါ။ ဒီပွဲမှာ သံတွဲဒေသက ထွက်တဲ့ စားသောက်ကုန်နဲ့ အသီးအနှံတွေကိုလည်း ရောင်းချပေးပါတယ်။ သံတွဲခရိုင်အသင်းရဲ့ အလှူရှင်များကလည်း ထမင်း၊ ဟင်း၊ သံတွဲအစားအစာ၊ ကော်ဖီနှင့် မုန့်တွေ ကို စတုဒိသာကျွေးမွေးကြတယ်။ ဒီနေ့ဆိုရင် သံတွဲသူ သံတွဲသားတွေဟာ ဒီမှာလာပြီး ဆုံစည်းကြတဲ့ အတွက် အင်မတန်မှ စိတ်ချမ်းသာဖွယ်ကောင်းတဲ့ နေ့တစ်နေ့ ဖြစ်ပါတယ်" ဟု ပြောသည်။

သံတွဲခရိုင်အသင်း(ရန်ကုန်) ဒုတိယဥက္ကဋ္ဌ(၁) ဦးထင်ကျော်လင်းက "ဒီနေ့ပွဲကို လုပ်ရတဲ့ ရည်ရွယ်ချက်က ဒီမှာနေတဲ့ သံတွဲသူ သံတွဲသားတွေအပြင် ရခိုင်ဘက်က လာတဲ့ သူတွေကလည်း မိတ်ဆုံစားပွဲကို ဆင်နွှဲချင်ကြတဲ့ အတွက် ပြုလုပ်ရခြင်းဖြစ်တယ်။ အားလုံးကလည်း ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ညီညီညွတ်ညွတ် အေးအေးချမ်းချမ်းနဲ့ ပါဝင်ဆင်နွှဲကြတယ်။ သံတွဲကဆိုရင် ဒီပွဲကို ပါဝင်ဆင်နွှဲဖို့ ကားစင်းလုံးငှားပြီး လာကြပါတယ်" ဟု ပြောသည်။

**စည်းစည်းလုံးလုံးရှိ**

စမ်းချောင်းမြို့နယ်တွင် နေထိုင်သည့် သံတွဲသူ ဒေါ်မိုမိုအိက "ဒီနေ့ မိတ်ဆုံစားပွဲက ပျော်ဖို့ကောင်းတယ်။ မိတ်ဟောင်း၊ ဆွေဟောင်းတွေအားလုံးကို ပြန်တွေ့ရတဲ့အတွက် ပျော်စရာကောင်းတယ်။ တစ်ယောက်နဲ့တစ်ယောက် စည်းစည်းလုံးလုံးရှိတဲ့အတွက်လည်း သံတွဲဒေသအတွက် ဂုဏ်ယူမိတယ်။ ဒီနေ့ပွဲမှာ ရန်ကုန်မှာ မရနိုင်တဲ့ သံတွဲဒေသထွက် အစားအစာတွေနဲ့ ခြံထွက် ဟင်းသီးဟင်းရွက်တွေကို ရောင်းချပေးတာ တွေ့ရပါတယ်။ သံတွဲဒေသလူတွေက အစားအစာနဲ့ ပတ်သက်လာရင် ကိုယ့်ဒေသထွက်ကို တန်ဖိုးထားပါတယ်။ ချဉ်ပေါင်တောင်မှ ကိုယ့်ဒေသထွက် ချဉ်ပေါင်ကို စားချင်ကြပါတယ်" ဟု ပြောသည်။

သံတွဲခရိုင်အသင်း (ရန်ကုန်)အနေဖြင့် မိတ်ဆုံစားပွဲ၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲ စသည့် သာရေး၊ နာရေး၊ လူမှုရေး၊ ပညာရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်အတွက် ငွေပဒေသာပင် ငွေကျပ်သိန်း ၁၀၀၀ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ အလှူငွေကျပ် ၁၀၆ သိန်း ကောက်ခံရရှိခဲ့ကြောင်း သံတွဲခရိုင်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးမြမောင်က ပြောသည်။

ရန်ကုန်ရောက် သံတွဲ၊ တောင်ကုတ်၊ ဂွ နယ်သူ နယ်သားများဖြင့် စုပေါင်းဖွဲ့စည်းထားသည့် သံတွဲခရိုင်အသင်း(ရန်ကုန်)ကို အသင်းသား အသင်းသူများ တစ်ဦးနှင့်တစ်ဦး ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံနိုင်ရေး၊ အသင်းသားများ၏ သာရေး၊ နာရေး၊ လူမှုရေး၊ ပညာရေးကိစ္စများကို စုပေါင်းဖြေရှင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုထိရောက်အောင်မြင်စေရန်နှင့် သံတွဲခရိုင်အတွင်းရှိ ဒေသခံများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးတို့ တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် တတ်အားသရွေ့ ဝိုင်းဝန်းကူညီသွားရန် စသော ရည်ရွယ်ချက်ဖြင့် ၁၉၄၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အသင်း၏ နှစ်ပတ်လည် မိတ်ဆုံစားပွဲကို နှစ်တစ်နှစ်၏ ဒီဇင်ဘာလနောက်ဆုံးပတ် တနင်္ဂနွေနေ့တွင် နှစ်စဉ်ကျင်းပလျက်ရှိသည်။

**သတင်း – မင်းသစ်(MNA)**
**ဓာတ်ပုံ – ဇော်မင်းလတ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး စာသင်ကျောင်းများတွင် ဘောလုံးအားကစားနှင့် ပိုမိုထိတွေ့ကစားခွင့်ရရှိရေးအစီအစဉ် အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

စာသင်ကျောင်းများတွင် ဘောလုံးအားကစားနှင့်ပိုမိုထိတွေ့ကစားခွင့်ရရှိရေး (FIFA – Football for Schools) အစီအစဉ် အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ Novotel Yangon Max ဟိုတယ်၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

အစည်းအဝေးတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) ဥက္ကဋ္ဌ ဦးဇော်ဇော်က တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ ဘောလုံးအားကစားကို ထိတွေ့ကစားရန် အခွင့်အလမ်း ပိုမိုရရှိမည့်ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) ၏ Football for Schools အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဘောလုံးအားကစားနည်းသည် မြန်မာတစ်နိုင်ငံလုံးက စိတ်ပါဝင်စားသော၊ အထူးအားပေးသော အားကစားနည်းတစ်ရပ်ဖြစ်၍ ဝန်ကြီးဌာနအနေဖြင့် ဘောလုံးအားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စာသင်ကျောင်းများတွင် ဘောလုံးအားကစားနှင့် ပိုမိုထိတွေ့ကစားခွင့်ရရှိရေးနှင့် ဘောလုံးပြိုင်ပွဲများ ပိုမိုကျင်းပနိုင်ရေးတို့အတွက် ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့နှင့် လက်တွဲပြီး လမ်းပြမြေပုံနှင့် လုပ်ငန်းမူဘောင်များ ချမှတ်ကာ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးသင်ရိုးညွှန်းတမ်းအသစ်အရ အားကစားနှင့်ကာယပညာဘာသာရပ်ကို ကျောင်းသား ကျောင်းသူတိုင်း သင်ယူရမည်ဖြစ်ပြီး လတ်တလောအချိန်သည် အကူးအပြောင်းကာလဖြစ်၍ အတန်းတိုင်းဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း၊ Football for Schools အစီအစဉ် တစ်နိုင်ငံလုံးကျယ်ပြန့်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိန်းဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါ်ခင်မာထွေး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် Myanmar National League အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်တို့က မြန်မာနိုင်ငံဘောလုံးအားကစား ပိုမိုဖွံ့ဖြိုးရေးအတွက်ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

**သတင်းစဉ်**

# ပုသိမ်ကြီးမြို့နယ်တွင် မုန်ညင်းစိမ်းစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း



**ပုသိမ်ကြီး ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ဆည်တော်ကြီး ဆည်တော်ရေသောက်စနစ်ဖြင့် မုန်ညင်းစိမ်းများ ရာသီမရွေး စိုက်ပျိုးနိုင်ပြီး စိုက်ခင်းများအောင်မြင်ဖြစ်ထွန်း၍ တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မုန်ညင်းစိမ်းစိုက်ခင်းက ဘောင်တင်ပြီး ပက်ကြဲစနစ်နဲ့စိုက်ပျိုးတာပါ၊ မြောင်းထဲကဆည်ရေကို စက်နဲ့တင်၊ ရေပန်းနဲ့ဖျန်းပြီး စိုက်ပျိုးတာ၊ ယာခင်းထဲမှာ ရေတွင်းတူးပြီး စိုက်ပျိုးတာလည်း ရှိတယ်၊ ပျိုးထုပ်တစ်ထုပ်ကို ငွေကျပ် ၅၀၀ ပေးရတယ်၊ တစ်ဧကကို မျိုးထုပ် ၂၀၀ လောက်ကုန်တာ ၊ ခုလို အပွင့်ကလေးတွေပါတဲ့အထိ စောင့်ရင် ရက်ပေါင်း(၃၀)ကျော်(၄၀)နီးပါးအထိ စောင့်ရတယ်၊ ပုံမှန်ကတော့ အပင်သန်ရင် ရက် ၃၀၊ အပင်မသန်ရင် ရက် ၄၀ ဆိုစတင်ခူးလို့ရပြီ၊ အစည်းနဲ့ရောင်းတာရှိသလို ဘောင်ပြတ်ရောင်းတာလည်း ရှိတယ်၊ ယာခင်းတစ်ခင်းလုံး တစ်ချိန်တည်းမစိုက်ဘူး၊ တစ်ဘောင်နဲ့ တစ်ဘောင် ရက်ခြားပြီးစိုက်တယ်၊ ဒါမှ တစ်ဘောင်ရောင်းပြီးရင် နောက်တစ်ဘောင်ကပြန်တက်လာမယ်၊ စိုက်ခင်းဘောင်က အပင်ကြည့်ပြီး ဘောင်ပြတ်ရောင်းသလို၊ အစည်းသေးတစ်စည်းကို ငွေကျပ် ၅၀၊ ၇၀ နဲ့ ရောင်းချတယ်၊ ပုံမှန်အစည်းတွေဆိုရင် ငွေကျပ် ၁၂၀ ထိ ရောင်းရတယ်၊ အစည်းအကြီး၊ အသေး အရွက်လှ၊ မလှပေါ်မူတည်ပြီး ဈေးနှုန်းအနည်းငယ်ကွာခြားတယ်၊ မန္တလေးမြို့ကို ကိုယ်တိုင်သွားရောက်ရောင်းချတာရှိသလို ပွဲစားတွေက ယာခင်းထိ လာဝယ်တာလည်းရှိတယ်၊ တစ်ဧက ပုံမှန်အစည်း ၅၀၀၀ လောက်ထွက်တယ်၊ ခုချိန်က အထွက်နှုန်းကောင်းပြီး နေ့စဉ်ဝင်ငွေရနေတော့ အဆင်ပြေတယ်၊ မြေဩဇာထည့်တာတို့၊ ဆေးဖျန်းတာတို့ကတော့ လိုအပ်ချိန်မှာ ပြုလုပ်တာပါ၊ ပုသိမ်ကြီးနယ်မှာတော့ မုန်ညင်းစိမ်းကို ရွာရှည်၊ သလဲကုန်း၊ ဥယျာဉ်လေး အစရှိတဲ့ ကျေးရွာတွေမှာ အများဆုံးစိုက်ပျိုးပါတယ်၊ ဒီစိုက်ခင်းက နေ့စဉ်ဝင်ငွေရနေတော့ အဆင်ပြေကြပါတယ်" ဟု ပုသိမ်ကြီးမြို့နယ် ရွာရှည်ကျေးရွာမှ မုန်ညင်းစိမ်းစိုက်တောင်သူ ကိုနိုင်လင်းအောင်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်သည် ဆည်တော်ကြီး ဆည်ရေသောက်စနစ်ဖြင့် ဆန်စပါးကို အဓိကထားစိုက်ပျိုးပြီး ကွမ်းရွက်၊ ခရမ်းချဉ်၊ သရက်၊ သခွား၊ ပန်း၊ မုန်ညင်းစိမ်းအစရှိသော သီးနှံများစိုက်ပျိုးကာ ဆည်ရေသောက်စနစ်ဖြင့် သီးနှံများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ကျောက်မျက်ရတနာ အထူးကုန်စည်ခွန်ကို ယခုနှစ်တွင် ရတနာခွန်အဖြစ် ပြောင်းလဲကောက်ခံမည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ကျောက်မျက်ရတနာအမျိုးမျိုးသည် ယခင်အခွန်ထမ်းဆောင်နေသော အထူးကုန်စည်ခွန်မှ ပယ်ဖျက်၍ ယခုနှစ်တွင် ရတနာခွန်အဖြစ်ပြောင်းလဲကောက်ခံမည်ဖြစ်ပြီး ယခင်ထက် အခွန်ထမ်းဆောင်မှုများ အနည်းငယ်လျော့နည်းလာကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးမှသိရသည်။

"ဝင်ငွေခွန်ဥပဒေတွေ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွေ ဘယ်နှုန်းနဲ့ကောက်ခံမယ်၊ ဘယ်နှုန်းတွေကို ကင်းလွတ်ခွင့်ပေးမယ်ဆိုတာတွေကို Morther Law မှာ ပြဋ္ဌာန်းဖို့က မလွယ်ကူတဲ့အတွက် ၂၀၁၉ ခုနှစ်ကစပြီး ဒါတွေကို နှစ်စဉ်တစ်နှစ်တစ်ခါ ဥပဒေပြဋ္ဌာန်းပြီး ဆောင်ရွက်တာပါ။ ဒီနှစ်မှာ တစ်ခုထူးခြားတာက အရင်အထူးကုန်စည်ခွန်အနေနဲ့ကောက်ခံတဲ့ ကျောက်မျက်ရတနာတွေကို ဒီနှစ်မှာ ရတနာခွန်အနေနဲ့ ပြောင်းလဲကောက်ခံသွားမှာပါ "ဟု အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မင်းမင်းမှူးက ပြောသည်။

ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးမှ ယခုနှစ်အတွက် ကျောက်မျက်ရတနာများကို ရတနာခွန်အဖြစ် ပြောင်းလဲကာ ကောက်ခံမှုတွင် ဈေးကွက်တွင် ရောင်းချသည့်တန်ဖိုးပေါ်တွင် အခြေပြု၍ အခွန်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၈ – ၂၀၁၉ ခုနှစ်တွင် အထူးကုန်စည်ခွန်အဖြစ် ကျောက်စိမ်းအရိုင်းထည်များကို ၁၅ ရာခိုင်နှုန်းမှ ယခု ၁၁ ရာခိုင်နှုန်း၊ ယခင် စိန်နှင့်မြမှအပ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များကို ၁၀ ရာခိုင်နှုန်းမှ ယခု ကိုးရာခိုင်နှုန်းအဖြစ် ပြောင်းလဲပေးဆောင်ရမည်ဖြစ်သည်။ ကျန်ရှိသော စိန်နှင့်မြမှအပ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အချောထည်များစွဲကပ်ထားသည့် လက်ဝတ်ရတနာအချောထည်များကို ငါးရာခိုင်နှုန်း၊ ကျောက်မျက်ရတနာဖြင့်ပြုလုပ်သော ပစ္စည်းများကို ငါး ရာခိုင်နှုန်း အခွန်ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**



ရှမ်းပြည်နယ် မိုင်းရှူးမြို့နယ် ဟိုက်ပါကျေးရွာအနီး လှပစွာစီးဆင်းနေသည့် ဟိုက်ပါရေတံခွန်အလှကို ဒီဇင်ဘာ ၂၉ ရက်က တွေ့မြင်ရစဉ်။

အောင်ဖြိုးရှိန်

# ခရစ္စမတ်ပွဲတော်နှင့် ဒီဇင်ဘာကျောင်းပိတ်ရက်ရှည်ကာလအတွင်း ရတနာပုံတိရစ္ဆာန်ဥယျာဉ်သို့ လာရောက်လေ့လာအပန်းဖြေသူ ပိုမိုများပြားလာ



**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေးမြို့ရှိ ရတနာပုံ တိရစ္ဆာန်ဥယျာဉ်သို့ ခရစ္စမတ်ပွဲတော်နှင့် ဒီဇင်ဘာ ကျောင်းပိတ်ရက်ရှည်ကာလအတွင်း ပြည်တွင်းခရီးသွားများ မိသားစုအလိုက် လာရောက်လေ့လာအပန်းဖြေမှု ပိုမိုများပြားလာကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါတိရစ္ဆာန်ဥယျာဉ်၌ လာရောက်လေ့လာအပန်းဖြေသူများ ပျော်ရွှင်မှုရရှိစေရန် ခရစ္စမတ်အထိမ်းအမှတ် ဈေးရောင်းပွဲတော်ကို ကျင်းပလျက်ရှိရာ တိရစ္ဆာန်လေးများအား လာရောက်လေ့လာ၍ အပန်းဖြေသူများ၊ ဈေးရောင်းပွဲတော်တွင် ပါဝင်ဆင်နွှဲသူများဖြင့် စည်ကားလျက်ရှိကြောင်း ရတနာပုံ တိရစ္ဆာန်ဥယျာဉ်မှ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးစောအောင်ကြီး က ပြောသည်။

### ပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်

"ကျွန်တော်တို့ တိရစ္ဆာန်ဥယျာဉ်ကို အခုလို ပွဲတော်ကာလနဲ့ ရုံးတွေ ကျောင်းတွေ ရက်ရှည်ပိတ်တဲ့ကာလတွေမှာ လာရောက်သူတွေ ပိုမိုများပြားတဲ့ အတွက် လာရောက်လေ့လာအပန်းဖြေကြတဲ့ မိသားစုတွေ ပျော်ရွှင်မှုရရှိစေဖို့ ဈေးရောင်းပွဲတော်တွေလည်း ထည့်သွင်းကျင်းပလေ့ရှိပါတယ်။ ဒီဈေးရောင်း ပွဲတော်မှာ စားသောက်ဆိုင်တွေ၊ လူသုံးကုန်ပစ္စည်းတွေ၊ ဂိမ်းကစားနည်းတွေ၊ တိရစ္ဆာန်ကပွဲတွေ၊ မျက်လှည့်ပြပွဲတွေနဲ့ ရုပ်ပြောင်ပန်းချီရေးဆွဲတဲ့ အစီအစဉ် တွေလည်း ထည့်သွင်းထားပါတယ်။ ဒါကြောင့် တိရစ္ဆာန်လေးတွေရဲ့ သဘာဝ နေထိုင်မှုပုံစံ ဓလေ့စရိုက်တွေကို လာရောက်လေ့လာရင်း ပျော်ရွှင်စွာ အနားယူ အပန်းဖြေနိုင်ဖို့ ဖိတ်ခေါ်ပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါတိရစ္ဆာန်ဥယျာဉ်သို့ မြင်းခြံမြို့မှ မိသားစုလိုက် လာရောက် လည်ပတ်သည့် ဒေါ်နန်းဆာဆာက "ဒီဇင်ဘာ ကျောင်းပိတ်ရက်မှာ ကလေး တွေလည်း ပျော်ရွှင်မှုရဖို့နဲ့ အိမ်အလုပ်တွေနဲ့ပဲ နေ့စဉ်လုံးပန်းနေရတဲ့ ကျွန်မတို့ အိမ်ရှင်မတွေ စိတ်လက်ပေါ့ပါးစွာ အပန်းဖြေအနားယူဖို့ ရည်ရွယ်ပြီး လာခဲ့ကြ တာပါ။ ကျွန်မတို့ ကလေးငယ်တွေ တိရစ္ဆာန်လေးတွေရဲ့ သဘာဝပုံစံတွေကို မြင်တွေ့ပြီး ဗဟုသုတတွေရရှိစေဖို့နဲ့ သူတို့တွေကို ချစ်ခင်ပြီး သနားကြင်နာ တတ်တဲ့ စိတ်လေးတွေ ဖြစ်ပေါ်လာအောင် တိရစ္ဆာန်ဥယျာဉ်ကို လိုက်ပို့ပေး တာဖြစ်ပါတယ်" ဟု ပြောသည်။

ရတနာပုံတိရစ္ဆာန်ဥယျာဉ်တွင် တိရစ္ဆာန်မျိုးစိတ်ပေါင်း ၁၀၀ နှင့် တိရစ္ဆာန် မျိုးစုံကောင်ရေပေါင်း ၁၀၉၇ ကောင် ပြသထားရှိရာ အဆိုပါဥယျာဉ်သို့ ပုံမှန် နေ့များတွင် လူဦးရေ ၁၀၀၀ မှ ၁၅၀၀ ကြား လာရောက်လေ့လာမှုရှိသော်လည်း စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် ၂၀၀၀ မှ ၃၀၀၀ ကြားနှင့် အခါကြီးရက်ကြီး ပွဲတော်ကာလများ၊ ကျောင်းပိတ်ရက်နှင့် ရုံးပိတ်ရက်ရှည်ကာလများတွင် ၅၀၀၀ မှ ၁၀၀၀၀ ကြားအထိ လာရောက်လေ့လာ အပန်းဖြေမှုများရှိပြီး ဝင်ကြေးငွေမှာ လူကြီး ကျပ်၁၀၀၀ နှင့် ကလေး ကျပ် ၅၀၀ သတ်မှတ်ကောက်ခံ ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**










# နိုင်ငံ့စားနပ်ရိက္ခာထုတ်လုပ်မှုကို အဓိကစွမ်းဆောင်နိုင်မယ့် လူသားအရင်းအမြစ်ကြွယ်ပွင့်များ ထပ်မံပေါ်ထွက်

တွေ့ဆုံမေးမြန်း
မောင်စိန်လွင်၊ ဇူလိုင်မိုး

မြန်မာနိုင်ငံစိုက်ပျိုးရေးကဏ္ဍအတွက် ပညာရှင်များမွေးထုတ်ပေးနေသော ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်က နိုင်ငံအတွက် အနာဂတ်မျိုးဆက်သစ်စိုက်ပျိုးရေးပညာရှင်ကြွယ်ပွင့်များ ထပ်မံမွေးထုတ်ပေးလိုက်ပြီဖြစ်သည်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် ဒီဇင်ဘာ ၂၉ ရက်တွင် (၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ စိုက်ပျိုးရေးကဏ္ဍတွင်လိုအပ်နေသော လူသားအရင်းအမြစ်များကို ထူးချွန်စွာမွေးထုတ်ပေးလိုက်သော သက်ဆိုင်ရာတက္ကသိုလ်ကြီး၏ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူးများ)၊ နိုင်ငံတကာကူညီထောက်ပံ့အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ထူးချွန်ကျောင်းသားများ၏ ရင်တွင်းစကားသံတို့ကို မှုဝေရေးသားဖော်ပြလိုက်ပါသည်-


ဒေါက်တာနန်းဆိုင်ဟွမ်


ဒေါက်တာစိုးစိုးသိန်း


ဒေါက်တာလှသန်း


ဒေါက်တာကျော်ငွေ

**ဒေါက်တာနန်းဆိုင်ဟွမ်**
**(ပါမောက္ခချုပ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရဲ့ ဒီဇင်ဘာ ၂၉ ရက် (၂၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားမှာ စိုက်ပျိုးရေးသုတေသနအခြေပြု ပါရဂူ သုံးဦး၊ စိုက်ပျိုးရေးပါရဂူ ဘွဲ့ရခြောက်ဦး၊ မဟာသိပ္ပံ ၅၂ ဦးနဲ့ စိုက်ပျိုးရေးသိပ္ပံဘွဲ့ရ ၆၁၃ ဦး စုစုပေါင်း ပညာရှင် ၆၇၄ ဦးကို ထပ်မံမွေးထုတ်ပေးခဲ့ပါတယ်။ တက္ကသိုလ်အနေနဲ့ ယနေ့အထိ စိုက်ပျိုးရေးသုတေသနအခြေပြုပါရဂူ သုံးဦး၊ စိုက်ပျိုးရေးပါရဂူဘွဲ့ ၅၅ ဦး၊ မဟာသိပ္ပံ ၅၈၃ ဦး၊ မဟာဒဿနဘွဲ့ ရှစ်ဦး၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့ရ ၆၁ ဦး၊ စိုက်ပျိုးရေးဘွဲ့ရ ၁၂၅၁၇ ဦး စုစုပေါင်းဘွဲ့ရ ပညာရှင် ၁၃၂၂၄ ဦး ပေါ်ထွက်ခဲ့ပြီးဖြစ်ပါတယ်။ ယနေ့ထူးခြားတာကတော့ စိုက်ပျိုးရေးသုတေသနအခြေပြုပါရဂူအပြင် မဟာသိပ္ပံအနေနဲ့ ACARE လို့ခေါ်တဲ့ (Advanced Center for Agricultural Research and Education) ကလည်း ဒီနှစ်ကစပြီး မဟာသိပ္ပံဘွဲ့များ ချီးမြှင့်ခဲ့တယ်။ ထို့ပြင် သင်ကြားရေး၊ သုတေသနပြုရေး၊ တိုးချဲ့ပညာပေးရေး၊ လေ့ကျင့်ပေးရေးမှာ စိုက်ပျိုးထုတ်လုပ်တဲ့သူတွေအားလုံးကိုပေးတဲ့ လေ့ကျင့်မှုမျိုးကို ဒီကျောင်းမှာ ပေးမှာဖြစ်ပါတယ်။

**ဒေါက်တာစိုးစိုးသိန်း**
**ဒုတိယပါမောက္ခချုပ်(သင်ကြား)**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

စိုက်ပျိုးရေးတက္ကသိုလ်ရဲ့သင်ရိုးညွှန်းတမ်းတွေကို နိုင်ငံတကာပြောင်းလဲလာတဲ့နည်းတူ အသစ်တွေ့ရှိတဲ့ပညာရပ်တွေနဲ့ လိုက်လျောညီထွေဖြစ်အောင် ကျောင်းသား ကျောင်းသူတွေကို အခုပညာသင်နှစ်ကစပြီး Credit နဲ့ Internship Programs နှစ်ခုနဲ့ ပြောင်းလဲသင်ကြားလျက်ရှိပါတယ်။ ကျောင်းသား ကျောင်းသူတွေကို စာတွေ့သာမက လက်တွေ့နယ်ပယ်မှာပါ ပညာရပ်တွေစုံအောင်နဲ့ လုပ်ငန်းခွင်မှာလည်း ထိထိမိမိအသုံးချနိုင်အောင် တက္ကသိုလ်ကနေ ကြိုးပမ်းဆောင်ရွက်နေတဲ့အပြင် နိုင်ငံတကာတက္ကသိုလ်များဖြစ်တဲ့ အမေရိကန်၊ ဂျပန်၊ တရုတ်နိုင်ငံတွေက တက္ကသိုလ်တွေနဲ့ ဖလှယ်လေ့လာတဲ့အစီအစဉ်တွေပါ လုပ်ဆောင်လျက်ရှိပါတယ်။ လက်ရှိ ပြည်ပကို မဟာသိပ္ပံနဲ့ Ph.D တက်ရောက်နေတဲ့ ကျောင်းသား ကျောင်းသူ အားလုံး ၃၅ ဦးရှိပါတယ်။

**ဒေါက်တာလှသန်း**
**(လယ်ယာသီးနှံစိုက်ပျိုးရေးပညာဌာန၊ ပါမောက္ခ၊ ဌာနမှူး)**

ဒီနေ့ (၂၉) ကြိမ်မြောက်မှာ သုတေသနအခြေပြုပါရဂူဘွဲ့ရ ကျောင်းသားနှစ်ဦး၊ ရိုးရိုးပါရဂူဘွဲ့ရ တစ်ဦး၊ မဟာသိပ္ပံ ၁၀ ဦးတို့ကို မွေးထုတ်ပေးခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနက ဆန်စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ ဆီထွက်သီးနှံဒါတွေကို ဘယ်လိုစိုက်ပျိုးထုတ်လုပ်ပေးမလဲဆိုတာကို သင်ကြားပေးတဲ့ဌာနဖြစ်ပါတယ်။ လောလောဆယ် ဩစတြေးလျနိုင်ငံအစီအစဉ်တစ်ခုရဲ့ မြန်မာပြည်တောင်သူတွေဝင်ငွေတိုးရေးအတွက် စိုက်ပျိုးရေးသာမက မွေးမြူရေးလုပ်ငန်းတွေမှာလိုအပ်နေတဲ့ တိရစ္ဆာန်အစာတွေစိုက်ဖို့လည်း တင်ပြထားပါတယ်။ အဲဒီအတွက်လည်း ACIRA ပရောဂျက်ကို ဒီနှစ်ကနေ စတင်အကောင်အထည်ဖော်ဖို့ရှိပါတယ်။ ဒီကနေ့ ဘွဲ့ရမောင်မယ်တွေကို မှာချင်တာက မိမိတတ်မြောက်ထားတဲ့ပညာရပ်တွေကိုအသုံးချပြီး တောင်သူလယ်သမားတွေဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်တဲ့ဘက်ကနေ တစ်တပ်တစ်အား ပါဝင်ကူညီပေးကြပါလို့ မှာကြားလိုပါတယ်။

**Mr. Shinjiro shiomi**
**(Chief Advisor- JICA)**

ဒီရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှာ ဆရာတို့လုပ်ဆောင်နေတာက စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း ဆောင်ရွက်နေတာဖြစ်ပြီးတော့ တက္ကသိုလ်ရဲ့ စီမံခန့်ခွဲမှုနည်းပညာ၊ တက္ကသိုလ်ရဲ့ပညာရေးကဏ္ဍနဲ့ သုတေသနအစိတ်အပိုင်းတွေ ဒါတွေကို ပံ့ပိုးလုပ်ဆောင်ပေးနေပါတယ်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်က သင်ရိုးညွှန်းတမ်းတွေကို အဓိကထားပြောင်းလဲလုပ်ဆောင်နေတယ်။ ဂျပန်နိုင်ငံက ပညာရှင်တွေဖိတ်ကြားပြီး သင်တန်းတိုတွေ ပေးနေပါတယ်။ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ လူသားအရင်းအမြစ်ဖြစ်တဲ့ ထူးချွန်ကျောင်းသားတွေကို ဂျပန်နိုင်ငံကို စေလွှတ်ပေးနေတာရှိသလို ဂျပန်နိုင်ငံတက္ကသိုလ်အသီးသီးကနေ ကျွမ်းကျင်ပညာရှင်တွေ ဖိတ်ခေါ်ပြီး နည်းပညာတွေ သင်တန်းပို့ချပေးနေပါတယ်။

**ဒေါက်တာကျော်ငွေ**
**(ပါမောက္ခ၊ ဌာနမှူး) (မြေဆီလွှာနဲ့ ရေသိပ္ပံပညာဌာန)**

ကျွန်တော်တို့ဌာနက အဓိကအားဖြင့် မြေဆီလွှာနဲ့ပတ်သက်တဲ့ ဘာသာရပ်တွေ၊ အပင်အာဟာရနှင့်ပတ်သက်တဲ့ ဘာသာရပ်တွေ၊ ရေစီမံခန့်ခွဲမှုနဲ့ပတ်သက်တဲ့ ဘာသာရပ်တွေ အဓိကထားသင်ကြားပို့ချတာပါ။ ဌာနအနေနဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်မှုတွေအများကြီးရှိခဲ့ပါတယ်။ ဒီထဲမှာ ACIAR နဲ့ ဆိုရင် လက်ရှိမြန်မာနိုင်ငံမှာ မြေပျက်သုဉ်းနေမှုတွေနဲ့ပတ်သက်ပြီးတော့ အဓိကလေ့လာနေတာပါ။ ပျက်သုဉ်းနေတဲ့မြေဆီလွှာကို ဘယ်လိုပြုပြင်ထိန်းသိမ်းမလဲ၊ ပျက်သုဉ်းနေတဲ့မြေကို ပြုပြင်ပြီးတော့ စိုက်ပျိုးမှုအတွက် ဘယ်လိုကောင်းမွန်အောင် လုပ်မလဲဆိုတာကို စာတွေ့၊ လက်တွေ့ ပူးတွဲသင်ကြားပို့ချနေပါတယ်။ နောက် ရေစီမံခန့်ခွဲမှုနဲ့ပတ်သက်ပြီး အစ္စရေးနိုင်ငံရဲ့အကူအညီနဲ့ စိုက်ကွင်းထဲ Drip Irrigation , Fertigation တို့ကို ကျောင်းသားတွေကို လက်တွေ့သင်ကြားပို့ချရင်း သုတေသနတွေလုပ်ဆောင်နေပါတယ်။

**ဒေါက်တာသိဂီမြင့်**
**(စိုက်ပျိုးစီးပွားပညာဌာန၊ ပါမောက္ခ)**

ကျောင်းသား ကျောင်းသူတွေကို Agricultural Trade and Marketing ဘာသာကို သင်ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့လည်း စီမံကိန်းတွေ တွဲဖက်ပြီး သုသေသနလုပ်ငန်းတွေ လုပ်ပါတယ်။ လက်ရှိ မြန်မာနိုင်ငံ လယ်ယာကဏ္ဍဖွံ့ဖြိုးဖို့ဆိုရင် ထုတ်လုပ်မှုကိုသာမက Marketing နဲ့ Trade ပိုင်းကို ပိုပြီးလေ့လာဖို့ လိုအပ်တယ်။ သုတေသနတွေလုပ်ဖို့လည်း လိုအပ်တယ်။ တိုးတက်အောင်လုပ်ဖို့လည်း ပိုလိုအပ်တယ်။ မြန်မာနိုင်ငံရဲ့စိုက်ပျိုးရေးကဏ္ဍဟာ ထုတ်လုပ်မှုတစ်ခုတည်းနဲ့ရပ်တည်မယ်ဆိုရင် ထုတ်လုပ်တဲ့သီးနှံက ပိုလျှံနေတာဖြစ်တာကြောင့် နိုင်ငံတကာကိုတင်ပို့ရောင်းချနိုင်အောင် Value Added products နိုင်ငံတကာကလက်ခံတဲ့ အရည်အသွေးရှိတဲ့ကုန်စည်တွေကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်မှသာ မြန်မာနိုင်ငံရဲ့စိုက်ပျိုးရေးကဏ္ဍက ပိုအခွင့်အလမ်းကောင်းလာမှာဖြစ်ပါတယ်။ အခွင့်အလမ်းကောင်းလာဖို့ဆိုရင် အခုဘွဲ့ရထားတဲ့ စိုက်ပျိုးရေးပညာရှင်များ၊ ပါရဂူဘွဲ့၊ မဟာသိပ္ပံဘွဲ့ စတဲ့ဘွဲ့ရတဲ့ပညာရှင်အားလုံးက မမေ့မလျော့အားသွန်ခွန်စိုက်ဆောင်ရွက်ဖို့လိုမယ်လို့ ပြောချင်ပါတယ်။

**ဒေါက်တာရွှေမာသန်း**
**အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန၊ တာဝန်ခံ**

ACARE (Advanced Center for Agricultural Research and Education) ကတော့ အိန္ဒိယနိုင်ငံ(IARI)နဲ့ပူးတွဲပြီး ချစ်ကြည်ရေးစီမံချက်အရ ဆောင်ရွက်နေတဲ့ ပရောဂျက်ဖြစ်ပါတယ်။ ဒီပရောဂျက်ကနေ စိုက်ပျိုးရေးတက္ကသိုလ်ရဲ့ ပုံမှန် Offer မလုပ်နိုင်တဲ့ Field တွေမှာ Offer လုပ်တာဖြစ်ပါတယ်။ ဒီမှာက ဌာနခွဲလေးခုရှိပါတယ်။ အဲဒီလေးခုမှာ သုံးခုက မဟာသိပ္ပံနဲ့ Ph.D ဘွဲ့တွေကိုပေးပြီးတော့ ဒီနှစ်မှာဆိုရင် မဟာသိပ္ပံဘွဲ့ရ ၁၈ ဦး မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၇ ကစပြီး ကျောင်းသားတွေ စတင်လက်ခံခဲ့တာပါ။ အခုဆိုရင် စုစုပေါင်း ၆၂ ဦး လက်ခံသင်ကြားပေးနိုင်ခဲ့ပါတယ်။ ရာသီဥတုပြောင်းလဲနေတာကို လိုက်လျောညီထွေဖြစ်ဖို့ မျိုးသစ်တွေ၊ မျိုးကောင်းတွေရဖို့ လိုအပ်တယ်။ အပင်တွေကို သမားရိုးကျမျိုးစပ်နေမယ်ဆို ကာလကြာမှာဖြစ်တယ်။ ဒါကြောင့် ခေတ်နဲ့လျော်ညီဇီဇပြောင်းလဲတိုးတက်တဲ့နည်းနဲ့ မျိုးသစ်မျိုးဆန်းတွေကို မွေးထုတ်ပေးတဲ့ပညာရပ်တွေ အထူးသဖြင့် သင်ကြားပေးတာပါ။ ဒီနှစ်ဆို မဟာသိပ္ပံဘွဲ့ရ ခြောက်ဦး မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။

**မောင်စိုင်းထက်လင်းအောင် (ဘွဲ့ရကျောင်းသား)**
**အပင်နှင့် မွေးမြူရေးဘာသာရပ်အထူးပြုကျောင်းသား**

ကျွန်တော်က ပထမနှစ်ကနေ နောက်ဆုံးနှစ်အထိ အတန်းစဉ်ပေါင်းမှာ ပထမရခဲ့ပါတယ်။ ဒီစိုက်ပျိုးရေးတက္ကသိုလ်ကို တက်ရောက်ဖြစ်ခဲ့လို့ အခုဆိုရင် စိုက်ပျိုးရေးအသုံးအနှုန်းတွေ၊ တောင်သူတွေရဲ့ဘဝတွေ၊ အခြေအနေတွေ သီးနှံတွေနဲ့ ပတ်သက်တဲ့အခြေအနေတွေအားလုံး သီးနှံနဲ့ပတ်သက်သမျှတွေ မခြွင်းမချန် ကောင်းကောင်းသိခဲ့ရပါတယ်။ ကျွန်တော့်ရဲ့အထူးပြုဘာသာက မျိုးကောင်း၊ မျိုးသန့်ရရှိဖို့၊ အထွက်နှုန်းကောင်းဖို့ စတဲ့အတတ်ပညာတွေ ဖြစ်တဲ့အတွက် ဆရာ ဆရာမတွေဆီက စာတွေ့၊ လက်တွေ့ အပတ်တကုတ်လေ့လာသင်ယူခဲ့ရပါတယ်။ အဲဒီအတွက်လည်း စေတနာအပြည့်နဲ့သင်ကြားပေးတဲ့ ဆရာ ဆရာမတွေကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ အထူးသဖြင့် မျိုးစေ့ပိုင်းမြှင့်တင်ပေးမှုကို အထူးစိတ်ဝင်စားလာပါတယ်။ တကယ်တော့ ကျွန်တော်တို့နိုင်ငံရှိ တောင်သူတွေအတွက်က မျိုးကောင်းမျိုးသန့်ရဖို့က အထူးအရေးကြီးတယ်ဆိုတာ သိလိုက်ရပါတယ်။ လုပ်ငန်းခွင်ထဲရောက်ရင်လည်း ဆရာ ဆရာမတွေ မှာကြားတဲ့အတိုင်း ကြိုးစားဆောင်ရွက်မယ်လို့ စိတ်ကူးထားပါတယ်။ ။


Mr. Shinjiro shiomi


ဒေါက်တာသိဂီမြင့်


ဒေါက်တာရွှေမာသန်း


မောင်စိုင်းထက်လင်းအောင်

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# ခရမ်းမြို့(၂၈) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပ



**ခရမ်း ဒီဇင်ဘာ ၂၉**
ခရမ်းမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူဟောင်းများ ဦးဆောင်၍ (၂၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက ခရမ်းမြို့ရှိ သကျမာရဇိန် သွန်းဘုရားကြီး ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။

**ပူဇော်ကန်တော့**

ရှေးဦးစွာ ကျောင်းသား ကျောင်းသူဟောင်းများက မြတ်ဆရာသီချင်းဖြင့် သီဆိုပူဇော်ပြီး အသက်(၈၀)နှစ်အထက် ဆရာကြီးများအား သက်ငယ်ဆရာများနှင့်ကျောင်းသားကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြသည်။ ထို့နောက် အသက် (၇၅) နှစ်အထက်၊ အသက် (၇၀) နှစ်အထက်၊ အသက် (၆၀) နှစ်အထက် ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြသည်။

ယင်းနောက် အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအား ပူဇော်ပစ္စည်းများကို လက်ရောက်ပေးအပ်ကြပြီး ဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးမြသန်းက ဩဝါဒစကားပြောကြားခဲ့သည်။

ခရမ်းစိုးမြင့်



# လှိုင်ကော်၌ ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ပေးဝေ

**လှိုင်ကော် ဒီဇင်ဘာ ၂၉**
အမှတ်(၂)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ (ကယား)၊ မျိုးသိမ်း အီလက်ထရွန်နစ်ကုမ္ပဏီနှင့် TCL ကုမ္ပဏီတို့ပူးပေါင်း၍ ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိလိုက်နာပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပညာပေးခြင်းနှင့် ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ပေးဝေခြင်းကို ယနေ့ နံနက် ၉ နာရီက လှိုင်ကော်မြို့ မင်္ဂလာရပ်ကွက် မိုးကောင်းဘုရားကြီးရှေ့တွင် ဆောင်ရွက်ခဲ့သည်။

ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ပေးဝေရာတွင် ဆိုင်ကယ်မောင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာပြီး ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်လိုင်စင်ပြည့်စုံစွာပါရှိသူများကိုသာ ပေးအပ်ခြင်းဖြစ်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုပါ ရှင်းလင်းပညာပေးခဲ့သည်။

အဆိုပါဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ပေးဝေရာတွင် လှိုင်ကော်မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများက ဆိုင်ကယ်မောင်းနှင်သူအား မေးသိုင်းကြိုးများ ကိုယ်တိုင်တပ်ပေးခဲ့သည်။ ဆိုင်ကယ်စီးဦးထုပ်များ ပေးဝေခြင်းအား တစ်နိုင်ငံလုံးအနေဖြင့် တန်ဖိုး ငွေကျပ် ၁၃၅၀၀ တန်ဖိုးရှိ ဆိုင်ကယ်စီးဦးထုပ် အလုံး ၁၀၀၀၀ ပေးဝေခြင်းဖြစ်ပြီး ယခုလှိုင်ကော်မြို့တွင် ဆိုင်ကယ်စီးဦးထုပ် အလုံး ၁၅၀ ပေးဝေခဲ့ကြောင်း သိရသည်။

ကိုစိုင်း(လှိုင်ကော်)

# ဆယ်အိမ်တန်းကမ်းခြေ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ရန်ကုန်တိုင်းဒေသကြီးအစိုးရ ဆောင်ရွက်

**ကွမ်းခြံကုန်း ဒီဇင်ဘာ ၂၉**
ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကညင်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ဆယ်အိမ်တန်းကျေးရွာနှင့် အလယ်ရွာကျေးရွာအနီး၌တည်ရှိသော ဆယ်အိမ်တန်းကမ်းခြေအား ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စားသောက်ဆိုင်တန်းများ ဖွင့်လှစ်**

ဆယ်အိမ်တန်းကမ်းခြေ၌ရှိသော အညစ်အကြေးစွန့်ပစ်စနစ်များအပါအဝင် လာရောက်လည်ပတ်ကြသော ခရီးသွားပြည်သူများအနားယူရန်အတွက် လိုအပ်သောအခြေခံအဆောက်အဦများ မရှိသေးသောကြောင့် ခရီးသွားပြည်သူများ အဆင်ပြေစေရန်အတွက် ဒေသခံများက စားသောက်ဆိုင်တန်းများဖွင့်လှစ်ထားခြင်းနှင့် ကမ်းခြေသန့်ရှင်းသာယာလှပရေးအတွက် လုပ်ဆောင်ပေးလျက်ရှိကြောင်းလည်း သိရသည်။

ယခုအခါ ဆယ်အိမ်တန်းကမ်းခြေ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သည့်အခြေခံအဆောက်အဦများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးအပါအဝင် ရေချိုနှင့်လျှပ်စစ်မီးများရရှိစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်ရန်စီစဉ်နေပြီဖြစ်သည်။ ကမ်းခြေခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌတို့က ဆယ်အိမ်တန်းကမ်းခြေသို့ ယနေ့နံနက်ပိုင်းက ရောက်ရှိကာ ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ဆယ်အိမ်တန်းကမ်းခြေ၌ အစိုးရရုံးပိတ်ရက်များနှင့် နေ့ကြီးအခါကြီးပိတ်ရက်များအတွင်း လာရောက်အပန်းဖြေကြသူများ အထူးစည်ကားများပြားပြီး ရန်ကုန်မြို့၏တစ်ဖက်ကမ်း ဒလဆိပ်ကမ်းမှတစ်ဆင့် တစ်နာရီကျော်သာ မောင်းနှင်ရသောကြောင့် နေ့ချင်းပြန်ခရီးသွားလုပ်ငန်းများလည်း ပေါ်ပေါက်လျက်ရှိကြောင်း သိရသည်။

သတင်း-ပွင့်သစ္စာ
ဓာတ်ပုံ-စိုးမြင့်အောင်





# မန္တလေးမြို့တွင် ရှားပါးငှက်မျိုးစိတ်များ၏ အမဲလိုက်ပြိုင်ပွဲ ပထမဆုံးအကြိမ် ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၉**
Myanmar Flaconer's Club မှ ဦးဆောင်ကျင်းပသည့် အမဲလိုက်ရှားပါးငှက်မျိုးစိတ်များ အမဲလိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၈ ရက်က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ မြင်းစီးကွင်း၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့သည်။

**တန်ဖိုးထားမွေးမြူ**

အဆိုပါပြိုင်ပွဲတွင် မြန်မာတစ်နိုင်ငံလုံးမှ အမဲလိုက် ရှားပါးငှက်မျိုးစိတ်ပညာရှင်၊ ဝါသနာရှင်များနှင့်အတူ လင်းယုန်၊ သိမ်းငှက်၊ စွန် စသည့် ရှားပါးငှက်မျိုးစိတ်များ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ရှားပါးငှက်မျိုးစိတ်များအား တန်ဖိုးထားမွေးမြူလာနိုင်စေရန်နှင့် တစ်နိုင်ငံလုံးရှိ မွေးမြူသူအချင်းချင်း ရင်းနှီးချစ်ခင်စွာတွေ့ဆုံခွင့်ရရန်ရည်ရွယ်၍ ရန်ကုန်မြို့တွင် နှစ်ကြိမ်ကျင်းပခဲ့ပြီး ယခု တတိယအကြိမ်မြောက်အဖြစ် မန္တလေးမြို့တွင် ကျင်းပခြင်းဖြစ်ကြောင်း Myanmar Flaconer's Club တည်ထောင်သူ ကိုစိုင်းနောင်က ပြောသည်။

ယခုပြိုင်ပွဲတွင် လင်းယုန်ငှက်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်သူ ဦးမောင်မောင်က ''ဒီလို အမဲလိုက်ငှက်အရိုင်းတွေကို ယဉ်ပါးအောင်လုပ်ရတာ အလွန်ခက်ခဲပါတယ်။ အချိန်ယူပြီး သင်ကြားပေးရပါတယ်။ ဒီငှက်တွေက ကျွန်တော်တို့နဲ့ နားလည်မှုရရှိပြီး တစ်သားတည်းဖြစ်သွားရင်တော့ ပီတိဖြစ်ရပါတယ်။ သက်ဆိုင်ရာဌာနတွေအနေနဲ့လည်း ကျွန်တော်တို့ မွေးမြူသူတွေကို တရားဝင်ခွင့်ပြုမထားပေမယ့် လာရောက်တားမြစ်ခြင်း မရှိပါဘူး။ ဒီလိုပြိုင်ပွဲတွေမှာ အနိုင်ရရှိဖို့ထက် မွေးမြူသူအချင်းချင်း ငှက်ကိုယဉ်ပါးအောင် ပြုစုစောင့်ရှောက်တဲ့ပညာရပ်တွေကို မျှဝေဖလှယ်ကြတဲ့အတွက် အကျိုးကျေးဇူးတွေ ရရှိပါတယ်'' ဟု ပြောသည်။

ပြိုင်ပွဲတွင် လူနှင့်ငှက်ယှဉ်တွဲ၍ အမဲလိုက်ခြင်း၊ လေထဲ၌ဝဲပျံခြင်း၊ သားကောင်အတုအား ဆော့ကစားခြင်းများကို ပြသယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင်ငှက်များအတွက် ပြိုင်ပွဲတစ်မျိုးလျှင် ပထမဆုတစ်ဆုတည်းသာ ရွေးချယ်၍ ဆုဖလားနှင့် ငွေကျပ်တစ်သိန်းစီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

# ဂျီဘူတီရှိ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီး တာရိုကိုနို စစ်ဆေး




**တိုကျို ဒီဇင်ဘာ ၂၉**
ဂျပန်ကာကွယ်ရေးဝန်ကြီး တာရိုကိုနိုသည် အာဖရိကတိုက်အရှေ့ပိုင်းမှ နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဂျီဘူတီနိုင်ငံရှိ ဂျပန်ကာကွယ်ရေးတပ်ဖွဲ့(အက်ဖ်ဒီအက်ဖ်)မှ တပ်ဖွဲ့ဝင်များအား စစ်ဆေးကြည့်ရှုမှုများ ပြုလုပ်ခဲ့ကြောင်းနှင့် ဂျပန်ကာကွယ်ရေးဝန်ကြီးသည် အရှေ့အလယ်ပိုင်းဒေသသို့ ဂျပန်ကာကွယ်ရေးတပ်ဖွဲ့ဝင်များ စေလွှတ်ရေးအတွက် ဂျပန်အစိုးရက ဆုံးဖြတ်မှုများအပြီးတွင် ယင်းသို့ စစ်ဆေးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်း၌ ဖော်ပြသည်။

ဒေင်ပင်လယ်ကွေ့တွင် ပင်လယ်ဓားပြများအား နှိမ်နင်းရေး စစ်ဆင်မှုဆောင်ရွက်နေသည့် ဂျပန်နိုင်ငံမှ တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံရန် ဂျပန်ကာကွယ်ရေးဝန်ကြီး ကိုနိုသည် ယင်းဒေသသို့ ဒီဇင်ဘာ ၂၈ ရက်တွင် သွားရောက်ခဲ့သည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးသည် ယင်းဒေသတွင်း၌ စစ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ပီစီ-၃ အမျိုးအစား ကင်းထောက်လေယာဉ်များနှင့် လေယာဉ်ဝန်ထမ်းများနေထိုင်သည့် စစ်သည်တန်းလျားများကို စစ်ဆေးကြည့်ရှုခဲ့သည်။

အလားတူ ဂျပန်အခြေစိုက် ကင်းလှည့်လေယာဉ်များအား အရှေ့အလယ်ပိုင်းဒေသ၌ ဂျပန်နိုင်ငံနှင့် ဆက်စပ်မှုရှိသည့် ကုန်တင်ရေယာဉ်များအား ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရေးအတွက် သတင်းအချက် အလက်များ ရယူစုဆောင်းရာ၌ အသုံးပြုမည်ဟု သိရသည်။

ယင်းဒေသအတွင်း ဂျပန်ကိုယ်ပိုင်ကာကွယ်ရေး ရေတပ်ဖွဲ့မှ ဖျက်သင်္ဘောတစ်စင်းအား ပူးတွဲတာဝန်ချထားမည်ဖြစ်သည်။

တပ်ဖွဲ့ဝင်များကို စစ်ဆေးမှုမပြုမီ ဂျပန်ကာကွယ်ရေးဝန်ကြီးသည် ဂျီဘူတီကာကွယ်ရေးဝန်ကြီးနှင့်တွေ့ ဆုံပြီး အရှေ့အလယ်ပိုင်းဒေသ၌ သွားရောက်တာဝန်ထမ်းဆောင်သည့် ဂျပန်တပ်ဖွဲ့ဝင်များ၏တာဝန်ကို ရှင်းလင်းပြောပြခဲ့ပြီး နားလည်မှုရယူနိုင်ခဲ့သည်။

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့အနေဖြင့် ယင်းဒေသ၌ ဂျပန်နိုင်ငံနှင့်သက်ဆိုင်သည့် သင်္ဘောများကို လုံခြုံမှုရှိစေရေးအတွက် အစွမ်းကုန်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းထောက်များအား ဂျပန်ကာကွယ်ရေးဝန်ကြီး ကိုနိုက ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – ဇော်ဝင်း**

# မြောက်ကိုရီးယားအလုပ်သမားပါတီ၏ ဗဟိုကော်မတီအစည်းအဝေး ကျင်းပ

**ပြုံယမ်း ဒီဇင်ဘာ ၂၉**
မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပသော အလုပ်သမားပါတီ၏ ဗဟိုကော်မတီ မျက်နှာစုံညီအစည်းအဝေးကို တက်ရောက်ခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက သတင်းထုတ်ပြန်ခဲ့သည်။

ကိုရီးယားဗဟိုရုပ်သံလိုင်းက အဆိုပါ အစည်းအဝေးသည် ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းတွင် ဖော်ပြခဲ့သည်။

အစည်းအဝေးတွင် လက်ရှိဖြစ်ပေါ်လျက်ရှိသော နိုင်ငံရေးအခြေအနေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မဟာဗျူဟာနည်းလမ်းများနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

သို့သော် အစည်းအဝေးတွင် နျူကလီးယားကင်းစင်ပပျောက်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး အမေရိကန်နှင့် ဆွေးနွေးမှုများကို မည်သို့ဆက်လက်လုပ်ဆောင်မလဲဆိုသည့် ရှေ့ဆက်သွားမည့်မူဝါဒကို ထည့်သွင်းဆွေးနွေးခဲ့ခြင်း မရှိခဲ့ပေ။

လွန်ခဲ့သောနှစ် ဧပြီလကကျင်းပခဲ့သော ဗဟိုကော်မတီအစည်းအဝေးတွင် ခေါင်းဆောင်ကင်က နိုင်ငံ၏ နျူကလီးယားလက်နက် စမ်းသပ်ပစ်လွှတ်မှုလုပ်ငန်းစဉ်များကို ယာယီဆိုင်းငံ့ရန် ကြေညာခဲ့သည်။ အဆိုပါအစည်းအဝေးကို အမေရိကန်နှင့် မြောက်ကိုရီးယား ပထမဆုံးအကြိမ် ထိပ်သီးအစည်းအဝေးမတိုင်မီ ကျင်းပခဲ့ခြင်းဖြစ်သည်။

သမ္မတဒေါ်နယ်ထရမ့်နှင့် ခေါင်းဆောင်ကင်တို့ သုံးကြိမ်တိုင်တိုင် တွေ့ဆုံခဲ့ပြီးနောက် နျူကလီးယားကင်းစင်ပပျောက်ရေးဆွေးနွေးမှုများသည် တိုးတက်မှုမရှိလာသည့်အတွက် ဆက်လက်ဆွေးနွေးညှိနှိုင်းရန် ပြုံယမ်းအနေဖြင့် မချင့်မရဲဖြစ်ရသည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ခန့်မှန်းပြောကြားသည်။

ပြုံယမ်းက ၎င်းအပေါ် အမေရိကန်ကချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို အပြီးတိုင်ဖယ်ရှားပေးရန် ယခုနှစ်ကုန်ပိုင်းကို နောက်ဆုံးအချိန်အဖြစ် တစ်ဖက်သတ်သတ်မှတ်ထားခဲ့သည်။

ပါတီဗဟိုကော်မတီက နျူကလီးယားအစီအစဉ်နှင့် ပတ်သက်ပြီး မည်သည့်မူဝါဒ ချမှတ်မလဲဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ပြောသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–အောင်ကျော်ကျော်**



# နှစ်ပေါင်း ၁၀၀ ကျော်အတွင်း အအေးဆုံးဆောင်းရာသီအဖြစ် အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီမှတ်တမ်းဝင်

**နယူးဒေလီ ဒီဇင်ဘာ ၂၉**
ယခုနှစ်ဆောင်းရာသီသည် အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီအတွက် နှစ်ပေါင်း ၁၀၀ ကျော်ကာလအတွင်း အအေးဆုံး နှစ်တစ်နှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ယင်းမြို့တော်၏ ဒီဇင်ဘာ ၂၈ ရက် အပူချိန်မှာ ၂ ဒသမ ၄ ဒီဂရီ စင်တီဂရိတ်အောက်သို့ ကျဆင်းခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

လာမည့်ရက်များအတွင်း မြို့တော်နယူးဒေလီ၌ အပူချိန် ထပ်မံကျဆင်းမည်ဟု ခန့်မှန်းရပြီး အိန္ဒိယနိုင်ငံ မြောက်ပိုင်းဒေသများနှင့် မြို့တော်နယူးဒေလီမြို့တို့တွင် လာမည့် နှစ်ရက်အတွင်း မိုးရွာသွန်းဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

မြို့တော်နယူးဒေလီတွင် ဒီဇင်ဘာ ၂၇ ရက်၏ အနိမ့်ဆုံးအပူချိန်မှာ ၄ ဒသမ ၂ ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ မိုးလေဝသဌာန (အိုင်အမ်ဒီ)၏ ထုတ်ပြန်ချက်အရ မြို့တော်နယူးဒေလီ၏ အနိမ့်ဆုံးအပူချိန်မှာ ဒီဇင်ဘာ ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီ ၁၀ မိနစ်တွင် ၂ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ဖြင့် မှတ်တမ်းဝင်ကြောင်း ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ၏ မြောက်ပိုင်းဒေသများဖြစ်သည့် မြို့တော်နယူးဒေလီ အပါအဝင် ပန်ဂျပ်၊ ဟာရီယားနား၊ ချန်ဒီဂါး၊ ဥတ္တရပရာဒေ့ရှ်နှင့် ရာဂျာစတန်ပြည်နယ်များ၌ နံနက်ပိုင်းက စတင်၍ မြူခိုးများ ထူထပ်စွာကျဆင်းလျက်ရှိသည်။

မြို့တော်နယူးဒေလီနှင့် အနီးတစ်ဝိုက်တွင် ၁၉၀၁ ခုနှစ်နောက်ပိုင်း၌ စတင်ကာ ယခုနှစ် ဒီဇင်ဘာလသည် ဒုတိယမြောက် အအေးဆုံးလအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ၁၉၁၉၊ ၁၉၂၀၊ ၁၉၆၁ နှင့် ၁၉၉၇ ခုနှစ် စသည့်နှစ်များ၏ ဒီဇင်ဘာလ၏ အမြင့်ဆုံးအပူချိန်သည် ၂၀ ဒီဂရီစင်တီဂရိတ်အောက် လျော့နည်းခဲ့ကြောင်း အိန္ဒိယနိုင်ငံ မိုးလေဝသဌာနမှ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန် –ဇော်ဝင်း**



# ၂၀၂၀ ပြည့်နှစ်တွင် S - 500 လေကြောင်းရန် ကာကွယ်ရေးစနစ် ရုရှားစမ်းသပ်မည်

**မော်စကို ဒီဇင်ဘာ ၂၉**
ရုရှားနိုင်ငံသည် ၎င်း၏နောက်ဆုံးပေါ် S – 500 Prometheus လေကြောင်းရန်ကာကွယ်ရေးစနစ်ကို လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ကနဦး စမ်းသပ်မှုများ စတင်မည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အလက်ဇေးကရီဗိုရုချ်ကိုက ယနေ့ပြောကြားသည်။

**၂၀၂၅ ခုနှစ်တွင် ဖြန့်ချိရောင်းချရန်စီစဉ်**

ရုရှား၏ ပထမဦးဆုံးလေကြောင်းရန်ကာကွယ်ရေးစနစ် ဖြန့်ချိရေးနှင့် ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာန၏ တရားဝင်သတင်းစာဖြစ်သည့် ကရာ့စ်နာယာဇဗက်ဇ်ဒါ သတင်းစာက ရုရှားဒုတိယကာကွယ်ရေးဝန်ကြီးအား တွေ့ဆုံမေးမြန်းခဲ့ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက အဆိုပါ လေကြောင်းရန်ကာကွယ်ရေးစနစ်သည် လာမည့် ၂၀၂၅ ခုနှစ်တွင် ဖြန့်ချိရောင်းချရန်စီစဉ်ထားကြောင်း ပြောကြားသည်။

ရုရှားအစိုးရသည် S–500 လေကြောင်းရန်ကာကွယ်ရေးစနစ်ကို တာဝေးနှင့် တာလတ်ပစ်ပဲ့ထိန်းဒုံးကျည်များနှင့် စစ်လေယာဉ်များကို ကြားဖြတ်ဟန့်တားနိုင်အောင် ဒီဇိုင်းဆွဲပြီး တည်ဆောက်ထားခြင်းဖြစ်သည်။

စင်စစ်အားဖြင့် ရုရှား၏ S – 500 လေကြောင်းရန်ကာကွယ်ရေးစနစ်သည် လက်ရှိရုရှားနိုင်ငံ၏ S – 400 အမျိုးအစား လေကြောင်းရန်ကာကွယ်ရေးစနစ်ကို အဆင့်မြှင့်တင်ထားသည့် လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်သည်။ ရုရှား၏ S – 400 အမျိုးအစား လေကြောင်းရန်ကာကွယ်ရေးစနစ်သည် မြေပြင်မှအမြင့်ကီလိုမီတာ ၃၀ ခန့်ဖြင့် အကွာအဝေး ကီလိုမီတာ ၄၀၀ ရှိ ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

# စစ်လက်နက်ဝယ်ယူရေးအတွက် ၂၀၁၉ ခုနှစ်အတွင်း ကန်ဒေါ်လာ ၂၄ ဒသမ ၂ ဘီလီယံကျော် ရုရှားသုံးစွဲ

**မော်စကို ဒီဇင်ဘာ ၂၉**

ရုရှားကာကွယ်ရေးဝန်ကြီးဌာနသည် စစ်လက်နက်စနစ် ဝယ်ယူရေးနှင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများ အတွက် ၂၀၁၉ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၂ ဘီလီယံကျော် သုံးစွဲခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး အလက်ဇေးကရီဗိုရှာ့ချ်ကိုက ပြောကြား သည်။

ယင်းရန်ပုံငွေ အသုံးပြုခြင်းအားဖြင့် ရုရှားတပ်မတော်၏ စစ်လက်နက်စနစ်တပ်ဆင်မှုကို ပိုမိုတိုးတက်စေခဲ့ကြောင်း ကရီဗိုရှာ့ချ်ကိုက ကာကွယ်ရေးဝန်ကြီးဌာန၏ တရားဝင် သတင်းစာတစ်စောင်နှင့် တွေ့ဆုံမေးမြန်းခန်းတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

ရုရှားတပ်မတော်အား ခေတ်မီစစ်လက်နက်စနစ် များနှင့် စက်ကိရိယာဖြင့် တပ်ဆင်ပေးရေးအခြေခံခြေလှမ်းကို သေချာစေရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ကာကွယ်ရေးရန်ပုံငွေအားလုံး၏ ၆၈ ရာခိုင်နှုန်းကျော်ကို ခေတ်မီနည်းပညာများ ဝယ်ယူရေးအတွက် ခွဲဝေသတ်မှတ် ထားခြင်းဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

၂၀၁၉ ခုနှစ်သည် ရုရှားတပ်မတော်အား နောက်ဆုံးပေါ် စစ်လက်နက်စနစ်များနှင့် လက်နက်ကိရိယာဖြင့် အဆင့် မြှင့်တင်ခဲ့သည့် နှစ်တစ်နှစ်ဖြစ်ပြီး ယင်းကဲ့သို့ တပ်မတော် အား နောက်ဆုံးပေါ် ခေတ်မီစစ်လက်နက်စနစ်များဖြင့် အဆင့်မြှင့်တင်ခြင်းအားဖြင့် ရုရှားကာကွယ်ရေးဝန်ကြီး ဌာန၏ စွမ်းပကားကို ခိုင်မာတောင့်တင်းစေခဲ့ကြောင်း ကရီဗိုရှာ့ချ်ကိုက ထပ်မံပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**



# အတွင်းမွန်ဂိုလီးယားဒေသ၏ ပထမဆုံး မြေအောက်ရထားလိုင်း ဖွင့်လှစ်

**ပေကျင်း ဒီဇင်ဘာ ၂၉**

တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဟော့ဟော့မြို့တော်၌ ပထမဆုံးသော မြေအောက်ရထားလိုင်းကို ယနေ့ ဖွင့်လှစ်လိုက်ပြီဖြစ် သည်။

ဘူတာရုံ ၂၀ ပါရှိသော ၂၁ ဒသမ ၇၂ ကီလိုမီတာရှိ အဆိုပါမြေအောက်ရထားလိုင်းမှာ ဟော့ဟော့မြို့တော်ရှိ မြို့ပြခရိုင်လေးခုတွင် တစ်နာရီလျှင် ကီလိုမီတာ ၈၀ နှုန်း ဖြင့် ခရီးသည် ၂၀၆၂ ဦး အများဆုံးတင်ဆောင်၍ ပြေးဆွဲ မည်ဖြစ်သည်။ အသစ်ဖွင့်လှစ်လိုက်သည့် မြေအောက် ရထားလိုင်းက ဟော့ဟော့မြို့တော်အတွင်း အများပြည်သူ သယ်ယူပို့ဆောင်ရေးဆိုင်ရာအခက်အခဲကို ပြေလည်စေမည် ဟု ဟော့ဟော့မြို့ပြရထားကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ လျူကျန်ရင်က ပြောသည်။ လူဦးရေ သုံးသန်းကျော်နေထိုင် သည့် ဟော့ဟော့မြို့တော်မှာ တရုတ်နိုင်ငံရှိ ယာဉ်ကြော ပိတ်ဆို့မှု အဆိုးရွားဆုံး ၁၀ မြို့တွင် ပါဝင်ကြောင်း ယခုနှစ် အစောပိုင်းတွင် Auto Navi Software Co., Ltd. နှင့် တရုတ်လူမှုရေးသိပ္ပံအကယ်ဒမီတို့က ထုတ်ပြန်သည့် အစီရင်ခံစာတစ်စောင်အရ သိရသည်။

တရုတ်နိုင်ငံ၌ မြေအောက်ရထားစနစ် ပြေးဆွဲသည့် မြို့တော် ၃၀ ကျော်ရှိပြီး မြို့တော်အများစုက မြို့ပြရထား စီမံကိန်းများ ပြီးစီးပြီဖြစ်ရာ မြေအောက်ရထားစနစ် ပိုင်ဆိုင် ထားသည့်မြို့တော်အရေအတွက်မှာ ၂၀၂၀ ပြည့်နှစ်တွင် ၅၀ အထိရှိလာမည်ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**





# ယီမင်စစ်ရေးပြအခမ်းအနား၌ ပေါက်ကွဲမှုကြောင့် ကိုးဦးသေ၊ အများအပြား ဒဏ်ရာရ

**အေဒင် ဒီဇင်ဘာ ၂၉**

ယီမင်နိုင်ငံတောင်ပိုင်း အယ်လ် ဒါလီယာပြည်နယ်တွင် သင်တန်းဆင်း စစ်ရေးပြပွဲ အခမ်းအနားတစ်ခု၌ ယနေ့ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ လူကိုးဦး သေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိ သူများနှင့် ဆရာဝန်များက ပြောကြား သည်။

အယ်လ်-ဒါလီယာပြည်နယ်ကို ထိန်းချုပ်ထားသော တောင်ပိုင်းတပ်ဖွဲ့ များက တွစ်တာပေါ်ရှိ ထုတ်ပြန်ချက် တစ်ခုအတွင်း ဟူသီသူပုန်များက စစ်ရေးပြအခမ်းအနားကို ဒုံးကျည် တစ်စင်း ပစ်ခတ်ခဲ့ကြောင်း စွပ်စွဲခဲ့ သည်။ အယ်လ်-ဒါလီယာပြည်နယ် မြောက်ပိုင်းကို ထိန်းချုပ်ထားသော ဟူသီသူပုန်များက မည်သည့်မှတ်ချက်မျှ ပြောကြားခြင်းမရှိခဲ့ပေ။ ပြီးခဲ့သော မတ်လအတွင်းကလည်း ယီမင်နိုင်ငံ တောင်ပိုင်း အေဒင်ဆိပ်ကမ်းမြို့ရှိ စစ်ရေးပြအခမ်းအနားတစ်ခုကို ဟူသီ အဖွဲ့က ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ် ခဲ့ရာ လူ ၃၈ ဦး သေဆုံးခဲ့သည်။ ဟူသီ အဖွဲ့က ဆန်နာမြို့တော်နှင့် နိုင်ငံ မြောက်ပိုင်းနယ်မြေများကို သိမ်းပိုက် ခဲ့မှုကြောင့် နိုင်ငံတကာ အသိအမှတ်ပြု အစိုးရ၏ သမ္မတ ရတ်ဘူမန်ဆော်ဟာဒီ ပြည်ပသို့ ထွက်ပြေးခဲ့ရသည့် ၂၀၁၄ ခုနှစ် နှောင်းပိုင်းကတည်းက ယီမင် နိုင်ငံ၌ ပြည်တွင်းစစ် စတင်ခဲ့သည်။

ယီမင်နိုင်ငံရှိ တောင်ပိုင်းတပ်ဖွဲ့ များမှာ အီရန်နိုင်ငံ၏မဟာမိတ် ဟူသီအဖွဲ့ကို တိုက်ခိုက်နေသည့် ဆော်ဒီအာရေဗျ ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့၏ အဖွဲ့ဝင်များဖြစ် သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# နိုင်ဂျာနိုင်ငံအနောက်ပိုင်းဒေသ၌ အကြမ်းဖက်သမားများ ချုံခိုတိုက်ခိုက်၊ တပ်ဖွဲ့ဝင် ၁၄ ဦးသေဆုံး

**နီယာမေး ဒီဇင်ဘာ ၂၉**

နိုင်ဂျာနိုင်ငံအနောက်ပိုင်းရှိ တေလာဘာရီဒေသတွင် လက်နက်ကြီးများကိုင်ဆောင်ထားသည့် အကြမ်းဖက် သမားများက ယာဉ်တန်းတစ်ခုအား ချုံခိုတိုက်ခိုက် ခဲ့မှုကြောင့် နိုင်ဂျာအစိုးရတပ်ဖွဲ့ဝင် ၁၄ ဦး သေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၆ ရက်က ပြောကြားခဲ့ သည်။

ဒီဇင်ဘာ ၂၅ ရက်တွင် ပြင်းထန်သော ပစ်ခတ် တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် နိုင်ဂျာရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် အမျိုးသားအဆင့်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ခုနစ်ဦးတို့ သေဆုံးခဲ့ကြောင်း နိုင်ဂျာပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

တိုက်ခိုက်မှုအတွင်း၌ ရန်သူအများအပြား သေဆုံး ခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ပျောက်ဆုံးနေ ကြောင်း နိုင်ဂျာပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်၌ ဖော်ပြထားသော်လည်း အသေးစိတ်ဖော်ပြထားခြင်းမရှိပေ။

နိုင်ဂျာလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ၂၀၂၀ ပြည့်နှစ် နှောင်းပိုင်းတွင် ကျင်းပရန်ရှိသည့် နိုင်ဂျာသမ္မတ ရွေးကောက်ပွဲနှင့် လွှတ်တော်ရွေးကောက်ပွဲများအတွက် မဲဆန္ဒရှင်များစာရင်းကို သယ်ယူကာ ဆန်နမ်ခရိုင်သို့ ဦးတည်လာသည့်အဖွဲ့တစ်ဖွဲ့အား လုံခြုံရေးအစောင့်အရှောက်



များအဖြစ် လိုက်ပါလာကြခြင်းဖြစ်သည်။ ယင်းအဖွဲ့သည် ဆန်နမ်ခရိုင်သို့ လုံခြုံစိတ်ချစွာ ပြန်လည်ထွက်ခွာသွားပြီ ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

နိုင်ဂျာနိုင်ငံသည် ဆင်းရဲသော ကုန်းတွင်းပိတ်နိုင်ငံ ဖြစ်ပြီး ဆာဟဲဒေသ၏ အချက်အချာနေရာတွင် တည်ရှိ သည်။ ယင်းနိုင်ငံသည် ဂျီဟတ်ဝါဒီ အကြမ်းဖက်သောင်းကျန်း သူများ၏ ရှေ့တန်းနယ်မြေ၌ တည်ရှိသည်။

ယခုနှစ် ဒီဇင်ဘာ ၁၀ ရက်က နိုင်ဂျာနိုင်ငံ တေလာဘာရီ ကိုခရိုင်ရှိ နိုင်ဂျာစစ်အခြေစိုက်စခန်းတစ်ခုအား ဂျီဟတ် ဝါဒီ အကြမ်းဖက်သမားများ ရာချီ၍ စိန်ပြောင်းများ၊ အမြောက်များအပါအဝင် လက်နက်မျိုးစုံဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ခြင်းကြောင့် နိုင်ဂျာစစ်ဘက်မှ တပ်ဖွဲ့ဝင် ၇၁ ဦး သေဆုံးခဲ့ရသည်။

နိုင်ဂျာတပ်ဖွဲ့ဝင်များသည် နိုင်ငံအရှေ့တောင်ဘက်ရှိ နိုင်ဂျီးရီးယားနိုင်ငံနှင့် ထိစပ်နေသည့် နယ်စပ်ဒေသတွင် ဘိုကိုဟာရမ်စစ်သွေးကြွများနှင့် တိုက်ခိုက်နေရသည်။ ထို့ပြင် ဘိုကိုဟာရမ်စစ်သွေးကြွများနှင့် မဟာမိတ်ဖြစ်သော အစ္စလာမ္မစ်နိုင်ငံတော်တည်ထောင်ရေးအဖွဲ့ (အိုင်အက်စ်) စစ်သွေးကြွများနှင့် နိုင်ဂျာအစိုးရတပ်ဖွဲ့များသည် နိုင်ငံ အနောက်ပိုင်းရှိ မာလီနိုင်ငံနှင့် နယ်စပ်အနီး၌ တိုက်ခိုက်မှု များရှိနေသည်။

နိုင်ဂျာနိုင်ငံအပါအဝင် ဂျီ-၅ ဟု လူသိများသည့် ဂျီဟတ်ဝါဒီများ၊ ဆန့်ကျင့်ရေးအလုပ်အဖွဲ့ကို ၂၀၁၄ ခုနှစ် တွင် ဘူကီနာ၊ ဖာဆို၊ မာလီ၊ မော်ရီတေးနီးယားနှင့် ချဒ်နိုင်ငံတို့ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ယင်းဖြစ်ရပ်မှာ ၂၀၁၅ ခုနှစ်မှစ၍ မာလီနိုင်ငံမှ ကူးစက်ပျံ့ပွားခဲ့သည့် ဂျီဟတ်ဝါဒီ များ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် တစ်ကြိမ်တည်းဖြင့် အဆိုးရွားဆုံးသော တပ်ဖွဲ့ဝင်များ သေဆုံးခဲ့ရခြင်းဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ဇော်ဝင်း**

# မိုင်းဆတ်မြို့နယ်တွင် ငွေကျပ် သိန်း ၁၃၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲက မိုင်းဆတ်မြို့နယ် မိုင်းထလမ်းကျေးရွာအုပ်စု ယောင်ခ (နားယောင်း) ကျေးရွာဈေးရှိ ဆိုင်ခန်းအမှတ်(၅၂)တွင် ငှားရမ်းနေထိုင်သူ ထိုင်းနိုင်ငံသား ကျော့ချိုင်း၏ အခန်းအား ရှာဖွေရာ ၎င်းအား မတွေ့ရှိရဘဲ ငွေကျပ်သိန်း ၁၃၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများကို တွေ့ရစဉ်။

# ရေတာရှည်မြို့နယ်၌ ဓားဖြင့် ခြိမ်းခြောက်ကာ ငွေနှင့် ရွှေထည်ပစ္စည်းများ လုယူမှုဖြစ်

**ရေတာရှည် ဒီဇင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ မြောက်ဘက် ၄ မိုင်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်းဟောင်းတွင် ဒီဇင်ဘာ ၂၉ ရက် နံနက် ၂ နာရီခွဲခန့်က စက်ချွတ်ယွင်းသဖြင့် ကားလမ်းဘေးချကာ အိပ်နေသည့် ယာဉ်ပေါ်ပါသူနှစ်ဦးအား လူသုံးဦးက ဓားဖြင့် ခြိမ်းခြောက်၍ ရွှေဆွဲကြိုး၊ လက်ကိုင်ဖုန်း၊ ငွေကျပ် ၁၄၀၀၀၀ ခန့် လုယူသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖြူးမြို့နယ် စမ်းမြောင်းကြီးကျေးရွာနေ ဇော်နိုင်ထွန်းနှင့် ကျောက်ကြီးမြို့နယ် နတ်သံကွင်းရွာနေ ဆက်အောင်တို့ နှစ်ဦးသည် ရေတာရှည်မြို့မြောက်ဘက် ကားလမ်းမိုင်တိုင် (၁၇၈/၆) နှင့် (၇) အကြား စက်ရပ်သွားသဖြင့် ယာဉ်၏ဦးခေါင်းခန်းအတွင်း၌ အိပ်ပျော်သွားခဲ့ရာ နံနက် ၂ နာရီခွဲခန့်တွင် အမျိုးသားသုံးဦး ကားခေါင်းခန်းဝဲဘက် တံခါးမှန်အား ဖျက်ဆီးခဲ့ပြီး ယာဉ်ပေါ်ရှိသူနှစ်ဦးအား ဓားများဖြင့် ချိန်ရွယ်၍ ဆက်အောင်ထံမှ ငွေကျပ် ၇၀၀၀၀ ကိုလည်းကောင်း၊ ဇော်နိုင်ထွန်း ဝတ်ဆင်ထားသည့် ကျောက်ဆူးပုံဆွဲပြားပါ ငါးမူးသားခန့် ရွှေဆွဲကြိုးတစ်ကုံး၊ ငွေကျပ် ၇၀၀၀၀၊ ဖုန်းတစ်လုံးတို့အား ယူဆောင်သွားကြောင်း သိရသဖြင့် ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မုဒုံမြို့နယ်တွင် ဆီသယ်ယာဉ် တိမ်းမှောက်ပြီး မီးလောင်

**မုဒုံ ဒီဇင်ဘာ ၂၉**

မွန်ပြည်နယ် မုဒုံမြို့နယ် နိုင်လုံ့-လက်တက်ကျေးရွာအနီး မော်လမြိုင်-သံဖြူဇရပ်ကားလမ်း မိုင်တိုင် (၂၄/၆)နှင့်(၂၄/၇)ကြားတွင် ယနေ့နံနက် ၈ နာရီ ၂၅ မိနစ်က ဆီသယ်ယာဉ်တစ်စီး တိမ်းမှောက်ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မော်လမြိုင်မြို့မှ သံဖြူဇရပ်မြို့သို့ ယာဉ်မောင်း ဇေယျာအောင် မောင်းနှင်လာသည့် ဂါလန်၇၅၀၀ဆံ့ ၁၈ဘီးဆီဘောက်ဆာတွဲယာဉ်သည် လမ်းဘေးရှိခုံတံတိုင်းအား ဝင်တိုက်မိပြီး တိမ်းမှောက်သွားခဲ့ရာ လူ၊ တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ မီးလောင်မှုကြောင့် ယာဉ်နှင့် အောက်တိန်းဆီတို့ ပျက်စီးဆုံးရှုံးခဲ့သည်။



အဆိုပါ မီးလောင်ရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဝင်းဇော်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ နိုင်လုံ့-လက်တက်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက မီးသတ်ယာဉ်ကိုးစီး၊ ရေသယ်ယာဉ်သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြရာ နံနက် ၉ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဇေယျာအောင်အား မုဒုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လှည်းကူးမြို့နယ်၌ ယာဉ်တိုက်မှုဖြစ် ဆိုင်ကယ်မောင်းသူ သေဆုံး

**လှည်းကူး ဒီဇင်ဘာ ၂၉**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာ ဘုန်းကြီးကျောင်းမှတ်တိုင်တွင် ဒီဇင်ဘာ၂၈ ရက် ညနေ ၆ နာရီခွဲခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ ဆိုင်ကယ်မောင်းသူ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၈ ရက် ညနေ ၆ နာရီခွဲခန့်က လှည်းကူးမြို့နယ် ရန်ကုန်-ပဲခူးလမ်းအတိုင်း (လှည်းကူးဘက်မှ ပဲခူးဘက်) အနောက်မှ အရှေ့သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသောယာဉ်သည် ရဲမွန်ကျေးရွာ ဘုန်းကြီးကျောင်းအရောက်တွင် ၎င်းရှေ့မှ စောဝင်းမြင့် ရဲမွန်ကျေးရွာ လှည်းကူးမြို့နယ်နေသူ မောင်းနှင်သောဆိုင်ကယ်အား နောက်မှတိုက်ပြီး ထွက်ပြေးသွားသဖြင့် စောဝင်းမြင့်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်တိုက်မှုဖြစ်ပွားပြီး ထွက်ပြေးတိမ်းရှောင်သူ ယာဉ်မောင်း(စုံစမ်းဆဲ)အား လှည်းကူးမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နိုင်လင်း(လှည်းကူး)**

# သထုံမြို့နယ်၌ ၂၀၁၉ ခုနှစ်အတွင်း ခိုးမှုကျူးလွန်သူ ၅၉ ဦး ဖမ်းမိ

**သထုံ ဒီဇင်ဘာ ၂၉**

သထုံမြို့၌ ၂၀၁၉ ခုနှစ် ၁၂ လတာကာလအတွင်း ခိုးမှုကျူးလွန်သူ ၅၉ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သထုံမြို့နယ်ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၂၉ ရက်အထိ ခိုးမှုကျူးလွန်သူ ၅၉ ဦး ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး ခိုးမှုကျူးလွန်သူများထံမှ ဆိုင်ကယ်များနှင့် အခြားသက်သေခံလက်ဝတ်ရတနာ၊ လက်ကိုင်ဖုန်းနှင့် ငွေများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ဒီဇင်ဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁ | ရောဝတီမြစ်၏ ထူးခြားဝင့်ထယ် ဝိသေသ (၄၀) | ဒေါက်တာချစ်စံ(ချစ်စံဝင်း) | ပန်းမျိုးတစ်ရာစာပေ | ၁၀၀၀ |
| ၂ | ကြီးပွားရေးလက်စွဲကျမ်း | ညီညီပိုင် | ဖူးပွင့်ဝေ | ၂၀၀၀ |
| ၃ | ခေတ်သစ်အစည်းအဝေးတွေမတိုင်မီ ဖတ်ထားရမည့် စည်းမျဉ်းရှစ်ချက် | ကောင်းသာ | စိတ်ကူးချိုချို | ၁၀၀၀ |
| ၄ | ငါချစ်ရင် ပိုပိုချစ် | စိုင်းဝင်းမြင့် | ကျော်မွေးစာပေ | ၂၀၀၀ |
| ၅ | ပထမထွတ်ခေါင်ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းသံပေါက်များ ဖွင့်ဆိုချက် | ဦးညွန့်မောင် | နှလုံးလှစာပေ | ၃၀၀၀ |
| ၆ | မျက်တွင်းဟောက်ပက် နိုင်ငံရေးမျက်နှာတစ်ခြမ်းနဲ့ နိုင်ငံ | စေတ | ကြယ်ရိုင်းများစာပေ | ၂၀၀၀ |
| ၇ | တိမ်တွေနေတဲ့ကောင်းကင် | မောင်ကျော်သာ(ပဲခူး) | သုခဒီပစာပေ | ၂၅၀၀ |
| ၈ | ဖိနပ်မပါတဲ့အချစ် | ကိုသန်းထွန်း | မိုးလုံးမှိုင်းစာပေ | ၂၅၀၀ |
| ၉ | ဒေါက်တာတီရမ်ချုပ်ဝတ္ထုနာ၏ အတွေးအမြင်-၁၀၀ | ဒေါက်တာသာထွန်းဦး | တူဒေး | ၅၀၀၀ |
| ၁၀ | စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင် | ဟန်စိုး | ပဒ္မဂံ | ၂၅၀၀ |
| ၁၁ | ဆာလောင်နေသော လူငယ်တစ်ယောက်၏ အပိုင်းအစ-၂၀ | ဖူးသက်ထား | EKAM Publishing | ၄၀၀၀ |
| ၁၂ | ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက် | လှသမိန် | စိတ်ကူးချိုချို | ၂၃၀၀ |
| ၁၃ | ရခိုင်ပြည်နယ် အနောက်တံခါးဝ ကျိုးပေါက်ခြင်းပြဿနာနှင့် အခြားဆောင်းပါးများ | ဒွေးဝေ | Roma Time Media | ၄၀၀၀ |
| ၁၄ | ဆရာတော်ဦးဥတ္တမ | The Key Collection | The Key | ၂၀၀၀ |
| ၁၅ | ရှစ်လုံးထိုးကဗျာများ | မိုးကျော်သူ | နှစ်ကာလများ | ၂၀၀၀ |
| ၁၆ | ခေတ်ပြိုင်မြန်မာကဗျာကို ချဉ်းကပ်ခြင်း | အောင်ခင်မြင့် | နှစ်ကာလများ | ၂၅၀၀ |
| ၁၇ | အပိုင်းအစများ | မေဇော် | နှစ်ကာလများ | ၂၀၀၀ |
| ၁၈ | မေတ္တာဖြင့် ကယ်တင်နေသူများ | ဒေါက်တာခင်မောင်ညို | ဂလိုဘယ်အလင်း | ၂၀၀၀ |
| ၁၉ | သင်ခဲ့ရသမျှ စီးပွားရေးသင်ခန်းစာ (၁၀၁)ချက် | မြနှင်းဆီ(Mra Hninzi) | တူဒေး | ၅၀၀၀ |
| ၂၀ | လေထဲကပြာမှုန့်တွေ | ခင်မြင့်အောင် | Global Piece Group | ၃၅၀၀ |
| ၂၁ | ယနေ့များ | ထွန်းလွင်သွယ်၊ ဆူးဖြူရိပ် | ကိုလတ်စာပေ | ၂၅၀၀ |
| ၂၂ | လဲမှို့ပွင့်လေး ဝတ္ထုတိုများ | သော်တာအေးလွဲ့ | ကံ့ကော်ဝတ်ရည် | ၂၈၀၀ |
| ၂၃ | လူထုဒေါ်အမာရဲ့ မိတ်ဆက်အမှာများ | လူထုဒေါ်အမာ | လူထုစာပေ | ၄၅၀၀ |
| ၂၄ | သိုးစိမ်းတစ်ကောင်ဖို့ မြက်ခင်းနှင့် မဂ္ဂဇင်းဝတ္ထုရှည်များ | အောင်ထိပ် | ယဉ်မျိုး | ၄၀၀၀ |
| ၂၅ | ဝ, ဝလုံးလေး ဝိုင်းဝိုင်းရေးနှင့် အခြားဝတ္ထုတိုများ | အကြီးကိုကို(ကသာ) | Global Piece Group | ၃၀၀၀ |
| ၂၆ | ဘုရားရှိခိုးအမျိုးမျိုးနှင့် ယောဂီဝတ်ရွတ်စဉ် | ယောဂီစောလွင် | ယဉ်မျိုး | ၂၀၀၀ |
| ၂၇ | ဗိုလ်ချုပ်ကတော် | သန်းဝင်းလှိုင် | ပန်းဆွေမွန် | ၂၀၀၀ |
| ၂၈ | ကူမာအောင်ကလူစားကျား | ဒေါက်တာသန်းထွန်း | စိတ်ကူးချိုချို | ၃၂၀၀ |
| ၂၉ | အသက်ကြီးပြီး အချိန်မစီးသူများနှင့် စိတ်ကျန်းမာရေး | မီးအိမ်ရှင်<br>ဒေါက်တာနိုက်တင်ဂေးလ် | မီးအိမ်ရှင်စာပေ | ၅၀၀၀ |
| ၃၀ | အက္ခရာတွေများတဲ့ မိုးတိမ်ရသစာစုများ | မင်းဆက်ပိုင် | မျိုးဆက်သစ် | ၃၅၀၀ |
| ၃၁ | မြန်မာ့နိုင်ငံခြားဆက်ဆံရေးများ | ဆင်ဖြူကျွန်း(သန်းထွန်း) | Quality Publishing | ၈၀၀၀ |

# ငြိမ်းချမ်းသာယာတဲ့အိမ်

**ဆူးငှက်**

ငွေနှင်းကန့်လန့်ကာ ကျချေပြီ။ အိမ်တံစက်မြိတ်က နှင်းမိုးစက်စက်ကျ၏။ သည်ကြားထဲ မြောက်ပြန်လေက သွေးပြန်သည်။ ဆောင်းသည် နတ်တော်နှောင်းသည်နှင့် ရဲတင်းလာချေပြီ။ ရေက အေးသည်။ လေက အေးသည်။ နှင်းက အေးသည်။ နေခြည်မှာပင် နုဆဲအချိန်၌ အအေးဓာတ်က စွက်ဖက်နေသေး၏။ မကြာမီ ပြာသိုသို့ ရောက်တော့မည်။ ပြာသိုရောက်လျှင် ဝန်းကျင်တစ်ခုလုံး အေးပြန်လေတော့ မြေကြီးသည်ပင်လျှင် စိမ့်စိမ့်အေးသတဲ့။ ထို့ကြောင့်လည်း ပြာသိုလ၏ မြေကြီးနှင့် ဖုတ်သောအိုးတွေက အအေးသန္နေပါလာသည်ဟု အစဉ်အဆက် လက်ခံခဲ့ကြသည်။ နွေရဲခဲ့လို့ ချစ်ချစ်တောက်အပူတွင် ပြာသိုအိုး၏ ကျောက်စက်အေးရေက အမောအပန်းပြေစေခဲ့သည်ဟု ဆိုစမှတ်ရှိခဲ့သည်။ ထို့ကြောင့် ယနေ့ထက်တိုင် မြန်မာလူမျိုးတွေ၏ အိမ်မှာမြေအိုးများ ရှိနေဆဲဖြစ်သည်။

### မြင်းခင်းသဘင်

ပြာသိုမှာ မင်းနေပြည်တော်ခေတ်က မြင်းခင်းသဘင် ထင်ရှားသည်။ ပြာသိုလတွင် ရွှေနန်းတော်တွင်း ကျင်းပသော မြင်းခင်းသဘင်များနှင့်ပတ်သက်၍ စာဆိုတော်များက သီချင်းဂီတအများအပြား စပ်ဆိုခဲ့ကြသည်။ မြင်းခင်းကြိုးများက မြန်မာ့မဟာဂီတ၏ အဆီအနှစ်များဖြစ်ခဲ့သည်။ “ဘုန်းမိုးရွာ စွေသွန်းဖျန်း၊ ရွှေပြည်တော်သာ ငြိမ်းချမ်း” ဟူ၍ စပ်ဆိုသကဲ့သို့ “မြန်ခန်းကျွန်းတွင်း စံမြန်းရွှန်းလင်း၊ မှန်နန်းထွန်းဝင်း” ဟူ၍လည်း စပ်ဆိုခဲ့ကြသည်။ အလားတူ “လာချေပြီ၊ မြင်းများခေါင်ဘွေမှာလေ၊ ဖြိုးမျှကဲလွန်း” ဟူ၍လည်း စပ်ဆိုခဲ့ကြသည်။ ထို့ကြောင့် အနုပညာရှင်ကြီး မြို့မငြိမ်းကလည်း ရှေးဘုရင်များ လက်ထက်က ထင်ရှားခဲ့သော မြင်းခင်းသဘင်များကို ပြန်လည်အမှတ်ရစေသောငှာ မမေ့မလျော့တမ်း သီချင်းတစ်ပုဒ် စပ်ဆိုခဲ့ပြန်၏။

“ငွေနှင်းမှုန်ရီ၊ ဝေစီစီ.....၊ မြောက်ပြန်လေညှင်း သွင်းတဲ့လရာသီ၊ သမယအခါဆီ ပြာသို ခွာညို ညှာစို စိမ်းလဲ့လန်း၊ ရွှေနန်းတော်တွင်း လဲ့ဝင်းမူယာပလီ၊ သူဇာဒေဝီ တော်ဝင်ပန်းကို လှမ်းလို့ချူရှာသည် ...” ဟူလို။ ဆက်လက်၍ မြင်းခင်းကြိုးက လာချေပြီဟူသော စာသားကို မူတည်၍လည်း “လာချေပြီ၊ ပျိုတို့မောင်လည်း၊ သူလည်း လာချေပြီ၊ လာချေပြီ၊ မှုန်မှုန်မဲမဲ လူသူမကွဲတကွဲ၊ နှင်းခဲပြာဝေရီ”” ဟုလည်း စပ်ဆိုခဲ့သည်။ အခုတော့ မြင်းခင်းသဘင်မရှိတော့။

### တော်ဝင်သဇင်ပန်း

ပြာသိုမှာ မြင်းခင်းသဘင်ကဲ့သို့ ရှေးယခင်အဆက်ဆက်ကတည်းက မင်းသုံးတော်ဝင်အဖြစ် ထင်ရှားခဲ့သည့် အမှတ်အသား တစ်ခုလည်း ရှိခဲ့သည်။ သဇင်ပန်းပဲ ဖြစ်ပါသည်။ သဇင်က တောကြီးမျက်မည်းထဲ အပင်မြင့်များပေါ်၌ ရှားပါးစွာပေါက်ရောက်သော ပင်မြင့်စံပန်းဖြစ်သည်။ သို့ခက်ခဲနက်နဲစွာ ရှာဖွေရသော ပန်းဖြစ်သည့်အတွက် ရှင်ဘုရင်သို့သာ ဆက်သပြီး တော်ဝင်အဆောင်သယောင်သဖွယ်ဖြစ်ခဲ့သည်။ အခုတော့ သဇင်က အဲဒီလောက်မရှားတော့ မျိုးပွား၍ အိမ်မှာပင် စိုက်ပျိုးနေကြပြီ။ အဆက်ဆက် ဂုဏ်ဒြပ်ကြီးမြင့်ခဲ့သော အရှိန်အဝါကတော့ ကျန်နေဆဲဖြစ်သည်။ ထို့ကြောင့် သဇင်သည် ပွဲနေ ပွဲထိုင်များတွင် တခုတ်တရ သတိရကြသော ပန်းဖြစ်သည်။

နှင်းဆွတ် ခွာညို လပြာသိုတဲ့။ မြန်မာတို့၏ အေးချမ်းသာယာမှု ပြယုဂ်၊ ချမ်းမြေ့မှုသရုပ်၊ ပြည့်ဝန်း ဝင်းပခြင်း၏ နိမိတ်ပုံတို့ ဖော်ဆောင်သော လပြာသိုပင်ဖြစ်ပါ၏။ ပြာသိုဆိုသည်နှင့် နှင်းမှုံ နှင်းစက် နှင်းကန့်လန့်ကာနှင့်အတူ ရာသီပန်းဖြစ်သော ခွာညိုကို သတိရကြသည်။ ထို့အတူ တော်ဝင်သဇင်ပန်းကိုလည်း မမေ့လျော့ခဲ့ကြ။

**ခွာညိုကလည်း တောစပ်မှာသာရှိ၏။ အန္တရာယ်အများသား။ ဆွတ်ခူးယူဖို့ကလည်း အခက်သား။ မနီးမဝေး လုပ်ဖော်ကိုင်ဖက်များဆီက “ငြိမ်းချမ်းသာယာတဲ့အိမ် ဘာမှပူစရာ၊ စိုးရိမ်စရာမရှိတဲ့ အိမ်ကလေးပေါ့” ဟူသည့် အသံကလေးကို ကြားနေရ. . .**

ပြာသို လလယ်လျှောင်ဖြင့် နှင်းမိုးဖြိုင်ဖြိုင် ကျတတ်ချေသည်။ သည်ဘက်နှစ်တွေမှာ နတ်တော်လပြည့်ကျော်သည်နှင့် အအေးဓာတ်ဝင်လာသည်။

### စည်းချက်အစုံ မြင်းခွာသံများ

“ပန်းနွယ်ကြိုင်မွှေးပျံ့လေ။ ။ မိုင်းဝေတက်ရွှန်း နန်းမွန်းလျက် လဝန်းတာရှည် လိုက်သည်ဝေဆာ ဆီးနှင်းဖြာသား၊ မကာရခွင် ရောက်ခါတွင်လည်း၊ မြင်းဆင်စီစဉ်၊ စွယ်ယှဉ်ဝေ့တိုက်” ဟူ၍ ဆင်ခင်း၊ မြင်းခင်းသဘင် ဆင်ယင်ခဲ့ကြသည်က သည်ဆောင်းကာလ ပြာသိုလ ဖြစ်၏။ ဆင်သူရဲ၊ မြင်းသူရဲတို့ကို ဆုလာဘ်များ ချီးမြှင့်ရာ၌ “ပင်မြင့်သဇင်” ခက်လေးတွေလည်း ပါလာသည် ။ သဇင်သည် သက်သေဖြစ်၏။ ရည်ညွှန်းမှုဖြစ်၏။ သဇင်ခက်နှင့်အတူ ဇာမဏီကဲ့သို့ မြူးကြွားနေသော ဆိုက်ဂိုက်ပေမီ မြင်းထွား မြင်းကောင်းကြီးများ၏ စည်းချက်အစုံ မြင်းခွာသံများကိုလည်း မြင်ယောင်ကြားယောင်လာပါတော့သည်။

စာရေးဆရာကြီး ဒဂုန်တာရာ၏ ၁၉၅၃ ခုနှစ်တွင် ရေးသားခဲ့သော “နှင်းဆွတ်ခွာညို” ဟူသည့် ဝတ္ထုတစ်ပုဒ်တွင် ဇာတ်လိုက် စစ်သည်တော် တပ်မှူးလေးက သူ့ချစ်သူ ပန်းကြိုက်ပုံကို အမှတ်ရလာသောအခါ “ဆန်းကြယ်ထူးခြား ပန်းမန်များကို၊ သနားစုံမက် မွေ့သူလက်နှင့်၊ စုလျက်ရွေး၍ တစေ့စေ့လျှင် ရှေ့ရှေ့နှိုက်တွင် သင့်အောင်ပြင်မှ ကေသျှင်သွယ်မြ မယ့်ထိပ်စဝယ် ယုယလွန်ကဲ ဆင်စမြဲဖြစ်ရမည်ကို သတိရလာသည်”ဟု ဖွဲ့နွဲ့ရေးသားခဲ့၏။

### မကျမြေတွင်၊ ဂေါ်သဇင်ကို

ဆရာကြီး ဒဂုန်တာရာ၏ ဇာတ်လိုက်က တိုင်းပြည်တာဝန်ဖြင့် စိမ့်ကြီးမြိုင်ကြီးထဲ သွားရမည်ဖြစ်သဖြင့် ပြန်လာလျှင် “မကျမြေတွင်၊ ဂေါ်သဇင်ကို၊ ရပ်ခွင်မြေတာ၊ နီးပါဘိမူ၊ စိမ်းဝါညိုမြ၊ ကတော့လှနှင့်၊ ယုယရည်စောင်၊ မနွမ်းအောင်ဟု၊ ဖြူရောင်ပြာညို့၊ သဇင်ဖို့လျှင်” ဟု ချစ်သူက တခုတ်တရမှာ၏။ ခက်ကပြီ..။ ချစ်သူမှာသော သဇင်ပန်းက စခန်းချရာ ရှေ့တန်းနှင့် လက်တစ်ကမ်းအကွာမှာ ရှိတာမဟုတ်။ ရန်သူ့နယ်မြေထဲမှာပဲ ရှိသည်။ မတတ်နိုင် . . . ။

အခုတော့ သဇင်က စိမ့်ကြီးမြိုင်ကြီးထဲက ပင်မြင့်ပေါ်မှ နှင်းဆွတ်မှ ပွင့်မှာမဟုတ်တော့။ မုန်လှောင်အိမ်တွင် ပွင့်လိုသည့်အချိန် ပွင့်နေလေတော့ လက်အောက်ငယ်သား (သို့) ဒရိုင်ဘာကို ခြံသို့ အဝယ်လွှတ်လိုက်လျှင် ချက်ချင်း ရနိုင်ပေပြီ။ ဆရာဒဂုန်တာရာ၏ “နှင်းဆွတ်ခွာညို” တွင်မူ ချစ်သူမှာလိုက်သော “သဇင်” က တုံးပြီ။ စိမ့်ကြီးမြိုင်ကြီးထဲမှာ မရှိတော့။ ခွာညိုပန်းသာ လှိုင်နေတော့သည့် ကာလဖြစ်၏။

### သဇင်အစား ခွာညိုကိုသာ

“သွယ်ရှင်နားဆီ၊ ခွေပြီရစ်စ၊ ရွှရွှန်မ်းရှောက်၊ ညိုး ခြောက်မဆင် ပျံ့ရွှင်ဆီမွှေး” မည့် ချစ်သူ၏ဆံကေသာထက်တွင် သဇင်အစား ခွာညိုကိုသာ ဆောင်ယူသွားရတော့မည်။ ခွာညိုကလည်း တောစပ်မှာသာရှိ၏။ အန္တရာယ်အများသား။ ဆွတ်ခူးယူဖို့ကလည်း အခက်သား။ မနီးမဝေး လုပ်ဖော်ကိုင်ဖက်များဆီက “ငြိမ်းချမ်းသာယာတဲ့ အိမ် ဘာမှပူစရာ၊ စိုးရိမ်စရာမရှိတဲ့ အိမ်ကလေးပေါ့” ဟူသည့် အသံကလေးကို ကြားနေရသည်တဲ့။ သို့သော် ခွာညိုပန်းကို စိတ်မကူးဝံ့အား။ ထို့နောက် ဒုန်းစိုင်းမြင်းခွာအသံ၊ အဝတ်ဖြူစရှည်ကြီးနှင့် ချည်နှောင်ထားသော စာ၊ ထို့နောက် နှင်းရည်စွန်းစာလုံးများ၊ ထို့နောက် . . . ။ ဤသို့ဖြင့် ငှက်ပျောဖက်စိမ်းကတော့နှင့် လတ်ဆတ်သော၊ ခွာညိုပန်းလေးတွေ မြို့ကြီးသူ ချစ်သူ၏ လက်ထဲကမ်းဆင့်နိုင်ခဲ့သတဲ့။

### နှင်းဆွတ်ခွာညို

ဒါပေမယ့် လက်ထဲရှိ စာတစ်စောင်ကို ကိုင်ထားရင်း တပ်မှူးလေး မျက်ဝန်းမှာ မျက်ရည်ဝိုင်းနေသည်။ ချစ်သူ့အတွက် တောပန်းခွာညိုကို လက်ဆောင်ပေးနိုင်လို့လား...။ ဒါမှမဟုတ်...

“ သူငယ်ချင်း ဟသ်ာ ...

မင်းတို့ချီတက်လာမယ့်လမ်းကို ငါသိပါတယ်။ ဒါပေမယ့် ဒို့တပ်နေ့လယ်ကတည်းက သည့်ပြင်လမ်းက ရွှေ့သွားပြီ။ ဒို့အတိုက် ဒို့အလာကို စောင့်မနေတော့ပေ့ါ။ မင်းနဲ့ငါနဲ့ တိုက်ဖို့ဆိုတာ ကျောင်းကတည်းကလည်း သူငယ်ချင်း။ ဂျပန်တော်လှန်ရေးတုန်းကလည်း အတူတူ။ မင်းနဲ့ငါနဲ့တင်လား။ မင်းတို့ရဲ့ စစ်သေနာပတိ ဗိုလ်ချုပ်နေဝင်းနဲ့ ဒို့ရဲ့သေနာပတိ ဗိုလ်ဇေယျဆိုတာဟာလည်း လွတ်လပ်ရေးတိုက်ပွဲတွေမှာ ဒိုးတူပေါင်ဖက် လုပ်လာခဲ့ကြသူတွေပါ။ ငါဆိုရင်လည်း ဗိုလ်ချုပ်နေဝင်းရဲ့ တပည့်ဖြစ်ခဲ့တာပါပဲကွာ။

ဗိုလ်ချုပ်နေဝင်းပြောသလို နိုင်ငံရေးကို နိုင်ငံရေးအရ ဖြေရှင်းကြပေစေ။ ဒို့အချင်းချင်းတော့ ဒို့ပြည်ကိုကျူးကျော်လာတဲ့ နယ်ချဲ့ကိုသာ တိုက်ဖို့ကလွဲလို့ အချင်းချင်းတော့ မတိုက်လိုဘူးကွာ။

နိုင်ငံရေးအရ ကွဲလွဲနေတာတွေကို မျက်နှာစုံညီတွေ့ဆုံပြီး အေးအေးဆေးဆေး ဖြေရှင်းနိုင်ကြမယ်ဆိုရင် မကောင်းပေဘူးလား.......”

တပ်မှူးလေးက လက်ထဲကစာကို အကြိမ်ကြိမ်ဖတ်ထားလို့ အလွတ်ရလုနေပြီ..။ စာလုံးတွေက ဝေဝါးဝါး..။ မျက်ဝန်းမှာက မျက်ရည်တွေလျှံလုလု...

ဩော်. . .“ နှင်းဆွတ်ခွာညို ” တဲ့လေ . . . ။ ။



မြင်းခင်းတော်။

## ဒလမြို့နယ်၌ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပမည်

**မန္တလေး ဒီဇင်ဘာ ၂၉**

မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကြီးကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃ ရက်နှင့် ၄ ရက်တို့တွင် မွန်းတည့် ၁၂ နာရီ မှစတင်၍ ဒလမြို့ ဗိုလ်တေဇမိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကျားသွေး (ထွန်းထွန်းမင်းကလပ်) နှင့် စစ်သွေး (ရွှေဒေါ်ပုံကလပ်)၊ ကျားဆိုးလေး (ထွန်းထွန်းမင်း ကလပ်)နှင့် ရဲမာန်စိန် (ဓာတ်မာန်ကလပ်)၊ နန်းအေ့ မွှေဟွမ် (ခြင်္သေ့မင်းကလပ်) နှင့် ခင်မီမီကျော် (YMCA ကလပ်)၊ ချောလှနိုင် (ရွှေဒေါ်ပုံကလပ်)နှင့် ဒေါင်းဆန်လေး (ဒေါင်းမြန်မာကလပ်) တို့ ပါဝင်ယှဉ်ပြိုင် ထိုးသတ်မည်ဖြစ်သည်။

တစ်ရက်လျှင် စိန်ခေါ်ပွဲငါးပွဲနှင့် မျိုးဆက်သစ် ၁၅ ဆိုင်း ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**

## မိတ္ထီလာ၌ ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ပေးဝေ

**မိတ္ထီလာ ဒီဇင်ဘာ ၂၉**

ဆိုင်ကယ်စီးဦးထုပ် အလုံး ၂၀၀ အခမဲ့ပေးဝေခြင်းကို ဒီဇင်ဘာ ၂၇ နံနက် ၉ နာရီက ဗိုလ်ချုပ်အောင်ဆန်းပန်းခြံအနီး မိတ္ထီလာ–ကျောက်ပန်းတောင်းကားလမ်းဘေးတွင် ဆောင်ရွက်ခဲ့သည်။

"ဆိုင်ကယ်မောင်းနှင်သူတွေ ယာဉ်တိုက်မှုဖြစ်ပွားရင် ဦးထုပ်မဆောင်းလို့ ဦးခေါင်းကိုထိပြီး သေဆုံးတာမျိုးဖြစ်တာများပါတယ်။ ဒါကြောင့် ဆိုင်ကယ်စီးရင် ဦးထုပ်ဆောင်းဖို့ဆိုတဲ့ အသိပညာကိုပေးချင်လို့ အခုလို ဆိုင်ကယ်စီး ဦးထုပ်တွေ အခမဲ့ပေးဝေတာမျိုး ဆောင်ရွက်တာပါ" ဟု အမှတ် (၉၆) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးရန်နိုင်က ပြောသည်။

မိတ္ထီလာ၌ ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ပေးဝေခြင်းကို ဒီဇင်ဘာ ၂၁ ရက်က ပထမအကြိမ်ဆောင်ရွက်ခဲ့ပြီး ယခု ဒုတိယအကြိမ်အဖြစ် အခမဲ့ပေးဝေခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

( ဂ ) ဗဟိုကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာကြီးကြပ်မှုကော်မတီတို့က အတည်ပြုချမှတ်ပေးသည့် လုပ်ငန်းစီမံကိန်းများအတွက် လိုအပ်သည့် ရန်ပုံငွေတွက်ချက်တင်ပြခြင်း၊

(ဃ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့်ဖြစ်စေ၊ နိုင်ငံတကာ အကူအညီ အထောက်အပံ့များဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများ၏ အကူအညီနှင့် ဒေသခံပြည်သူလူထု ထည့်ဝင်ငွေများ ပါဝင်ပူးပေါင်းဆောင်ရွက်မှုဖြင့်ဖြစ်စေ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခြင်း–

(၁) ကျေးလက်ဒေသ သောက်သုံးရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊

(၂) ကျေးလက်ဒေသနေ ပြည်သူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အိမ်တွင်း လေထုညစ်ညမ်းမှုကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊

(၃) ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး၊

(၄) ကျေးလက်ဒေသ အိမ်ရာတည်ဆောက်ရေး၊

(၅) ကျေးလက်ဒေသနေ ပြည်သူများအလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ရန်အတွက် သတ်မှတ်ချက်နှင့်အညီ အရင်းမပျောက် မတည်ရန်ပုံငွေ ထူထောင်ပေးရေး၊

(၆) တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများအတွက် နည်းပညာ၊ ငွေကြေး အရင်းအနှီးနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဈေးကွက်ရရှိနိုင်ရန်နှင့် တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊

(၇) ကျေးလက်ဒေသနေ ပြည်သူများ၏ လုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံစက်မှုလက်မှုကုန်ထုတ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင်သင်တန်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊

(၈) ကျေးလက်ဒေသနေပြည်သူများ ကိုယ်တိုင်ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အသေးစားအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်း၊ ဝင်ငွေတိုးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖော်ဆောင်ပေးရေး။

(င) ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်သော ကျေးလက်ဒေသ ကုန်ထုတ်လမ်းနှင့်တံတား၊ လူထုအခြေပြု စီမံကိန်းများအရ ပြည်သူလူထုကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်ဆောင်ရွက်ခွင့်ရှိသည့် ကျေးရွာတွင်းလမ်းနှင့် တံတားတည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်းနှင့် နိုင်ငံတကာအကူအညီဖြင့် ဆောင်ရွက်သောဘက်စုံစီမံကိန်းများတွင် ပါဝင်သည့် ကျေးရွာချင်းဆက်လမ်းနှင့် တံတားတည်ဆောက်ပြုပြင် ထိန်းသိမ်းခြင်းအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ကျေးလက်ဒေသနေ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ကျေးလက်ဒေသများတွင် ဘေးအန္တရာယ် ကျရောက်လာပါက–

(၁) ကာကွယ်တုံ့ပြန်ဆောင်ရွက်နိုင်မှု အားကောင်းသော လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေး ကူညီဆောင်ရွက်ခြင်း၊

(၂) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

( ဇ ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းနှင့် အစီရင်ခံစာပြုစု၍ ဗဟိုကြီးကြပ်မှုကော်မတီနှင့် သက်ဆိုင်ရာကြီးကြပ်မှုကော်မတီသို့ တင်ပြခြင်း၊

( ဈ ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ရပ်ကွက်၊ ကျေးရွာအဆင့်ကော်မတီများမှ ကျေးရွာကိုယ်စားလှယ်များနှင့်အတူ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များ ညှိနှိုင်းကောက်ယူခြင်း၊

(ည) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆိုင်သော သုတေသနလုပ်ငန်းအရပ်ရပ်ကို ဆောင်ရွက်ခြင်း၊

( ဋ ) ဗဟိုကြီးကြပ်မှုကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများထံမှ ဘဏ္ဍာရေးနှင့် နည်းပညာ အကူအညီများကို ဥပဒေနှင့်အညီ ရယူပူးပေါင်းဆောင်ရွက်ခြင်း၊

( ဌ ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာ မြို့နယ်နှင့်ကျေးရွာအလိုက် လိုအပ်သည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

( ဍ ) သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့များက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့်ဖြစ်စေ လုပ်ငန်းဆောင်ရွက်ရာတွင် အကောင်အထည်ဖော်နိုင်ခြင်းမရှိလျှင် သို့မဟုတ် ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် ယင်းရန်ပုံငွေ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့် ပြန်လည်သိမ်းယူခြင်း၊

( ဎ ) ကျေးလက်ဒေသအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို အစိုးရ၊ ပြည်သူနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုစနစ်ဖြင့် ဆောင်ရွက်ခြင်း၊

(ဏ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ရာတွင် ဝန်ထမ်းများ၊ လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများ သို့မဟုတ် လုပ်ငန်းအဖွဲ့များ အရည်အသွေးမြင့်မားတိုးတက်လာစေရေးအတွက် ပြည်တွင်း ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ နည်းပညာပြပွဲများနှင့် လေ့လာရေးခရီးများ စီစဉ်ဆောင်ရွက်ပေးခြင်း၊

(တ) နိုင်ငံတကာအဖွဲ့အစည်းများက ပြည်တွင်း၌ ဆောင်ရွက်နေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ပေးခြင်း၊

(ထ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

( ဒ ) ကျေးရွာရေပေးရေး ပုဂ္ဂလိကလုပ်ငန်းများကို စိစစ်ခွင့်ပြုခြင်း၊

( ဓ ) ဗဟိုကြီးကြပ်မှုကော်မတီ၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီတို့က ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ဦးစီးဌာနသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဗဟိုကြီးကြပ်မှုကော်မတီ သို့မဟုတ် သက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ သဘောတူညီချက်အရ အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ရမည်–

(က) ပုဂ္ဂလိက ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ တင်ဒါခေါ်ယူပြီး လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊

( ခ ) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ သို့မဟုတ် လူထုအခြေပြု အဖွဲ့အစည်းများနှင့် သဘောတူညီချက်ပြုလုပ်၍ ဆောင်ရွက်စေခြင်း၊

( ဂ ) နည်းပညာ လိုအပ်ချက်အရ တိုက်ရိုက်ဆောင်ရွက်ခြင်း၊

(ဃ) သက်ဆိုင်ရာကျေးရွာတွင် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပေးပြီး ဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊

( င ) နည်းပညာအကူအညီ လိုအပ်သည့် လုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊

( စ ) အခြားသင့်လျော်သော နည်းလမ်းတစ်ခုခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

**အခန်း(၆)**

**ကျေးလက်ဒေသနေ ပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များ**

၁၀။ ကျေးလက်ဒေသနေ ပြည်သူများ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ထားသော အခြေခံအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အမှိုက် စနစ်တကျစွန့်ပစ်ရေး ဆောင်ရွက်ရန်၊

( ခ ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် ချေးငွေတစ်ရပ်ရပ်ကို ရယူပါက ယင်းချေးငွေဖြင့် သတ်မှတ်သည့်လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

( ဂ ) ကျေးရွာအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ချက်နှင့်အညီ ရန်ပုံငွေကောက်ခံသုံးစွဲခွင့်နှင့် ပြင်ဆင်ထိန်းသိမ်းရန်၊

(ဃ) ပုဒ်မခွဲ ( ခ ) အရ ချေးယူငွေနှင့် ကျသင့်သည့်အတိုးငွေတို့ကို အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်–

(၁) သတ်မှတ်ကာလအတွင်း ပြေကျေအောင် ပြန်လည်ပေးဆပ်ခြင်း၊

(၂) သတ်မှတ်ကာလကျော်လွန်မှ ပေးဆပ်ပါက သတ်မှတ်သည့် ဒဏ်ကြေးငွေ ပေးဆောင်ခြင်း။

( င ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

( စ ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စည်းရုံးပညာပေးခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်၊

(ဆ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ရာတွင် ကျေးရွာလူထုအကြား စည်းလုံးမှုကို ပျက်ပြားစေမည့်ကိစ္စရပ်များ ပေါ်ပေါက်လာပါက သက်ဆိုင်ရာကော်မတီများ၏ လမ်းညွှန်ချက်ဖြင့် ဖြေရှင်းဆောင်ရွက်ရန်။

၁၁။ ကျေးလက်ဒေသနေ ပြည်သူတို့၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲရာတွင် အကြံပြုဆွေးနွေးခွင့်၊

( ခ ) မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ တင်ပြပိုင်ခွင့်၊

( ဂ ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်၊ ကြည့်ရှုလေ့လာခွင့်၊ သတင်းအချက်အလက်များ တောင်းခံရယူခွင့်နှင့် လွတ်လပ်စွာ ဝေဖန်အကြံပြု ဆွေးနွေးတင်ပြခွင့်၊

(ဃ) ဦးစီးဌာနနှင့် သက်ဆိုင်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဦးစီးဌာနသို့ တင်ပြ၍ မိမိကျေးရွာအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ခွင့်၊

( င ) ဤဥပဒေပါ အရင်းမပျောက် မတည်ရန်ပုံငွေ ထူထောင်ပေးခြင်း လုပ်ငန်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ အရင်းမပျောက် မတည်ရန်ပုံငွေမှ ချေးငွေရယူသုံးစွဲခွင့်၊

( စ ) ပုဒ်မခွဲ ( င ) ပါ လုပ်ငန်းမှရရှိသည့် အတိုးငွေများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သုံးစွဲခွင့်၊

(ဆ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေ သုံးစွဲမှုကို မေးမြန်းခွင့်၊

( ဇ ) ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပြည်တွင်း ပြည်ပ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို သွားရောက်လေ့လာခွင့်၊

( ဈ ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့် အခွင့်အရေးများကို ခွဲခြားမှုမရှိဘဲ ရပိုင်ခွင့်။

**အခန်း(၇)**

**ကျေးလက်ဒေသ သောက်သုံးရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း**

၁၂။ ဦးစီးဌာနသည်–

(က) ကျေးလက်ဒေသ သောက်သုံးရေရရှိရေးလုပ်ငန်းများကို အသစ်ဆောင်ရွက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်နိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရဆောင်ရွက်ရာတွင်ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အပါအဝင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့၏ လှူဒါန်းငွေ၊ ချေးငွေ၊ နည်းပညာနှင့် အကူအညီ အထောက်အပံ့များကို လက်ခံရယူဆောင်ရွက်နိုင်သည်။ **(ဆက်လက်ဖော်ပြပါမည်)**

# အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

( ဇ ) နိုင်ငံတကာမော်ကွန်းတိုက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း။

**အခန်း (၆)**

**မှတ်တမ်းများ လွှဲပြောင်းပေးခြင်း၊ လုံခြုံမှုအဆင့်နှင့် သက်တမ်းသတ်မှတ်ခြင်း**

၉။ မှတ်တမ်းများလွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ -

(က) ကြီးကြပ်ရေးအဖွဲ့သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ မှတ်တမ်းများကို ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ညွှန်ကြားချက်များ ထုတ်ပြန်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

( ခ ) ဦးစီးဌာနသည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ မှတ်တမ်းများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် လွှဲပြောင်းရယူရန် ဆောင်ရွက်ရမည်။

( ဂ ) ဦးစီးဌာနသည် အခြားအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်တစ်ဦးဦးမှ ဆောင်ရွက်သော တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် မှတ်တမ်းများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် လွှဲပြောင်းရယူရန် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၀။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် မိမိတို့ဌာန၊ အဖွဲ့အစည်းများရှိ မှတ်တမ်းများနှင့် စပ်လျဉ်း၍ -

(က) မိမိဌာန၊ အဖွဲ့အစည်း၌ ၁၀ နှစ်အထိ ထားရှိပြီးသည့် မှတ်တမ်းများအနက် မှတ်တမ်းစိစစ်ခွဲခြားခြင်းဇယားပါ သတ်မှတ်ချက်အတိုင်း ဆက်လက်ထိန်းသိမ်းရန်လိုအပ်မည့် မှတ်တမ်းများကို ဖျက်ဆီးခြင်းမပြုဘဲ ဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

( ခ ) မိမိဌာန၊ အဖွဲ့အစည်း၌ထားရှိမှု ၁၀ နှစ် မပြည့်သေးသည့် မှတ်တမ်းများကို ဦးစီးဌာနသို့ လွှဲပြောင်းပေးလိုပါက လွှဲပြောင်းပေးနိုင်သည်။

( ဂ ) အီလက်ထရောနစ် နည်းပညာဖြင့် ဖန်တီးထားသော မှတ်တမ်းများကို အသုံးပြုခြင်း မရှိတော့ပါက ဦးစီးဌာနသို့ ဆောလျင်စွာ လွှဲပြောင်းပေးရမည်။

(ဃ) မိမိဌာန၊ အဖွဲ့အစည်းတွင်ထားရှိမှု ၁၀ နှစ် ပြည့်ပြီးသော်လည်း ဆက်လက်သုံးစွဲနေသည့် မှတ်တမ်းများအနက် ဦးစီးဌာန၏ စစ်ဆေးချက်အရ မော်ကွန်းဖြစ်လာနိုင်မည့် မှတ်တမ်းများကို ဦးစီးဌာနက စစ်ဆေးညွှန်ကြားသည့်အတိုင်း ထိန်းသိမ်းထားရှိပြီး အသုံးပြုခြင်းမရှိတော့ပါက ယင်းမှတ်တမ်းများကို ဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။ အကယ်၍ မူရင်းကို ပေးပို့နိုင်ခြင်းမရှိသေးပါက မူရင်းမှကူးယူထားသော တာဝန်ခံ မိတ္တူမှန် ပေးပို့ရမည်။

( င ) မိမိတို့ချုပ်ဆိုသည့် စာချုပ်စာတမ်း၊ သဘောတူညီချက်၊ နားလည်မှုစာချွန်လွှာစသည်တို့ကို လက်မှတ်ရေးထိုးပြီးသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မူရင်း သို့မဟုတ် မိတ္တူတစ်စုံအား ဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။ အကယ်၍မိတ္တူအား လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ပါက စာချုပ်ပါလုပ်ငန်းများ ပြီးဆုံးသည့်အချိန်တွင် မူရင်းကို လွှဲပြောင်းပေးရမည်။

( စ ) နိုင်ငံတော်အဆင့် အခမ်းအနားများ၊ နိုင်ငံပိုင်သတင်းဌာနများ၏ နေ့စဉ်သတင်း ထုတ်ပြန်မှုရုပ်သံမှတ်တမ်းများ၊ ပုံနှိပ်ထုတ်ဝေသည့် စာအုပ်စာတမ်းများ၊ ပြန်တမ်းများ၊ သတင်းစာများ အနည်းဆုံး သုံးစုံစီကို မှတ်တမ်းတင် ထိန်းသိမ်းထားရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ ထုတ်ဝေသည့် သို့မဟုတ် ထုတ်လွှင့်သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ပေးပို့ရမည်။

၁၁။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် ပုဒ်မ ၁၀ အရ မှတ်တမ်းများကို ဦးစီးဌာနသို့ လွှဲပြောင်းပေးသည့်အခါ ယင်းမှတ်တမ်းများ၏ လုံခြုံမှုအဆင့်ကို ပြန်လည်စိစစ်ပြီး အောက်ပါအတိုင်း ခွဲခြားသတ်မှတ်၍ ပေးပို့ရမည်-

(က) ထိပ်တန်းလျှို့ဝှက်အဆင့်မှတ်တမ်းများ၊

( ခ ) လျှို့ဝှက်အဆင့်မှတ်တမ်းများ၊

( ဂ ) အတွင်းရေးအဆင့်မှတ်တမ်းများ၊

(ဃ) ကန့်သတ်အဆင့်မှတ်တမ်းများ။

၁၂။ မော်ကွန်းများ၏ လုံခြုံမှုအဆင့်သက်တမ်းသည် သက်ဆိုင်ရာလုပ်ငန်းဆောင်ရွက်ပြီးစီးသည့် နေ့ရက်မှစ၍ အောက်ပါအတိုင်းဖြစ်သည်-

(က) ထိပ်တန်းလျှို့ဝှက်အဆင့် မော်ကွန်းဖြစ်လျှင် နှစ်ပေါင်း ၃၀၊

( ခ ) လျှို့ဝှက်အဆင့် မော်ကွန်းဖြစ်လျှင် ၂၅ နှစ်၊

( ဂ ) အတွင်းရေးအဆင့် မော်ကွန်းဖြစ်လျှင် နှစ်ပေါင်း ၂၀၊

(ဃ) ကန့်သတ်အဆင့် မော်ကွန်းဖြစ်လျှင် ၅ နှစ်။

**အခန်း (၇)**

**မှတ်တမ်းနှင့် မော်ကွန်းများအား ကြည့်ရှုခွင့်နှင့် အသုံးပြုခြင်းဆိုင်ရာကိစ္စရပ်များ**

၁၃။ မှတ်တမ်းနှင့် မော်ကွန်းများအား ကြည့်ရှုခွင့်နှင့် အသုံးပြုခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍-

(က) ဦးစီးဌာနသည် အများပြည်သူဖတ်ရှုရန် ပုံနှိပ်ထုတ်ဝေပြီးသော မှတ်တမ်းများနှင့် ပုဒ်မ ၁၂ ပါ လုံခြုံမှုအဆင့်သက်တမ်း ကုန်ဆုံးပြီးသော မော်ကွန်းများကို အခြားအဖွဲ့အစည်း၊ အများပြည်သူ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ကြည့်ရှုခွင့်နှင့် အသုံးပြုခွင့်ပေးရမည်။ သို့ရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် လိုအပ်ပါက လုံခြုံမှုအဆင့် သက်တမ်းကုန်ဆုံးပြီးသော မော်ကွန်းများကို ကြည့်ရှုခွင့်နှင့် အသုံးပြုခွင့်မပြုဘဲ ထားနိုင်သည်။

( ခ ) ဦးစီးဌာနတွင်ရှိသော မှတ်တမ်းနှင့် မော်ကွန်းများအား ရည်ညွှန်းကိုးကားရေးအတွက် မိတ္တူကူးယူခြင်း၊ ကောက်နုတ်ချက် ထုတ်နုတ်အသုံးပြုခြင်းတို့ကို ဆောင်ရွက်ခွင့်ပြုရန် သတ်မှတ်ထားသည့် ပုံစံဖြင့် လျှောက်ထားလာလျှင် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်း၏ကိုယ်စား တာဝန်ခံအရာရှိသည် ဤဥပဒေအရ ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးနိုင်သည်။

၁၄။ လုံခြုံမှုအဆင့်ရှိမှတ်တမ်း သို့မဟုတ် လုံခြုံမှုအဆင့်သက်တမ်းရှိ မော်ကွန်းများကို ဖတ်ရှုလေ့လာရန်၊ သုတေသနပြုလုပ်ရန် သို့မဟုတ် အကိုးအကားပြုလုပ်ရန် ဌာနဆိုင်ရာ သုတေသီများက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ဖြင့် တောင်းခံလာပါက ညွှန်ကြားရေးမှူးချုပ်သည် ထိုသူအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၁၅။ မည်သူမဆို ဦးစီးဌာနရှိ မှတ်တမ်းနှင့် မော်ကွန်းများကို အောက်ပါအချက်များနှင့် ညီညွတ်လျှင် ပုံနှိပ်ထုတ်ဝေခြင်း သို့မဟုတ် မိတ္တူကူးယူခြင်း ပြုနိုင်သည် -

(က) ညွှန်ကြားရေးမှူးချုပ်၏ သဘောတူညီချက်ရရှိပြီး ဖြစ်ရမည်။

( ခ ) သတ်မှတ်ထားသော ကျသင့်သည့် အခကြေးငွေများကို ပေးဆောင်ပြီး ဖြစ်ရမည်။

( ဂ ) ပုံနှိပ်ထုတ်ဝေခြင်းအတွက် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပါမည်ဟု ကတိခံဝန်ချက်ပါရှိရမည်။

၁၆။ ဦးစီးဌာနတွင်ရှိသော မှတ်တမ်းနှင့် မော်ကွန်းများကို တရားရုံးများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများတွင် သက်သေခံအထောက်အထားအဖြစ်အသုံးပြုပါက ယင်းအထောက်အထားများသည် မိတ္တူမှန်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်၏လက်မှတ်နှင့် ရုံးတံဆိပ်အထောက်အထားများ ပါရှိရမည်။

**အခန်း (၈)**

**တားမြစ်ချက်များ**

၁၇။ မည်သူမျှ လုံခြုံမှုအဆင့်မှတ်တမ်း သို့မဟုတ် လုံခြုံမှုအဆင့်သက်တမ်း မကုန်ဆုံးသေးသော မော်ကွန်းတစ်ရပ်ရပ်ကို ခွင့်ပြုချက်မရှိဘဲ လေ့လာကြည့်ရှုခြင်း သို့မဟုတ် မိတ္တူကူးယူခြင်းမပြုရ။

၁၈။ မည်သူမျှ မှတ်တမ်း သို့မဟုတ် မော်ကွန်းတစ်ရပ်ရပ်ကို ခွင့်ပြုချက်မရှိဘဲ ဦးစီးဌာန၏ ပြင်ပသို့ ယူဆောင်ခြင်းမပြုရ။

၁၉။ မည်သူမျှ မော်ကွန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ ဦးစီးဌာန၏ စစ်ဆေးချက်အရ မော်ကွန်းဖြစ်လာနိုင်သည့် မှတ်တမ်းတစ်ရပ်ရပ်ကိုဖြစ်စေ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ တစ်နည်းနည်းဖြင့် ပျက်ပြယ်စေခြင်း၊ ခွင့်ပြုချက်မရရှိဘဲဖျက်ဆီးခြင်း သို့မဟုတ် မူလထိန်းသိမ်းထားရှိရာနေရာမှ ရွှေ့ပြောင်းခြင်းမပြုရ။

၂၀။ မည်သူမျှ မှတ်တမ်း သို့မဟုတ် မော်ကွန်းတစ်ရပ်ရပ်ကို ခွင့်ပြုချက်မရှိဘဲ ပြည်ပသို့ ထုတ်ယူခြင်း သို့မဟုတ် ရောက်ရှိစေခြင်း မပြုရ။

၂၁။ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

**အခန်း (၉)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၂၂။ မည်သူမဆို ပုဒ်မ ၁၇ သို့မဟုတ် ၁၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၃။ မည်သူမဆို ပုဒ်မ ၁၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၂၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၅။ မည်သူမဆို ပုဒ်မ ၂၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၂၆။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီကြောင်း သို့မဟုတ် ကျူးလွန်ရန် အားထုတ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ် ချမှတ်ရမည်။

**အခန်း (၁၀)**

**အထွေထွေ**

၂၇။ ဦးစီးဌာနသည် အခြားအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက ပုံနှိပ်ထုတ်ဝေသော စာအုပ်စာတမ်းများတွင် အမျိုးသားရေးတန်ဖိုး သို့မဟုတ် သမိုင်းဆိုင်ရာတန်ဖိုးပါရှိပါက ထိန်းသိမ်းထားရှိရန် စာအုပ်အမျိုးအစားအလိုက် သုံးအုပ်စီကို ဦးစီးဌာနသို့ ပေးလှူရန်တောင်းခံနိုင်သည်။

၂၈။ ဦးစီးဌာနတွင် ထိန်းသိမ်းထားရှိသော မှတ်တမ်းနှင့် မော်ကွန်းစာတွဲများ၏ သက်တမ်းကာလသည် ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်များနှင့်အညီ ဖြစ်ရမည်။

၂၉။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကြီးကြပ်ရေးအဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေနှင့်စရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၃၀။ ကြီးကြပ်ရေးအဖွဲ့သည် နိုင်ငံတော်နှင့် အများပြည်သူအကျိုးအတွက် လိုအပ်ပါက ထိပ်တန်းလျှို့ဝှက်အဆင့် သို့မဟုတ် လျှို့ဝှက်အဆင့်ရှိသော မှတ်တမ်း သို့မဟုတ် မော်ကွန်းများနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကင်းလွတ်ခွင့်ပြုနိုင်သည်။

၃၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

( ခ ) ကြီးကြပ်ရေးအဖွဲ့နှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

( ဂ ) ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၃၂။ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၈/၁၉၉၀ ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

**မယ်စဲ့ ဒီဇင်ဘာ ၂၉**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မယ်စဲ့မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၈ နာရီက မယ်စဲ့မြို့အဝင် ရတနာရန်အောင်စေတီတော်၌ ပြုလုပ်သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်တို့ ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ရတနာရန်အောင် စေတီတော်တွင် မြက်ပင်ချုံနွယ်များ၊ အမှိုက်များရှင်းလင်းခြင်း၊ ထွက်ရှိလာသော အမှိုက်များ မီးရှို့ခြင်း၊ စေတီတော်သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို ပြည်သူ့အကျိုးပြု စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် လူငယ်တွေ့ဆုံဆွေးနွေးပွဲတက်ရောက်

**ရွှေဘို ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တော်ခန်းမ၌ ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ၂၀၁၉ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး လူငယ်တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနား ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က လူငယ်ဆိုသည်မှာ တက်ကြွ ဖျတ်လတ်၊ သန့်စွမ်း၊ စူးစမ်း၊ တီထွင်သည့် သဘောသဘာဝရှိကြောင်း၊ အနာဂတ်၏ခေါင်းဆောင်အဖြစ် တင်စားခေါ်ဝေါ်ကြသလို ပစ္စုပ္ပန်အတွက်လည်း အားကိုးအားထားပြုထိုက်သည့် အင်အားစုတစ်ရပ်လို့ဆိုရင်လည်း မမှားကြောင်း၊ ကိုယ်ကျိုးမဖက်ဘဲ ဆန်းသစ်တီထွင်သည့် စိတ်ကူးစိတ်သန်းများနှင့် လူငယ်ထုရဲ့အကျိုး၊ တိုင်းပြည်အကျိုးကို ဆက်လက်သယ်ပိုးကြဖို့လည်း တစ်ပါတည်း တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံတကာကို ထိုးဖောက်ဝင်ရောက်နိုင်ကြဖို့နှင့် မိခင်တိုင်းပြည်အတွက် ပြန်လည်အကျိုးပြုကြဖို့ ထပ်မံမှာကြားလိုကြောင်း ပြောကြားသည်။




ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီအတွင်းရေးမှူး ကိုဝေမိုးနိုင်က ဖိုရမ်ကျင်းပရခြင်းနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် လူငယ်နှင့်ဒီမိုကရေစီရွေးကောက်ပွဲ၊ လူငယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ လူငယ်နှင့် စီးပွားရေးစွန့်ဦးတီထွင်မှု၊ လူငယ်နှင့် ပညာရေး ဆန်းသစ်တီထွင်မှုတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ထွန်းကိုကို(ယင်းမာပင်)**

# မုံရွာဆေးရုံကြီးတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို အခမဲ့ခွဲစိတ်ကုသမှုများဆောင်ရွက်မည်

**မုံရွာ ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူး၊ လက်ပူး၊ အဖုအကျိတ် မီးလောင်ဒဏ်ရာရ လူနာများကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၉ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ၁၂ ရက်တိုင် မုံရွာဆေးရုံကြီးတွင် အခမဲ့ခွဲစိတ်ကုသပေးမည် ဖြစ်ကြောင်း သိရသည်။

မုံရွာပြည်သူ့ဆေးရုံကြီးတွင် ဂျာမန်Inter Plast အသင်း ဆရာဝန်များနှင့် မြန်မာ ဆရာဝန်များပူးပေါင်း၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူး၊ လက်ပူး၊ အဖုအကျိတ် မီးလောင်ဒဏ်ရာ လူနာ ၁၀၀ ခန့်၏ ဘဝလှပစေရန် အခမဲ့ခွဲစိတ်ပေးရန် စီစဉ်ထား ကြောင်း သိရသည်။

အသက်ရှစ်လသားမှ ၆၀ နှစ်အထိ လူနာ ၁၀၀၊ လူနာစောင့် ၂၀၀ ကို နေထိုင်စားသောက်နိုင်ရန်နှင့် အပြန်စရိတ်ကိုပါ ကူညီပေးရန်စီစဉ်ထားပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ တစ် မြို့နယ်လျှင် လူနာအနည်းဆုံးသုံးဦးမှ အများဆုံးခုနစ်ဦးနှုန်းဖြင့် မြို့နယ်အစုံ ပါဝင်ကုသနိုင်သည်အထိ ဆောင်ရွက်နေကြောင်း သိရသည်။

မုံရွာမြို့ရှုံးကြီးရပ် သုဓမ္မစာရီဗိမာန်ကျောင်းနှင့် မြို့မ သတိပဋ္ဌာန်ကျောင်းများတွင် နေထိုင်စားသောက်နိုင်ရန် စီစဉ်ပေးသွားမည်ဖြစ်ပြီး သွေးနှင့် အောက်စီဂျင်များလုံလောက်စေရန် ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ ကြိုတင်သွေးလှူဒါန်းစုဆောင်း ထားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာစားဖိုမှူးများအသင်းနှင့် ဂျာမန်Inter Plast အသင်းတို့ ပူးပေါင်း၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူး၊ လက်ပူး၊ အဖုအကျိတ်၊ မီးလောင်ဒဏ်ရာများကို အခမဲ့ခွဲစိတ် ကုသလာသည်မှာ ၂၃ နှစ်အတွင်း လူနာပေါင်းများစွာကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိ ရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# နိုင်ငံခြားဈေးကွက်ဝင်ဖရဲနှင့် သခွားမွှေးသီးနှံစိုက်ပျိုးခြင်းကြောင့် ဒေသခံပြည်သူများအလုပ်အကိုင်များပိုမိုရရှိ



**ချောင်းဦး ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်အတွင်း နိုင်ငံခြားဈေးကွက်ဝင် ဖရဲနှင့် သခွားမွှေးသီးနှံများကို စိုက်ပျိုးသူလုပ်ငန်းရှင်များလာခြင်းကြောင့် ဒေသခံပြည်သူ နေ့စားအလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိလာကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဖရဲ၊ သခွားမွှေးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးစိုးလွင်ထံမှ သိရသည်။

“ရာသီတစ်ခုလုံးဆို ခြောက်လလောက် လုပ်ရတယ်၊ ဆောင်းရာသီ၊ နွေရာသီဆို နှစ်ကြိမ်စိုက်ကြတာ၊ အမျိုးသမီးတွေက အသီးတွေကို စတစ်ကာကပ်တယ်၊ ထုပ်ပေးပြီး ဂျပ်ဖာလုပ်တယ်၊ အိတ်စွပ်ပေးတယ်၊ အမျိုးသားတွေကျတော့ အသီးတွေဆွတ်တယ်၊ သယ်ပေးတယ်၊ ဂျပ်ဖာတွေထဲအသီးတွေထည့်ပြီးရင် ကားပေါ်ကိုမတင်ပေးရတယ်” ဟု ချောင်းဦးမြို့နယ်ရှိသခွားမွှေးစိုက်ခင်းများတွင် နေ့စားအလုပ်သမားအဖြစ် လာရောက်လုပ်ကိုင်သူ ရေစကြိုမြို့နယ် မအူကျေးရွာမှ မသန်းသန်းအေးက ပြောသည်။

ယခုနှစ် ဖရဲသခွားမွှေးသီးနှံစိုက်ရာသီတွင် ချောင်းဦးမြို့နယ်အတွင်း သခွားမွှေးသီးနှံ စိုက်ဧက ၁၀၀၀၀ ကျော်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံးတွင် သခွားမွှေးသီးနှံကိုဧက ၃၀၀၀၀ ဝန်းကျင်ခန့် စိုက်ပျိုးကြောင်း၊ ဖရဲသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံးတွင် ဧက ၅၀၀၀၀ ကျော်စိုက်ပျိုးကြောင်း ဦးစိုးလွင်က ဆက်လက်ပြောပြသည်။

**ဝင်းဦး(ဖေယျာတိုင်း)**

# မရမ်းကုန်းမြို့နယ်အတွင်းရှိ မီးဘေးသင့် အိမ်ထောင်စုများအတွက် နေအိမ်များပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မရမ်းကုန်းမြို့နယ်အတွင်းရှိ မီးဘေးသင့်အိမ်ခန်းရှင်များအတွက်ဆောက်လုပ်ထားသည့် နေအိမ်တိုက်ခန်းများကို ဒီဇင်ဘာ ၂၄ ရက်တွင် ပေးအပ်လိုက်ပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

နေအိမ်တိုက်ခန်းပိုင်ရှင်များအား တစ်ဦးချင်းအလိုက် နေအိမ်တိုက်ခန်းသော့များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သုခိတာတန်ဖိုးနည်း အိမ်ရာစီမံကိန်း၌ အဆောက်အအုံ ခုနစ်လုံးပါဝင်ပြီး လူနေအိမ်တိုက်ခန်းစုစုပေါင်း အခန်း ၉၀ ပါဝင်ဆောက်လုပ်ထားကာ ထိုအထဲမှ မီးဘေးသင့်အိမ်ထောင်စု ၄၀ အား ပြန်လည်နေရာချထားပေးရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဆန်းမြတ်ထွန်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့မှ အကျိုးတူပူးပေါင်း၍ ဆောက်လုပ်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။ **ပွင့်သစ္စာ**

# (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အင်းစိန် မီနီမာရသွန်ပြေးပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

အင်းစိန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မီနီမာရသွန်ပြိုင်ပွဲကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီတွင် အင်းစိန်မြို့နယ် မင်းကြီးလမ်းပေါ်ရှိ အထက(၁)ရှေ့၌ စုရပ်လုပ်ကာ သေနတ်ပစ်ဖောက် တာလွှတ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မီနီမာရသွန်ပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်းနှင့် အမျိုးသမီးအလွတ်တန်း ပါဝင်ပြီး အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက အင်းစိန်မြို့နယ် အတွင်း တရားဝင်နေထိုင်လျက်ရှိကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်နှင့်အတူ ပတ်စ်ပို့ဓာတ်ပုံအရွယ် နှစ်ပုံဖြင့် ကျင်းပရေးကော်မတီထံ အချိန်မီစာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်သော (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အထက(၁) စုရပ်မှ နံနက် ၅ နာရီတွင် တာလွှတ်ပြီး မင်းကြီးလမ်း၊ ဂျပန်လမ်း၊ ပြည်လမ်းအတိုင်း စော်ဘွားကြီးကုန်းလမ်းဆုံအရောက် (ယာ)ဘက်ချိုးကွေ့ပြီး အာလိန်ငါးဆင့်ဘုရား ရှေ့လမ်းသစ်လမ်းအတိုင်း ဖြတ်သန်းကာ အင်းစိန်ခုံးကျော်တံတားဘေးမှ မင်းကြီးလမ်းအတိုင်း အထက(၁) ရှေ့စုရပ်သို့ ပန်းဝင်ရမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၂၈ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၈ တွင်ပါရှိသည့် နာနတ်တော-ဘုရင့်နောင် လေးလမ်းဆုံလူကူးခုံးကျော်တံတား လွတ်လပ်ရေးနေ့တွင် ဖွင့်လှစ်မည် သတင်းနောက်ဆုံးအပိုဒ်တွင်ပါရှိသည့် တော်ဝင်စာမရီ ဆောက်လုပ်ရေးက တည်ဆောက်အစား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တည်ဆောက်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **စာရေးသူ**



# မန္တလေးမြို့၌ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၉**

(၄၃) ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၅ နာရီခွဲက မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းရှိ မြို့တော်စည်ပင်ရုံးရှေ့ စုရပ်နေရာ၌ ကျင်းပသည်။

စက်ဘီးစီးအဖွဲ့ဝင် ၂၀၀ ကျော်တို့သည် စုရပ်နေရာမှ ၂၆ လမ်းအတိုင်း လမ်း ၈၀၊ ၁၂ လမ်း၊ ၆၆ လမ်း၊ ထိုမှ ၂၆ လမ်းအတိုင်း ကျုံးတစ်ပတ်ပတ်၍ ကျုံးတောင်ဘက် တာလွှတ်စုရပ်နေရာအထိ စက်ဘီးစီးနင်းကြပြီး ပျော်ရွှင်စွာ စုပေါင်းဆင်နွှဲကြသည်။

အဆိုပါ စုပေါင်းစက်ဘီးစီးနင်းပွဲသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ကျောင်းသား ကျောင်းသူများ၊ စက်ဘီးစီးအားကစားဝါသနာရှင် ပြည်သူများ၊ ဝန်ထမ်းများ စုပေါင်းစက်ဘီးစီးနင်းပါဝင် ဆင်နွှဲခဲ့ကြသည်။ **တင်မောင် (မန်းကိုယ်ပွား)**

# ကလေးသူငယ်အခွင့်အရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီနှင့် ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၇ ရက်နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သုံးခွမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမြင့်က သက်ငယ်မုဒိမ်းမှုများပပျောက်ရေးအတွက် မိဘအုပ်ထိန်းသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ အကူအညီရယူ၍ အသိပညာပေးဟောပြောပွဲများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရေး ဆွေးနွေးတင်ပြသည်။

ထို့နောက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာနှင့် အမျိုးသမီးကော်မတီဝင်များက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**

# စာပေဆုရ ပညာတန်ဆောင်ကလောင်ရှင်များအား ထပ်ဆင့်ဂုဏ်ပြု



**ရန်ကုန် ဒီဇင်ဘာ ၂၉**

ပညာတန်ဆောင်စာပေပြိုင်ပွဲဆုနှင်းသဘင်ကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပသည်။

" ဆရာကြီးတို့ရဲ့ ပညာတန်ဆောင်မဂ္ဂဇင်းက ထုတ်ဝေလာတာ ဒီနှစ်ဆိုရင် နှစ်ပေါင်း ၆၇ နှစ်ရှိပါပြီ။ ပညာတန်ဆောင်ဟာ ပညာရေးကို အဓိကအခြေခံပြီး ထုတ်ဝေတာဖြစ်သလို သမိုင်းအစဉ်အလာ ၊ ပညာရေးအစဉ်အလာ ကြီးမားတဲ့ မဂ္ဂဇင်း တစ်စောင်ပါ"ဟု ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းဦးက ပြောသည်။

ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုခံ ဂုဏ်ထူးဆောင်ဆရာကြီး ဆရာမကြီးများအား ထပ်ဆင့်ဂုဏ်ပြုခြင်း၊ နိုင်ငံတော်အဆင့်စာပေဆုရပညာတန်ဆောင် ကလောင်ရှင်များ(စာပေဗိမာန်ဆု)ထပ်ဆင့်ဂုဏ်ပြုခြင်းနှင့် စာပေစွမ်းရည်ထူးချွန်သူများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပညာတန်ဆောင်မဂ္ဂဇင်းကို ရှေးခေတ်လက်ထောက်ပညာမင်းကြီး ဦးထွန်းအောင်က ၁၉၅၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်တည်ထောင်ထုတ်ဝေခဲ့ပြီး ယခု ၂၀၁၉ ခုနှစ်တွင် ၆၇ နှစ်ပြည့်ပြီဖြစ်ကြောင်း သိရသည်။

၁၉၅၄ ခုနှစ်မှစတင်ကာ စာပေပြိုင်ပွဲများကို ကျင်းပခဲ့ပြီး ယခုနှစ်တွင် စာပေပြိုင်ပွဲအမျိုးအစားပေါင်းရှစ်မျိုးကို ယှဉ်ပြိုင်စေခဲ့ကြောင်း သိရသည်။

**မြင့်မောင်စိုး**

**✻ ကျောဖုံးမှ**

ညနေပိုင်းတွေမှာ ပိုမိုစည်ကားပါတယ်" ဟု တောင်မင်းကြီးဘုရား ဂေါပကဥက္ကဋ္ဌ ဦးသန်းမြင့်က ပြောသည်။

ကမ္ဘာကျော်ဦးပိန်တံတားသည် နှစ်ပေါင်း ၁၆၀ ကျော် သက်တမ်းရှိသော ကမ္ဘာ့အရှည်ဆုံးသစ်သား တံတားတစ်စင်းဖြစ်ကာ မြန်မာသက္ကရာဇ် ၁၂၁၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၂၁၃ ခုနှစ်တွင် ပြီးစီးခဲ့သည်။ တိုင်ပေါင်း ၁၀၈၆ တိုင်၊ အခန်းပေါင်း ၄၈၂ ခန်း၊ တံတားအရှည် ၁၉၇၆ ပေရှိကြောင်း မှတ်တမ်းများ အရသိရပြီး ယခုနှစ် ဒီဇင်ဘာ ပိတ်ရက်ကာလများတွင် ပြည်တွင်းပြည်ပခရီးသွား နေ့စဉ် တစ်သိန်းကျော် လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# နိုင်ငံခြားသားခရီးသွားဧည့်သည်များ တာချီလိတ်နယ်စပ်မှ ၁၂၇၄၂၀၀ ကျော် ဝင်ရောက်လည်ပတ်



**တာချီလိတ် ဒီဇင်ဘာ ၂၉**

တာချီလိတ် နယ်စပ်ဝင်ပေါက်မှ တစ်ဆင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ နေ့စဉ်ဝင်ရောက်လည်ပတ်လျက်ရှိရာ ဒီဇင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံသားအများစုပါဝင်သည့် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားဧည့်သည် နေ့ချင်းပြန်နှင့် ညအိပ်ခရီးစဉ်အဖြစ် စုစုပေါင်း ၂၇၈၅၉ ဦး ဝင်ရောက်လည်ပတ်ခဲ့ပြီး ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း ၁၂၇၄၂၆၃ ဦးရှိကြောင်းဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ သိရသည်။

နိုင်ငံခြားသားခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံအတွင်း ဘုရားဖူးခြင်း၊ ရေမြေတောတောင် သဘာဝအလှရှုခင်းများနှင့် အထင်ကရနေရာများ၊ တိုင်းရင်းသားများ၏ မတူကွဲပြားသည့်ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ လူနေမှုဘဝပုံစံများကို ဗဟုသုတအဖြစ် ကြည့်ရှုလေ့လာသိမြင်ခံစားနိုင်စေရန် ဝင်ရောက်လျက်ရှိရာ တစ်ပတ်အတွင်းတာချီလိတ်နေ့ချင်းပြန်အဖြစ် ထိုင်းနိုင်ငံသား ၂၅၈၄၇ ဦး၊ တတိယနိုင်ငံသား (နိုင်ငံခြားသား) ၅၃၉ဦး၊ လန့်တောင်းဘုရားသို့ ထိုင်းနိုင်ငံသား ၁၃ ဦး၊ ညအိပ်ခရီးစဉ်အဖြစ် မိုင်းဖြတ်နှင့် ကျိုင်းတုံမြို့သို့ ထိုင်းနိုင်ငံသားအများစုပါဝင်သည့် တတိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည် ၃၆၃ ဦး၊ ပြည်တွင်းခရီးစဉ်သို့ ဗီဇာဖြင့် (ဗီဇာကင်းလွတ်ခွင့်ရ) နိုင်ငံသားအပါအဝင် နိုင်ငံခြားသား ခရီးသွားဧည့်သည် ၁၀၉၇ဦး ဝင်ရောက်လည်ပတ်ခဲ့သည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၂၆ ရက်အထိ နေ့ချင်းပြန်နှင့် ညအိပ်ခရီးသည် ထိုင်းနိုင်ငံသား ၁၁၈၃၈၆၄ ဦး၊ တတိယနိုင်ငံသား (နိုင်ငံခြားသား) ၁၈၀၄၇ ဦး၊ လန့်တောင်းဘုရားသို့ နေ့ချင်းပြန် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား (နိုင်ငံခြားသား) ၃၈၃ ဦး၊ မိုင်းဖြတ်နှင့် ကျိုင်းတုံခရီးစဉ်တွင် ၁၂၅၆၉ ဦး၊ ဗီဇာ (ဗီဇာကင်းလွတ်ခွင့်)ဖြင့် ပြည်တွင်းခရီးစဉ်သို့ ဧည့်သည် ၅၉၄၀၀ စုစုပေါင်း နိုင်ငံခြားသား ခရီးသွားဧည့်သည် ၁၂၇၄၂၆၃ ဦး ဝင်ရောက်လည်ပတ်ခဲ့သည်။

**ဝေယံလင်း(ပြန်/ဆက်)**

# မော်လမြိုင်ကျွန်း အထက - ၁ (၃၅) ကြိမ်မြောက် ကျောက်စိမ်းရတုအငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကျင်းပ

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ (ယခင်အစိုးရအထက်တန်းကျောင်း) အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၏ (၃၅) ကြိမ်မြောက် ကျောက်စိမ်းရတုအဖြစ် အငြိမ်းစားဆရာကြီး ဆရာမကြီးများ၏ မြတ်ဆရာပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၈ ရက် ညနေ ၅ နာရီက အမှတ်(၁) အထက်တန်းကျောင်းဝင်း၌ ကျင်းပရာ အငြိမ်းစားဆရာကြီး ဆရာမကြီးများ၊ ရပ်ဝေး ရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ စုစုပေါင်း ၁၀၀၀ ကျော် ပူဇော်ကန်တော့ပွဲသို့ တက်ရောက်ကြသည်။

ယင်းမြတ်ဆရာပူဇော်ပွဲတွင် ရှေးဦးစွာ အထက - ၁ ဆရာမများက မြတ်ဆရာသီချင်းဖြင့် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား သီဆိုပူဇော်ကြပြီး ကျင်းပရေးကော်မတီနာယက ဦးစိုးမြင့်နှင့် ဦးချိုဝင်းတို့က ပူဇော်ကန်တော့ပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အငြိမ်းစားဆရာကြီး ဆရာမကြီး ၁၉၆ ဦးတို့အား ပူဇော်ကန်တော့ငွေကျပ် ၂၄၆ သိန်းကျော်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

**မော်ကျွန်း -မြင့်အောင်**

## သတင်းစုံကဏ္ဍ

### အောင်သိဒ္ဓိစေတီတော် ထီးတော်တင်လှူ

**ရမည်းသင်း**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှကျေးရွာ ဒက္ခိဏာရာမကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် အောင်သိဒ္ဓိစေတီတော်ကြီး ရွှေထီးတော်တင်လှူပွဲ မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက အဆိုပါစေတီတော်ရှေ့တွင် ကျင်းပရာ ထီးတော်အဆင့်ဆင့်ကို ပန်းရထားဖြင့် တင်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။ **လှိုင်သန်းတင့် (ရမည်းသင်း)**

### စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**သီပေါ**

ဒီဇင်ဘာလနောက်ဆုံးပတ် လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၅ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ မြို့လယ်ဗဟိုမိုင်းပွန်လမ်းနှင့် လမ်းမတော် လမ်းဆုံရာ စုရပ်၌ ကျင်းပသည်။

မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ စုစည်း၍ မန္တလေး-သီပေါ-လားရှိုး-မူဆယ်ပြည်ထောင်စုလမ်းမကြီး စံဖိတ်ကျေးရွာအထိ စုပေါင်းလမ်းလျှောက်ပြီး စိဖိတ်ကျေးရွာဘောလုံးကွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

**မော်လမြိုင်ကျွန်း**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့တွင် ဒီဇင်ဘာပြည်သူ့အားကစားလ မြို့တစ်ပတ်စုပေါင်းလမ်းလျှောက်ပွဲနှင့် ကိုယ်ကာယလေ့ကျင့်ခန်း စုပေါင်းဆောင်ရွက်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၅ နာရီခွဲက မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့တွင် စုရပ်ထားရှိပြီး မြို့တစ်ပတ်စုပေါင်းလမ်းလျှောက်ကြသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အားကစားသမားများ၊ အဖွဲ့အစည်းပေါင်းစုံနှင့် မြို့မရပ်ကွက်ပေါင်းစုံမှ ဒေသခံပြည်သူများ စုစုပေါင်း ၈၀၀ ကျော်တို့က မြို့မ ၁၁ လမ်းမကြီးအတိုင်း မြို့တစ်ပတ် လမ်းလျှောက်ကြပြီး သမ္မာသမ္ဗုဒ္ဓမြို့ဦးစေတီတော်ဝင်းတွင် စုပေါင်းကိုယ်ကာယ လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**မော်ကျွန်း – မြင့်အောင်**

**ပြင်ဦးလွင်**

ပြင်ဦးလွင်မြို့နယ်၏ ဒီဇင်ဘာစတုတ္ထအပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ၂၈ ရက် နံနက် ၆ နာရီတွင် ရုံးပေါင်းစုံစုရပ်၌ ကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးအောင်မင်း၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများ အင်အားစုစုပေါင်း ၁၄၀၀ ကျော်သည် ခရိုင်အားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ပွဲဆင်နွှဲကြပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**အောင်စံမောင်**



ဒီဇင်ဘာ ၂၈ ရက်က ရှမ်းပြည်နယ် မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့မှ မိုင် ၃၀ ခန့်အကွာ နမ့်တိန်းချောင်းပေါ်ရှိ ကျိုင်းတောင်းရေတံခွန်သဘာဝအလှအား ရှုမြင်ရစဉ်။ မောင်ယဉ်ကျေး

# ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေး ဩစတြေးလျအိုးပင်းနဲ့ အေတီပီဖလားတို့တွင် လွဲချော်မည်

ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးဟာ တင်ပဆုံရိုးဒဏ်ရာရရှိခဲ့တာကြောင့် လာမယ့် ဇန်နဝါရီလအတွင်းမှာ ကျင်းပမည့် ဩစတြေးလျအိုးပင်းနဲ့ အေတီပီဖလားတင်းနစ်ပြိုင်ပွဲတို့မှာ လွဲချော်ဖို့ ရှိနေပါတယ်။

အသက် ၃၂ နှစ်အရွယ်ရှိ အန်ဒီမာရေးဟာ လွန်ခဲ့တဲ့ ၁၂ လတာကာလအတွင်းက မဲလ်ဘုန်းမြို့မှာ ကျင်းပခဲ့တဲ့ တင်းနစ်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီးနောက် ပထမဆုံးအကြိမ် ဂရန်းဆလမ်းဆုဖလားကို ရယူနိုင်ဖို့ ရည်ရွယ်ခဲ့တာဖြစ်ပြီး ဒဏ်ရာပြဿနာကြောင့် လာမယ့်လအတွင်းမှာ ကစားမယ့် တင်းနစ်ပြိုင်ပွဲတွေမှာ လွဲချော်တော့မှာ ဖြစ်ပါတယ်။

အန်ဒီမာရေးဟာ တင်ပဆုံရိုးဒဏ်ရာရရှိခဲ့တာကြောင့် ဖေဖော်ဝါရီလအထိ တင်းနစ်ပြိုင်ပွဲတွေမှာ ပါဝင်ကစားနိုင်မှာမဟုတ်ကြောင်းလည်း သိရပါတယ်။ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၂၀ ရက်ကနေ ဖေဖော်ဝါရီ ၃ ရက် အထိ မဲလ်ဘုန်းမြို့မှာ ကျင်းပမှာဖြစ်ပြီး အေတီပီဖလားပြိုင်ပွဲကတော့ ဇန်နဝါရီ ၃ ရက်မှာ ကျင်းပမှာ ဖြစ်ပါတယ်။

အန်ဒီမာရေးဟာ အမျိုးသားတစ်ဦးချင်း ဂရန်းဆလမ်း ပြိုင်ပွဲလေးခုမှာ ချန်ပီယံဖြစ်ထားတဲ့ ကစားသမားတစ်ဦးဖြစ်ပြီး ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲမှာ ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၃၊ ၂၀၁၅ နဲ့ ၂၀၁၆ ခုနှစ်တို့မှာ ချန်ပီယံဖြစ်ထားခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲမှာ ၂၀၁၆ ခုနှစ်၊ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ၂၀၁၂ ခုနှစ်၊ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ ၂၀၁၃ နဲ့ ၂၀၁၆ ခုနှစ်တို့မှာ ချန်ပီယံဖြစ်ထားခဲ့တာ ဖြစ်ပါတယ်။






# ချယ်လ်ဆီးတိုက်စစ်မှူး ပက်ဒရို ဘာစီလိုနာသို့ ပြောင်းရွှေ့မည်

ချယ်လ်ဆီးအသင်းတိုက်စစ်မှူး ပက်ဒရိုဟာ နည်းပြ ဖရန့်လမ်းပတ်လက်ထက်မှာ ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးခဲ့ရတာကြောင့် အသင်းဟောင်း ဘာစီလိုနာအသင်းဆီ ပြန်လည်ပြောင်းရွှေ့ဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။

ပက်ဒရိုဟာ အခုနှစ်ဘောလုံးရာသီမှာ ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ်လေးပွဲသာ ပါဝင်ပွဲထွက်ကစားခွင့်ရရှိခဲ့သူဖြစ်ပြီး ချယ်လ်ဆီးအသင်းက အသင်းရဲ့ အဓိကကစားသမားစာရင်းကနေ အဆုံးသတ်မယ့် ကစားသမားတွေထဲမှာ တစ်ဦးအပါအဝင် ဖြစ်လာခဲ့တာလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူး ပက်ဒရိုဟာ ၂၀၁၅ ခုနှစ်မှာ ဘာစီလိုနာအသင်းကနေ ထွက်ခွာခဲ့သူဖြစ်ပြီး ဘာစီလိုနာအသင်းအတွက် အားထားရတဲ့ ကစားသမားတွေဖြစ်တဲ့ မက်ဆီ၊ ဇာဗီ စတဲ့ ကစားသမားတွေနဲ့အတူ ဘာစီလိုနာအသင်းမှာ ခုနစ်နှစ်ကြာ အတူကစားခဲ့တာလည်းဖြစ်ပါတယ်။

ဒါကြောင့် ဘာစီလိုနာအသင်းကနေ ပြန်လည်ခေါ်ယူမယ်ဆိုရင် ချယ်လ်ဆီးအသင်းကနေ ပြန်လည်ထွက်ခွာဖို့ စီစဉ်နေတယ်လို့လည်း တိုက်စစ်မှူး ပက်ဒရိုက ဆိုပါတယ်။ တိုက်စစ်မှူး ပက်ဒရိုဟာ ချယ်လ်ဆီးအသင်းနဲ့အတူ ၁၉၃ ပွဲ ပါဝင်ကစားခဲ့ရာမှာ ၄၂ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီး ဘာစီလိုနာအသင်းနဲ့အတူ ၃၂၀ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ ၉၉ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ငွေကြယ် -ရေးသားသည်

---

**✻ ဝန်ကြီးဌာနပေါင်းစုံမှ**

၁၁ ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာန အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိသွားသည်။

**ယှဉ်ပြိုင်ကစားကြ**

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း (၁)နှင့် (၂)ကြားတွင် အမျိုးသားလွန်ဆွဲပြိုင်ပွဲများ၊ အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲများ၊ TC-1 တွင် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြသည်။

ထို့နောက် ဖူဆယ် ဘောလုံးပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက သမ္မတရုံးဝန်ကြီးဌာနအသင်းအား ၁၁ ဂိုး-ဂိုးမရှိ၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အသင်းအား ရှစ်ဂိုး- တစ်ဂိုး၊ ပြည်ထောင်စုရာထူးဝန်အသင်းက ပြည်သူ့လွှတ်တော်အသင်းအား နှစ်ဂိုး- တစ်ဂိုး၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းအား ရှစ်ဂိုး-တစ်ဂိုး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းအား နှစ်ဂိုး-တစ်ဂိုး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းအား နှစ်ဂိုး-တစ်ဂိုး၊ ရွေးကောက်ပွဲကော်မရှင်ရုံး အသင်းက နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနအသင်းအား ငါးဂိုး- သုံးဂိုးတို့ဖြင့် အသီးသီး အနိုင်ရရှိခဲ့သည်။

**ဘော်လီဘောပြိုင်ပွဲ ယှဉ်ပြိုင်**

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)တွင် ဘော်လီဘော(အမျိုးသမီး)ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားရာ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်း သိရသည်။ **အား/ကာ**



၂၀၁၉ ရာသီ MNL ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်း

**❍ အမျိုးသားတံခွန်စိုက်မှ**

"ဒီပြိုင်ပွဲကတော့ သက်တမ်းအလိုက်ရော တံခွန်စိုက်ပွဲရောဆိုတော့ ပွဲကြီးတစ်ပွဲပါပဲ။ ဒီပြိုင်ပွဲကနေ လူငယ်ကစားသမားတွေ အများအပြား ပေါ်ထွက်လာတာ တွေ့ရပါတယ်။ ဒီပြိုင်ပွဲက အကောင်းဆုံး ကစားသမားတွေကို ရွေးချယ်ပြီး ပြည်ပပြိုင်ပွဲတွေအတွက် လေ့ကျင့်သင်ကြားပေးသွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးဉာဏ်လွင်က ပြောသည်။




အဆိုပါပြိုင်ပွဲတွင် အသက် ၉ နှစ်အောက်၊ ၁၁ နှစ်အောက်၊ ၁၃ နှစ်အောက်၊ ၁၅ နှစ်အောက်၊ ၁၇ နှစ်အောက်၊ ၁၉ နှစ်အောက် အတန်းများနှင့် အမြင့်ဆုံး တံခွန်စိုက် အကြီးတန်းပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် နိုင်ငံတစ်ဝန်းရှိ ကြက်တောင်အသင်းပေါင်း ၅၁ သင်းမှ ကိုယ်စားပြုကစားသမားပေါင်း ၃၇၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ပြိုင်ပွဲကို ဒီဇင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မြင့်မောင်**

**❖ မဲခေါင်ကလပ်ပြိုင်ပွဲမှ**

ယင်းပြိုင်ပွဲကို မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှ ကလပ်အသင်းများအတွက် ကျင်းပခြင်းဖြစ်ပြီး မဲခေါင်ဒေသနိုင်ငံများအတွက် ရည်ရွယ်ကျင်းပသည့် မဲခေါင်ကလပ်ပြိုင်ပွဲကို ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ကျင်းပခဲ့သည်။ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်တွင် ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ၂၀၂၀ ပြည့်နှစ်မှသာ ပြန်လည်ကျင်းပခြင်းဖြစ်ကာ ဒီဇင်ဘာ ၂၇ ရက်က ပြုလုပ်သည့် မြန်မာနေရှင်နယ်လိဂ် ကော်မတီအစည်းအဝေးတွင် ရန်ကုန်အသင်းကို ယှဉ်ပြိုင်ခွင့်ပြုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မဲခေါင်ကလပ်ပြိုင်ပွဲကို လေးကြိမ်ကျင်းပခဲ့ပြီး မြန်မာကလပ်အသင်းများအနေဖြင့် နောက်ဆုံးကျင်းပသည့် ၂၀၁၇ ပြိုင်ပွဲမှလွဲ၍ ကျန်သုံးကြိမ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်တွင် ကျင်းပနိုင်ခြင်း မရှိခဲ့ပေ။ မဲခေါင်ကလပ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ကလပ်အသင်းများအဖြစ် ၂၀၁၄ ခုနှစ်တွင် ရှေ့ဝတီ ယူနိုက်တက်အသင်း၊ ၂၀၁၅ ခုနှစ်တွင် ရန်ကုန်ယူနိုက်တက်အသင်း၊ ၂၀၁၆ ခုနှစ်တွင် ရတနာပုံအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရှေ့ဝတီအသင်းမှာ ဒုတိယနေရာရခဲ့ပြီး ကျန်အသင်းများမှာမူ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ကျင်းပပြီးစီခဲ့သည့် ပြိုင်ပွဲလေးကြိမ်တွင် ထိုင်းကလပ်အသင်းများက သုံးကြိမ်၊ ဗီယက်နမ်ကလပ်အသင်းက တစ်ကြိမ် ဖိုလ်စွဲထားပြီး ဘူရီရမ် (ထိုင်း)က နှစ်ကြိမ်၊ မြောင်တောင်ယူနိုက်တက် (ထိုင်း) နှင့် ဘင်ဒေါင်း (ဗီယက်နမ်)က တစ်ကြိမ်စီ ဖိုလ်စွဲထားသည်။

ရန်ကုန်အသင်းသည် ၂၀၂၀ ပြည့်နှစ်တွင် ပြည်တွင်းပြိုင်ပွဲများဖြစ်သည့် ရာသီကြိုချာရတီဖလားပြိုင်ပွဲ၊ MNL အမှတ်ပေးပြိုင်ပွဲ၊ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှိုးထွက်ပြိုင်ပွဲများအပြင် ပြည်ပပြိုင်ပွဲများဖြစ်သည့် AFC Cup ပြိုင်ပွဲ ခြေစစ်ပွဲနှင့် မဲခေါင်ပြိုင်ပွဲတို့တွင် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ကျေးလက်ဒေသများတွင် လျှပ်စစ်ဓာတ်အားရရှိရေး အလေးထားဆောင်ရွက်



**မန္တလေး ဒီဇင်ဘာ ၂၉**

နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့် အထိမ်းအမှတ်နှင့် 33/11 KV, 20 MVA (GIS) စွယ်တော်ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ စွယ်တော်ဓာတ်အားခွဲရုံ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်က နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးလည်း ပါဝင်ကြောင်း၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှု ကွာခြားချက် နည်းပါးစေရေး၊ ကျေးရွာနေ ပြည်သူလူထု အလုပ်အကိုင်ရရှိရေးနှင့် အသိဉာဏ်ပညာ ပွင့်လင်းလာစေရေးအတွက် ကျေးလက်ဒေသများ လျှပ်စစ်ဓာတ်အားရရှိရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောသည်။

ထို့နောက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အမှုဆောင်အရာရှိချုပ် ဦးတင်အောင်က တစ်နိုင်ငံလုံးရှိ အိမ်ထောင်စု ၅၀ ရာခိုင်နှုန်း မီးလင်းပေးနိုင်ခြင်းနှင့် 33/11 KV၊ 20 MVA (GIS) စွယ်တော်ဓာတ်အားခွဲရုံ တည်ဆောက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယခင်က မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ ထုံးဘို၊ စာကလေးအင်း၊ တောလှ၊ မိုင် ၄၀၊ ရေဘုတ်အပါအဝင် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ ၁၅ ရွာကို ၁၅ မိုင်ကွာဝေးသော ကျောက်ချောဓာတ်အားခွဲရုံမှ ဓာတ်အားရယူပေးရသည့်အတွက် ဓာတ်အားလိုင်းမိုင် ဝေးကွာခြင်းကြောင့် ဗို့အားကျဆင်းခြင်း၊ လိုင်းအပြစ်ဖြစ်ပွားမှုများပြားခြင်းတို့ ကြုံတွေ့ခဲ့ရပြီး ယခုဖွင့်လှစ်သည့် စွယ်တော်ဓာတ်အားခွဲရုံသည် အဆိုပါကျေးရွာများကို ဓာတ်အားပေးမည်ဖြစ်သည့်အတွက် ကျေးရွာများအနေဖြင့် ဗို့အား ပြည့်ပြည့်ဝဝရရှိခြင်းနှင့် လိုင်းအပြစ်ဖြစ်ပွားမှုနည်းပါးခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ မြို့/ကျေးရွာ မီးလင်းပြီးစီးမှု အခြေအနေများအနေဖြင့် ဓာတ်အားစနစ်မှ မီးလင်းပြီး မြို့ပေါင်း ၃၀၊ ကျေးရွာပေါင်း ၂၉၅၅ ရွာနှင့် ဆိုလာအပါအဝင် အခြားနည်းဖြင့် မီးလင်းပြီး ကျေးရွာပေါင်း ၈၂၄ ရွာရှိကြောင်း၊ မီးသုံးစွဲသူများ ပြားလာသည်နှင့်အမျှ ဓာတ်အားလိုင်း ဓာတ်အားခွဲရုံများကို တိုးချဲ့အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးအတွင်း ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ ၆၆ ကေဗွီလိုင်း ၃၇၄ ဒသမ ၈၈၀ မိုင်၊ ၃၃ ကေဗွီ ၁၇၇၅ ဒသမ ၂၀၂ မိုင်၊ ၁၁ ကေဗွီ ၃၇၇၄ ဒသမ ၁၀၆ မိုင်နှင့် ၄၀၀ ဗို့လိုင်း ၃၈၉၅ ဒသမ ၁၇၉ မိုင်အထိ တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရန်ကုန်တက္ကသိုလ် မန္တလေးဆောင်ကျောင်းသားဟောင်းများ တွေ့ဆုံပွဲကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို မန္တလေးဆောင်ကျောင်းသားဟောင်းများ၏ (၁၉)ကြိမ်မြောက် တွေ့ဆုံပွဲနှင့် ညစာစားပွဲကို ဒီဇင်ဘာ ၂၄ ရက် ညနေပိုင်းက ရန်ကုန်မြို့ပြည်လမ်းရှိ International Business Center ၌ ကျင်းပသည်။

မန္တလေးဆောင် ကျောင်းသားဟောင်းများဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ညိုက မန္တလေးဆောင် ကျောင်းသားဟောင်းများသည် မိမိတို့ခိုလှုံခွင့်ရခဲ့သည့် အဆောင်၊ မိမိတို့ကို သွန်သင်ဆုံးမခဲ့သည့် ဆရာ၊ မိမိတို့ ပညာသင်ယူခွင့်ရခဲ့သည့် တက္ကသိုလ်အပေါ် သံယောဇဉ်ကြီးမားကြကြောင်း၊ ကြုံရခဲသည့် ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲတွင် ပါဝင်ဆင်နွှဲရန် အသင့်ရှိနေကြကြောင်း ပြောကြားသည်။

ရန်ကုန်တက္ကသိုလ်မန္တလေးဆောင် ကျောင်းသားဟောင်း နာယက ဦးအောင်ဖုန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်ဘောလုံးသမားများ၊ မန္တလေးဆောင် ကျောင်းသားဟောင်းများနှင့် မိသားစုများ တက်ရောက်ကြကြောင်း သိရသည်။

**ကြေးမုံ**

## လားရှိုး၌ အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေး ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု ပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှုကို ဒီဇင်ဘာ ၂၁ ရက်တွင် လားရှိုးမြို့နယ် အောင်သစ္စာရပ်ကွက်၌ ကျင်းပသည်။

အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု ရပ် အစီအစဉ်အဖြစ် (၁၆) ရက်ကြာမျှ ကျောင်းသား၊ ကျောင်းသူ ၁၂၀ က သန်းတစ်ထောင်လှုပ်ရှားမှု အကတေးသရုပ်ဖော်ခြင်း၊ သက်ငယ်မုဒိမ်းပပျောက်ဖို့ ပူးပေါင်းကူညီကြပါစို့၊ ကျား/မ အခြေပြုအကြမ်းဖက်မှုရပ်၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး မေးခွန်းများ ဖြေဆိုခြင်း ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**မြန်မာပိုင်အမ်စီအေ**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**မင်းလှ ဒီဇင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) မင်းလှမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ မင်းလှမြို့ စိန်ကန့်လန့်ကျေးရွာရှိ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်ဇော်ဦး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဒီဇင်ဘာ ၂၇ ရက်က ပြည်သူများ လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာအချက်များပါဝင်သည့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **မြင့်နိုင်**



## သတင်းစုံကဏ္ဍ

### ကရင်အမျိုးသားနှစ်သစ်ကူးနေ့ စည်ကားသိုက်မြိုက်စွာကျင်းပ

**ပေါင်**

ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းက ပေါင်မြို့နယ် နတ်ကြီးချောင်းကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသရှိအခြားတိုင်းရင်းသားများနှင့် ကရင်တိုင်းသားများက တက်ရောက်ခဲ့ကြပြီး ကရင်ရိုးရာဒုံးယိမ်းအကများ မြူးမြူးကြွကြွယှဉ်ပြိုင်ခြင်း၊ ကရင်ရိုးရာကောက်သစ်စားပွဲများ ပြုလုပ်ခဲ့ကြသည့်အပြင် အားကစားပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။ **ကိုဟိန်း(ပေါင်)**

### ဥသျှစ်ပင် အထက စာပေဟောပြောပွဲကျင်းပ

**ပန်းတောင်း**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ စာပေဟောပြောပွဲနှင့် အကြိမ်(၂၀)မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပသည်။

စာပေဟောပြောပွဲတွင် စာရေးဆရာအော်ပီကျယ်က မယုံဘူး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာမောင်သာချို က ပါတော်မူနိုင်ငံ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

အငြိမ်းစားဆရာကြီး ဆရာမကြီး စုစုပေါင်း ၁၀၀ တို့အား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြသည်။ **အောင်မြင့်(ပန်းတောင်း)**

### လုပ်ငန်းခွင်မြေယာတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်းဆင်း

**ရန်ကုန်**

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တန်းမြင့်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်းအမှတ်စဉ် (၃၅)နှင့် လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်းအမှတ်စဉ် (၅၀) သင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး (ကျောင်းအုပ်ကြီး) ဦးတင်အောင်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။ **ကြေးမုံ**

### တီဘီရောဂါဝေဒနာရှင်များ စောင့်ရှောက်ခြင်းစီမံချက်ဆန်းစစ်

**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ပြည်သူလူထုအခြေပြု တီဘီရောဂါဝေဒနာရှင်များ ကျန်းမာရေးပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအပေါ် မြို့နယ်အဆင့် (နှစ်ဝက်ဆန်းစစ်ခြင်း) ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

ညောင်ဦးမြို့နယ်အတွင်း ၂၀၁၉ ခုနှစ် တစ်နှစ်တာကာလ ပြည်သူလူထုအခြေပြု တီဘီလူနာရှာဖွေကုသခြင်း၊ ဆေးကျွေးဆေးတိုက်ခြင်း၊ တီဘီရောဂါ သံသယရှိသောလူနာများကို ရှာဖွေညွှန်းပို့ခြင်း၊ ပညာပေးခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ လုပ်ငန်းအားသာချက်၊ အားနည်းချက်များကို အပြန်အလှန်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

### အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းဆင်း

**ရန်ကုန်**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်ခန်းမတွင် ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟစိုး၊ အလုံမြို့မရဲစခန်းမှူးဒုရဲမှူးကျော်ဇင်ထိုက်နှင့် တာဝန်ရှိသူများက အရန်မီးသတ်လေ့ကျင့်ရေးမွမ်းမံသင်တန်းထူးချွန်ဆုရ သင်တန်းသားများအား ထူးချွန်ဆုများချီးမြှင့်သည်။ **တင်မောင်ဦး (အလုံ)**

### အလုပ်အကိုင်ရရှိရေး သင်တန်းများဖွင့်လှစ်

**မော်လမြိုင်**

မော်လမြိုင်ခရိုင်အတွင်းရှိ ကျေးရွာများတွင် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးနိုင်က ပြောသည်။

ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးအသိပညာပေး၊ အခြေခံစက်ချုပ်၊ အဆင့်မြင့် စက်ချုပ်၊ ဆိုင်ကယ်ပြင်သင်တန်းများကို မော်လမြိုင်ခရိုင်ရှိမြို့နယ် ခြောက်မြို့နယ်အတွင်းရှိ ကျေးရွာများအရောက် လိုက်လံသင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့က ပထမဆုံးယာဉ်ရပ်နားဝင်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)က တာဝန်ယူတည်ဆောက်သည့် ပထမဦးဆုံးယာဉ်ရပ်နားဝင်းဖွင့်လှစ်ပွဲကို ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလတံတားအောက်ရှိအဆိုပါယာဉ်ရပ်နားဝင်း၌ ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီက ကျင်းပသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ်ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)နာယက ဦးဖြိုးမင်းသိန်းက "ရန်ကုန်တိုင်းဒေသကြီးရဲ့ ပြုပြင်ပြောင်းလဲမှုတွေထဲမှာ အရေးအကြီးဆုံးက အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍပဲ ဖြစ်ပါတယ်။ အဲဒီကဏ္ဍကို အထောက်အပံ့ဖြစ်စေဖို့အတွက် ဒီလိုမျိုးယာဉ်ရပ်နားဝင်းတွေ အများကြီးတည်ဆောက်ဖို့ လိုအပ်ပါတယ်။ ပထမအဆင့်အနေနဲ့ ဘတ်စ်ကားတွေကို ယာဉ်ရပ်ဝင်းတွေထဲမှာ ရပ်နားနိုင်ဖို့ အရင်လုပ်ဆောင်ရမှာဖြစ်ပြီး နောက်တစ်ဆင့်အနေနဲ့ ကားကြီးတွေရပ်နားတဲ့အပေါ်မှာ အထပ်အမြင့်တည်ဆောက်ပြီး အနီးအနားဝန်းကျင်က ကားလေးတွေပါ ရပ်နားနိုင်ဖို့ လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒီကနေ့ဖွင့်လှစ်တဲ့ ပုဇွန်တောင်ယာဉ်ရပ်နားဝင်းမှာတော့ ဘတ်စ်ကားတွေနဲ့ ကျောင်းကားတွေကို ထားရှိသွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

အဆိုပါပုဇွန်တောင်မြို့နယ် ယာဉ်ရပ်နားဝင်းမှာ ၁ ဒသမ ၇ ဧက အကျယ်အဝန်းရှိပြီး ယာဉ်အစီးရေ ၂၀၀ ကျော်ခန့် ရပ်နားနိုင်ကြောင်း၊ တည်ဆောက်မှုကုန်ကျစရိတ် ငွေကျပ် ၂၉၅ သန်းဖြစ်ကြောင်း YRTA မှ သိရသည်။

"လက်ရှိမှာတော့ ဒီယာဉ်ရပ်နားဝင်းမှာ ကျောင်းကားတွေရပ်နားထားပါတယ်။ ဒါ့အပြင် YBS ယာဉ်တွေ ရပ်နားနိုင်ဖို့အတွက်လည်းစီစဉ်သွားမှာဖြစ်ပါတယ်။ နောက်ပိုင်းမှာ ဒီလိုမျိုးယာဉ်ရပ်နားဝင်းတွေ တိုးချဲ့တည်ဆောက်သွားဖို့ရှိပါတယ်" ဟု YRTA မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ညီညီမော်က ပြောကြားသည်။

အဆိုပါပုဇွန်တောင်မြို့နယ်ယာဉ်ရပ်နားဝင်းတွင် မော်တော်ယာဉ်များ ရေဆေးနိုင်သည့်ခုံ(နေရာ)၊ မော်တော်ယာဉ်အသေးစားပြင်ဆင်မှုများလုပ်ဆောင်သည့်နေရာ၊ စီမံခန့်ခွဲမှုရုံး၊ မော်တော်ယာဉ်များ၊ စနစ်တကျဝင်ထွက်နိုင်ရန် ဝင်ပေါက်နှင့်ထွက်ပေါက် တစ်ခုစီ၊ ယာဉ်လုပ်သားများအသုံးပြုနိုင်ရန် ရေအိမ်(ကျား/မ)တို့ကိုလည်း ထည့်သွင်းတည်ဆောက်ထားကြောင်း သိရသည်။ **ကိုထက်၊ဓာတ်ပုံ-ရာမည**

# (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ

**ညောင်လေးပင်**

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့်နှင့် တာဝန်ရှိသူများက ကလေးပြိုင်ပွဲ၌ ဆုရကလေးများကို ဆုများပေးအပ်ချီးမြှင့်ပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသော ကျန်းမာရေးဝန်ထမ်းများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များအား ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်လွင် (ညောင်လေးပင်)**

**ဖာပွန်**

ကရင်ပြည်နယ် ဖာပွန်မြို့နယ်တွင် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီက ခရိုင်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကလေးပြိုင်ပွဲတွင် ခြောက်လအောက်၊ ခြောက်လမှ တစ်နှစ်၊ တစ်နှစ်မှ တစ်နှစ်ရှစ်လ သုံးဖွဲ့ခွဲ၍ အရပ်နှင့် ပေါင်ချိန်ပြည့်မီခြင်း၊ ကျန်းမာရေးကောင်းမွန်ခြင်းဟူ၍ သတ်မှတ်ချက်နှင့်အညီ ယှဉ်ပြိုင်ကြပြီး ဆုရကလေးများအား ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်ဝဏ္ဏ(ပြန်/ဆက်)**

**ရိုခေါဒါရ်**

(၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီတွင် ရိုခေါဒါရ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ကဗျာရွတ်ဆိုပြိုင်ပွဲတွင် အခြေခံပညာအလယ်တန်းအဆင့်ကျောင်းသားကျောင်းသူများက လွတ်လပ်ခဲ့ပြီမြန်မာပြည်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပုံပြင်ပြောပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများက လက်တွဲကြိုးပမ်းသည့်ဗျိုင်းအုပ်ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**ပက်ကာ (ရိုရေကန်)**

**ယင်းမာပင်**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်တွင် လွတ်လပ်ရေးနေ့အကြို မိုက်ခရိုမာရသွန်ပြိုင်ပွဲကို ဇန်နဝါရီ ၁ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

မိုက်ခရိုမာရသွန်ပြိုင်ပွဲကို ယင်းမာပင်မြို့တွင် ပထမဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်ပြီး ဇန်နဝါရီ ၁ ရက်တွင် ယင်းမာပင်မြို့နယ် သရက်ကန်ကျေးရွာမှ နံနက် ၅ နာရီတွင် စတင်တာလွှတ်ကာ လွတ်လပ်ရေးကျောက်တိုင်ကွင်းရှေ့၌ ပန်းဝင်ရမည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းသီရိလှိုင်ထံမှ သိရသည်။

**သန်းဌွေးအောင်(ကနီ)**

# ရှမ်းဝတီးကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ ကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၂၉**

ပဲခူးတိုင်း ဒေသကြီး တောင်ငူမြို့နယ် ရှမ်းဝတီးကျေးရွာ၌ နိုင်ငံတော်အစိုးရနှင့် ကျေးရွာလူထုစုပေါင်းအားဖြင့် ပူးပေါင်းဆောင်ရွက်ပြီးစီးခဲ့သည့် ကျေးရွာလျှပ်စစ်မီးလင်းရေးဖွင့်လှစ်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ လျှပ်စစ်ထရန်စဖော်မာရှေ့ရှိ မုခ်ဦး၌ ကျင်းပသည်။



ယခုဖွင့်လှစ်လိုက်သည့် 200 KVA ထရန်စဖော်မာမှ ယင်းကျေးရွာရှိ အိမ်ထောင်စု ၂၀၀ ကျော်တို့အား လျှပ်စစ်မီးများပေးဝေနိုင်မည်ဖြစ်ပြီး အလားတူ ကျန်ကျေးရွာများကိုလည်း လျှပ်စစ်မီးရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်လှ (တောင်ငူ)**

# ဇီဝိတဒါနစုပေါင်းသွေးလှူဒါန်း

**ပခုက္ကူ ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးဆေးဝါးကုသမှုခံယူနေသည့် လူနာများအတွက် ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက ညောင်ဦးမြို့နယ် မြတ်ပါရမီပရဟိတသွေးလှူရှင်အသင်းက ဆဌမအကြိမ်မြောက် ဇီဝိတဒါန စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပသည်။

ညောင်ဦးမြို့နယ် မြတ်ပါရမီပရဟိတသွေးလှူရှင်အသင်းဥက္ကဋ္ဌ ဦးဝင်းလှိုင် ဦးဆောင်၍ သွေးလှူရှင်အသင်းသားများက အေသွေးငါးလုံး၊ ဘီသွေးရှစ်လုံး ၊ အိုသွေးငါးလုံး၊ အေဘီသွေးတစ်လုံး စုစုပေါင်းသွေးပုလင်းအလုံးရေ ၁၉ လုံး လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# စီးပွားရေးကျွန်းစိုက်ခင်းဧက ၃၀၀ အောင်မြင်ခြင်းအထိမ်းအမှတ် အခမ်းအနားကျင်းပ

**မြန်အောင် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံသစ်တောများ ပြန်လည်ထူထောင်ရေးစီမံကိန်းအရ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်သစ်တောဦးစီးဌာနက ၂၀၁၉ ခုနှစ် မိုးရာသီတွင် အကောင်အထည်ဖော်စိုက်ပျိုးခဲ့သော စီးပွားရေးကျွန်းစိုက်ခင်း ဧက ၃၀၀ စိုက်ပျိုးအောင်မြင်ခဲ့ခြင်း အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီက မျှင်ဝါးတောင်ကြိုးဝိုင်းရှိ အဆိုပါစိုက်ခင်းရှင်းလင်းဆောင်တွင် ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်လတ်က မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ထိန်းသိမ်းရေးကို စီမံကိန်းချမှတ် အကောင်အထည်ဖော်လျက်ရှိရာ ဌာနဝန်ထမ်းများသာမက ဒေသခံများ၏စုပေါင်းဆောင်ရွက်မှုအင်အားများ၊ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ပျက်စီးလျော့နည်းခဲ့ရသည့်သစ်တောများနေရာတွင် ပြန်လည်အစားထိုးထိန်းသိမ်းလာနိုင်ပြီး အောင်မြင်မှုရှိလာကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်သစ်တောဦးစီးမှူး ဦးသန်းဌွေးက သစ်တောများပြန်လည်တည်ထောင်ထိန်းသိမ်းရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း(MRRP)အရ စီးပွားရေးကျွန်းစိုက်ခင်း ဧက ၃၀၀ အောင်မြင်စွာစိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ဒေသခံတောင်သူများအား လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက အောင်ပွဲအထိမ်းအမှတ်ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

မြန်အောင်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းဖြင့် စီးပွားရေးကျွန်းစိုက်ခင်းဧက ၃၀၀ ကို စတင်စိုက်ပျိုးခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဧက ၄၀၀ နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဧက ၃၀၀ စိုက်ပျိုးအောင်မြင်ခဲ့ ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင်လည်း ဧက ၃၀၀ ကို ဆက်လက်စိုက်ပျိုးသွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းဇော်ထွန်း (မြန်မာစာ)**

# ရော်ဘာပင်များတွင် မှိုရောဂါကျရောက်မှုနှင့်ပတ်သက်၍ မြိတ်မြို့၌ တောင်သူအသိပညာပေး ဆွေးနွေးပွဲကျင်းပ

**မြိတ် ဒီဇင်ဘာ ၂၉**

မြိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူးဖွင့်လှစ်သည့် ရော်ဘာပင်များတွင် Pestalotiopsis Spp. မှိုရောဂါကျရောက်မှုနှင့်ပတ်သက်၍ တောင်သူအသိပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကန်ဖျားရပ်ကွက် အရာရှိရိပ်သာလမ်းရှိ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် မှိုရောဂါအသစ်တစ်မျိုးဖြစ်ပွား၍ တစ်ပင်လုံးအရွက်ကြွေပြီး အထွက်နှုန်း ၅၀ ရာခိုင်နှုန်း ကျဆင်းသွားသောကြောင့် ၎င်းရောဂါနှင့်ပတ်သက်၍ တားဆီးနှိမ်နင်းမည့်နည်းလမ်းနှင့် နည်းစနစ်များကို မြိတ်ခရိုင်အတွင်းမှ ဒေသခံရော်ဘာစိုက်ခြံရှင်များ၊ ရော်ဘာစိုက်တောင်သူများ သိရှိဆောင်ရွက်တတ်စေရန် ရည်ရွယ်ချက်ဖြင့် တောင်သူအသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မော်လမြိုင်နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေဆန်း၊ မော်လမြိုင် နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနမှ ဒုဦးစီးမှူး ဒေါ်သန္တာမိုး၊ မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဒေါ်မိခင်ဌွေးသန်းနှင့် တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစီးအရာရှိဒေါ်အေးသန္တာစိုးတို့က ရော်ဘာပင်များတွင် ကျရောက်တတ်သည့် Pestalotiopsis Spp. မှိုရောဂါကျရောက်မှုနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပြောကြားပြီး တောင်သူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ပျောက်ဆုံးသွားသော အချိန်များ

## ပါမောက္ခဒေါက်တာမောင်

### အချိန်ဆိုသောအရာ

အချိန်ဆိုသည်မှာ မည်သည့်အရာမျိုးပေနည်း။ ငယ်ရွယ်စဉ်အခါက လက်ရှိအချိန်ကိုသာ အချိန်ဟု မှတ်ယူခဲ့သည်။ အနည်းငယ် ကြီးပြင်းလာသောအခါ ဖြစ်ပြီးသောအချိန်၊ ဖြစ်နေသော အချိန်နှင့် ဖြစ်လာမည့်အချိန်တို့ကို သိလာခဲ့သည်။ ထိုထက်ပို၍ ကြီးပြင်းလာသောအခါ အချိန်ဆိုသည်ကို နာရီဒိုင်ခွက်မှ ဖော်ပြနေသော ကိန်းဂဏန်းများ၊ ပြက္ခဒိန်ပေါ်မှ နေ့ရက်များ အဖြစ် သတ်မှတ်ထားလိုက်သည်။ သို့ရာတွင် ထိုသတ်မှတ်ချက်များအားလုံးသည် အဖြေမှန် မဟုတ်ကြောင်း ယနေ့ သဘောပေါက်လာခဲ့သည်။

ဤဆောင်းပါးကိုရေးနေသော အခိုက်အတန့်ကလေးသည် စာရေးသူ၏ဘဝ တစ်လျှောက်တွင် မည်သည့်အခါမျှ ပြန်လည်ရရှိနိုင်တော့မည်မဟုတ်ဘဲ အပြီးတိုင် ကွယ်ပျောက်သွားမည်ဖြစ်ကြောင်း ခံစားမိလာသောအခါ အချိန်ဆိုသောအရာကို ရိပ်စားမိလာသည်။

အဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲနေသောဖြစ်စဉ်ကို အချိန်ဟု ပညတ်ထားခြင်း ဖြစ်သည်။ သက်ရှိ၊ သက်မဲ့အရာအားလုံး၏ ခေတ္တခဏလေးမျှ ရပ်တန့်နေခြင်းမရှိဘဲ အဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲနေသော ဖြစ်စဉ်သည် အချိန်ဖြစ်သည်။ သတ္တဝါတစ်ခု မွေးဖွားလာခြင်း၊ ကြီးပြင်းလာခြင်း၊ အိုမင်းလာခြင်း၊ သေဆုံးသွားခြင်းသည် အချိန်ဖြစ်သည်။ ပင်လယ်ကြီးများ ခန်းခြောက်သွားခြင်းသည် အချိန်ဖြစ်သည်။ သစ်တောကြီးများ၊ တောင်းတန်းကြီးများ ပျောက်ကွယ်သွားခြင်းသည် အချိန်ဖြစ်သည်။ မည်သည့်အခါမှ စတင်ခဲ့မှန်းမသိ၍ မည်သည့်အခါတွင် အဆုံးသတ်မည်မှန်းမသိသော သံသရာကြီးသည် အချိန်ဖြစ်သည်။

ထိုအချိန်ဆိုသောအရာသည် လူတို့ပိုင်ဆိုင်နိုင်သမျှတွင် တန်ဖိုးမဖြတ်နိုင်သော အရာတစ်ခု ဖြစ်နေသည်။

စာရေးသူတို့အားလုံးသည် အတိုင်းအဆမရှိ ရှည်လျားသောအချိန် ဖြစ်စဉ်ကြီးနှစ်ခု၏ ဆုံမှတ်တွင် ရပ်တည်နေကြသည်။ အနောက်ဘက်တွင် တဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ခဲ့သော မနေ့ကဖြစ်ခဲ့သော ဖြစ်စဉ်များဖြစ်ပြီး အရှေ့ဘက်တွင် မျှော်မဆုံးသော မနက်ဖြန်တွင် ဖြစ်လာမည့် ဖြစ်စဉ်များဖြစ်သည်။ မနေ့က ဆိုသော အချိန်များသည် သေဆုံးကုန်ကြပြီ ဖြစ်သလို မနက်ဖြန်ဆိုသော အချိန်များသည် လည်း မွေးဖွားလာခြင်း မရှိကြသေးချေ။ ထိုဆုံမှတ်သည် စာရေးသူတို့၏ မျက်မှောက်ဘဝဖြစ်သည်။ ထိုဆုံမှတ်တွင် ရပ်တည်နေသော အခိုက်အတန့်ကလေးသည် စာရေးသူတို့ ပိုင်ဆိုင်နိုင်သမျှဖြစ်သည်။ သို့ရာတွင် ထိုအခိုက်အတန့်ကလေးသည် မျက်တောင်တစ်ခတ်မျှ အချိန်အတွင်း ကွယ်ပျောက်ကုန်ကြသည်။ မည်သည့်နည်းနှင့်မျှ ပြန်လည်အစားထိုး၍ မရနိုင်သလို မည်သည့်နည်းနှင့်မျှ ဖန်တီးယူ၍လည်း မရနိုင်တော့ချေ။ ယခုအချိန်ဆိုသော ထိုအခိုက်အတန့်ကလေးသည် လူတို့ပိုင်ဆိုင်နိုင်သမျှတွင် တန်ဖိုးမဖြတ်နိုင်သောအရာ ဖြစ်သည်။ ထို့ကြောင့် ယနေ့ဆိုသောအချိန်ကို အကျိုးရှိစွာအသုံးချရန် လိုအပ်လာသည်။

### အချိန်ကိုအကျိုးရှိစွာအသုံးချခြင်း

ဤတွင် အနောက်တိုင်းပညာရှင်များ အကြံပြုထားသော အချိန်အသုံးချနည်းများကို ဖော်ပြလိုပါသည်။

**၁။ တစ်နေ့တာအချိန်များ မည်သို့ကုန်ဆုံးသွားသည်ကိုသိနေခြင်း (Know How You Spend Your Time)**

နေ့စဉ် အချိန်အသုံးပြုပုံ မှတ်တမ်းထားရှိခြင်းဖြင့် တစ်နေ့တာအချိန်များ မည်သို့ကုန်ဆုံးသွားသည်ကို သိရှိနိုင်သည်။ မိမိပြုလုပ်သမျှကို နာရီဝက်လျှင် တစ်ကြိမ် ရက်သတ္တနှစ်ပတ်ခန့် ရေးမှတ်ထားပြီး ပြန်လည်စိစစ်ကြည့်လျှင် ၂၄ နာရီအချိန်ကို မည်သို့ကုန်ဆုံးစေခဲ့သည်ကို ပုံဖော်ကြည့်နိုင်မည် ဖြစ်သည်။

လက်ကိုင်ဖုန်းထဲတွင် ထည့်သွင်းအသုံးပြုသောနည်းပညာ (Apps) များ အကူအညီဖြင့် အချိန်အသုံးပြုပုံကို ပုံဖော်ကြည့်ခြင်း၊ ဆောင်ရွက်ရန်ရှိသည်တို့ကို စီစဉ်ခြင်း၊ လုပ်ဖော်ကိုင်ဖက်များနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ အချိန်ဇယားရေးဆွဲခြင်း၊ ပြက္ခဒိန်ပေါ်တွင် ရေးမှတ်ခြင်းတို့ကို အလွယ်တကူ ပြုလုပ်နိုင်ပေသည်။

၂၀၁၉ နှစ်တွင် အသုံးများသော Apps အချို့မှာ Clockify၊ Google Hangouts၊ Remember the milk၊ Clara၊ Rescue Time တို့ဖြစ်ကြသည်။

**၂။ ဦးစားပေးအဆင့်သတ်မှတ်ခြင်း**

အရေးကြီးသည်မှာ အရေးကြီးသည်ကို အရေးကြီးသည်ဟု သိနေရန်ဖြစ်သည်။

ပြုလုပ်ရန်ကိစ္စများကို အရေးကြီးခြင်းနှင့် အလျင်အမြန်ပြုလုပ်ရန် လိုအပ်ခြင်းတို့အပေါ် မူတည်၍ ဦးစားပေးအဆင့် ခွဲခြားထားခြင်း ဖြစ်သည်။ ဤသို့ခွဲခြားလိုက်လျှင် ဦးစားပေး အဆင့် လေးမျိုး ပေါ်လာမည် ဖြစ်သည်။

၁။ အရေးကြီးသဖြင့် အလျင်အမြန် ပြုလုပ်ရန်ကိစ္စ (ပထမဦးစားပေးဆောင်ရွက်ရန်) ဥပမာ– အရေးပေါ်အခြေအနေများ၊ အချိန်သတ်မှတ်ထားသော ပရောဂျက်များ၊ ကျန်းမာရေးကိစ္စများ၊

၂။ အရေးကြီးသော်လည်း အလျင်အမြန် ပြုလုပ်ရန် မလိုသည့်ကိစ္စ (ဒုတိယဦးစားပေး ဆောင်ရွက်ရန်) ဥပမာ– မိသားစုနှင့် မိတ်ဆွေများ၊ ရေရှည်လုပ်ငန်းစီမံကိန်းများ၊ ငွေကြေးဆိုင်ရာ ဘဏ္ဍာကိစ္စများ၊

၃။ အရေးမကြီးသဖြင့် အလျင်အမြန် ပြုလုပ်ရန်လိုသော်လည်း ရွှေ့ဆိုင်းထားနိုင်သော ကိစ္စ (တတိယဦးစားပေး ဆောင်ရွက်ရန်) ဥပမာ– ဖုန်းဆက်သွယ်မှုများ၊ email များ၊ အိမ်မှုကိစ္စများ၊

၄။ အရေးမကြီး၊ အလျင်အမြန်ပြုလုပ်ရန်လည်း မလိုသည့်ကိစ္စ (အချိန်ရလျှင်ဆောင်ရွက်ရန်) ဥပမာ– အင်တာနက်စာမျက်နှာများ၊ ရုပ်ရှင်နှင့် ဗီဒီယိုများ၊ ဝါသနာအလျောက် ပြုလုပ်သည့် အလုပ်များ။

**၃။ အချိန်အသုံးချ အထောက်အကူပစ္စည်းများ အသုံးပြုခြင်း၊** ပြက္ခဒိန်များ၊ အိတ်ဆောင်ဒိုင်ယာရီများ၊ ကွန်ပျူတာပရိုဂရမ်များ၊ အညွှန်းကတ်ပြားများ၊ နံရံကပ်ရုပ်ပုံကားချပ်များ အသုံးပြုခြင်း ဖြစ်သည်။

**၄။ အလုပ်စားပွဲပေါ်မှ အရှုပ်များကိုရှင်းပစ်ခြင်း**

စားပွဲပေါ်မှ စာအုပ်များ၊ ဖိုင်တွဲများ၊ စာရင်းဇယားများ၊ ရုံးစာများကို ငါးမျိုး ခွဲခြားထားရန်ဖြစ်သည်။

၁။ လုပ်လက်စအလုပ်များ၊
၂။ သတ်မှတ်ချိန်တွင် အပြီးသတ်ရမည့် အလုပ်များ၊
၃။ နောင်မှလုပ်ရမည့် အလုပ်များ၊
၄။ ပြီးဆုံးသွားသော အလုပ်များ၊
၅။ စွန့်ပစ်ရန် စာရွက်စာတမ်းများ။

**၅။ နေ့စဉ် အချိန်ဇယားရေးဆွဲခြင်း**

မိမိ၏နေ့စဉ်အချိန်သုံးစွဲပုံကို အခြေပြု၍ တစ်နေ့တာအတွင်း တက်ကြွရှင်လန်းနေသော အချိန်များနှင့် အနှောင့်အယှက်များ ကင်းဝေးနေသောအချိန်များတွင် ဦးစားပေးအဆင့် (၁) အလုပ်များကိုပြီးစီးအောင် လုပ်နိုင်ရန်ဖြစ်သည်။

**၆။ အကူအညီယူခြင်း**

မိမိ၏အဖွဲ့အစည်းအတွင်းတွင် မည်သည့်အလုပ်ကို မည်သူအား ခွဲဝေပေးနိုင်သည်ကို သိထားခြင်းဖြင့် တာဝန်များကို မျှဝေပေးခြင်းဖြစ်သည်။ ခွဲဝေပေးမည့်သူ၏ လုပ်ရည်ကိုင်ရည်၊ စိတ်ဝင်စားမှု၊ ကျွမ်းကျင်မှု၊ အတွေ့အကြုံတို့အပေါ်မူတည်နေသဖြင့် လုပ်ဖော်ကိုင်ဖက်များအကြောင်းကို ကြိုတင်လေ့လာသိရှိထားရန် လိုအပ်ပေသည်။

**၇။ အလုပ်များကို မရွှေ့ဆိုင်းခြင်း**

သတ်မှတ်ချိန်အတွင်းမပြီးစီး၍ ရွှေ့ဆိုင်းခြင်းသည် အလုပ်များကို နိုင်နင်းစွာမဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ ကျွမ်းကျင်မှုမရှိခြင်း၊ နှစ်ခြိုက်မှုမရှိခြင်း၊ အတွေ့အကြုံမရှိခြင်းတို့သည် အဓိကအကြောင်းများဖြစ်သည်။

အလုပ်များကိုအဆင့်များခွဲ၍ အဆင့်အလိုက် အချိန်သတ်မှတ်ဆောင်ရွက်ခြင်း၊ လွယ်ကူသော အဆင့်မှစတင်ခြင်း၊ မပြုလုပ်မီ ကြိုတင်ပြင်ဆင်ခြင်းတို့ဖြင့် ရွှေ့ဆိုင်းခြင်းမရှိဘဲ ပြီးစီးအောင် ဆောင်ရွက်နိုင်ပေမည်။

**၈။ အနှောင့်အယှက်များမှ ကင်းဝေးစေခြင်း**

ဖုန်းဆက်သွယ်မှုများ၊ အလ္လာပသလ္လာပ ပြောဆိုမှုများ၊ မျှော်လင့်မထားသော ဧည့်သည်များ၊ မလိုအပ်ဘဲရှည်လျားနေသော အစည်းအဝေးများ၊ အရေးပေါ်မဟုတ်သော မိသားစုကိစ္စများနှင့် စုပုံနေသော email များသည် အချိန်ကို နုတ်ယူသွားသောကိစ္စများဖြစ်သည်။ မိမိအား ဖုန်းဖြင့်ဆက်သွယ်နိုင်မည့်အချိန်ကို မိတ်ဆွေများအား အသိပေးထားခြင်း၊ မျှော်လင့်မထားသော ဧည့်သည်များအား မတ်တတ်ရပ်၍ လက်ခံစကားပြောခြင်း၊ email များဖတ်ပြီးသည်နှင့် ချက်ချင်းရှင်းပစ်ခြင်း၊ မိသားစုကိစ္စများအတွက် ကြိုတင်၍ အချိန်သတ်မှတ်ထားခြင်းများဖြင့် အနှောင့်အယှက်များမှ ကာကွယ်ထားနိုင်ပေမည်။

**၉။ မနိုင်ဝန်မထမ်းခြင်း**

အလုပ်များစွာကို တစ်ချိန်တည်း ပြိုင်တူပြုလုပ်ခြင်းသည် ပို၍အချိန်ကြာမြင့်ကြောင်း လေ့လာမှုများက ဖော်ပြထားသည်။ တစ်ချိန်တွင် တစ်ခုတည်းကို စူးစိုက်ပြုလုပ်ခြင်းသည် အချိန်ကုန်သက်သာ၍ အလုပ်ပိုတွင်ကျယ်စေသည်။

**၁၀။ ကျန်းမာရေးကို ဂရုစိုက်ခြင်း**

စိတ်ရောကိုယ်ပါ ကျန်းမာနေခြင်းသည် အလုပ်များတွင်ကျယ် ပြီးမြောက်စေခြင်းဖြစ်သည်။ စားချိန်အိပ်ချိန်ကို ပစ်ပယ်၍အလုပ်ကို သဲသဲမဲမဲ ဖိလုပ်သောအကျင့်သည် ကျန်းမာရေးကို ထိခိုက်စေခြင်းမှတစ်ဆင့် အလုပ်များကို နှောင့်နှေးကြန့်ကြာသွားစေသည်။

စားချိန်အိပ်ချိန်မှန်ခြင်း၊ ပုံမှန်ကိုယ်လက်လှုပ်ရှားမှုရှိခြင်း၊ အနားယူချိန်သတ်မှတ်ထားခြင်းနှင့် နေ့စဉ်ဘုရားရှိခိုး၊ တရားထိုင်ခြင်းတို့ဖြင့် စိတ်နှင့်ရုပ်ခန္ဓာ၏စွမ်းအင်ကို ထိန်းသိမ်းထားနိုင်မည် ဖြစ်သည်။

### သတိတရားသည် အခေါင်အချုပ်

ပညာရှင်များဖော်ပြထားသော အချိန်အသုံးချရေးနည်းလမ်းများသည် လိုက်နာသင့်သော နည်းလမ်းများဖြစ်သည်။ သို့ရာတွင် ထိုနည်းလမ်းများအားလုံး လိုက်နာရန်မှာ 'သတိ' ရှိမှဖြစ်သည်။ ဦးစားပေးအဆင့် (၁) အလုပ်များသည် အရေးကြီး၍ချက်ချင်း ဆောင်ရွက်ရန်ဖြစ်ကြောင်း သတိရှိနေရန် ဖြစ်သည်။

အရေးကြီးသောကိစ္စကို ဆောင်ရွက်ရန် သတိမရခြင်းကြောင့် ပျက်စီးဆုံးရှုံးရသော ပုံပြင်တစ်ပုဒ်ကို စာရေးသူတို့ငယ်စဉ်က အင်္ဂလိပ်စာဖတ်စာတွင် သင်ခဲ့ရဖူးသည်။ ထိုပုံပြင်မှာ မြင်းခွာတွင်ရိုက်ထားသော သံတစ်ချောင်း ပြုတ်ထွက်နေခြင်းအကြောင်း ဖြစ်သည်။ ရှေးအခါက ကုန်သည်တစ်ဦးသည် မြင်းတစ်စီးဖြင့် အရောင်းအဝယ်ကိစ္စ ခရီးထွက်လာရာ မြို့တစ်မြို့အရောက်တွင် သူ၏မြင်းမှ မြင်းခွာတွင် ရိုက်ထားသော သံတစ်ချောင်း ပြုတ်ထွက်သွားခဲ့သည်။ ထိုအကြောင်းကိုသိသော်လည်း အချိန်ရလျှင် ဆောင်ရွက်ရန်ထားလိုက်သည်။ အလုပ်ပြီးသည့်အခါတွင်လည်း ထိုကိစ္စကိုသတိမရဘဲ ထိုမြို့မှထွက်ခွာလာခဲ့သည်။ လမ်းခရီးတွင် မြင်းခွာတစ်ခုလုံး ပြုတ်ထွက်သွားတော့သည်။ မြင်းခွာတစ်ဖက် မရှိတော့သောမြင်းသည် ပုံမှန်မသွားနိုင်တော့ဘဲ နှေးကွေးစွာသွားရတော့သည်။ ထိုအခါ ခရီးမတွင်တော့ဘဲ တောအုပ်တစ်ခုကို ညအချိန်ဖြတ်သန်းရသောအခါ ဓားပြများနှင့်တွေ့၍ ပျက်စီးဆုံးရှုံးရပုံကို ဖော်ပြထားသော ပုံပြင်ဖြစ်သည်။ ဤပုံပြင်၏ သင်ခန်းစာမှာ အရေးကြီးသည်ကို အရေးကြီးသည်ဟုသိနေရုံဖြင့် မလုံလောက်ဘဲ ဆောင်ရွက်ရန်၊ သတိရှိနေရန်ပါ လိုအပ်ကြောင်း ဖော်ပြနေခြင်း ဖြစ်သည်။

သတိရှိနေခြင်းဆိုသည်မှာ ပစ္စုပ္ပန်တွင် နေထိုင်ခြင်းဖြစ်သည်။ စိတ်သည် ပစ္စုပ္ပန်တွင် မရှိသောအခါ မေ့လျော့ခြင်း၊ သတိမရခြင်းတို့ ဖြစ်ပေါ်လာသည်။ စာရေးသူတို့၏စိတ်သည် ပစ္စုပ္ပန်တွင် နေခဲလှသည်။ ဖြစ်ခဲ့ပြီးသော ဖြစ်ရပ်များအပေါ် မကျေနပ်မှုများ၊ နောင်တများ၊ အလိုမကျမှုများသည်လည်းကောင်း၊ ရှေ့တွင်ဖြစ်လာမည့် ဖြစ်ရပ်များအပေါ် စိုးရိမ်ပူပန်မှုများ၊ မျှော်လင့်တောင့်တမှုများ၊ ဝေခွဲမရနိုင်မှုများသည်လည်းကောင်း အမြဲနှိပ်စက်လျက်ရှိသည်။

အထက်ပါသင်ခန်းစာတွင် ဖြစ်ခဲ့ပြီးသော ကိစ္စများနှင့် ဖြစ်လာမည့်ကိစ္စများက ကုန်သည်အပေါ်ဖိစီးထားမှုကြောင့် မြင်းခွာရိုက်သံတစ်ချောင်း ပြုတ်ထွက်နေသည်ကို မေ့လျော့သွားခြင်းဖြစ်သည်။

ထို့ကြောင့် ပစ္စုပ္ပန်အချိန်ကို ထိရောက်စွာ အသုံးချနိုင်ရန် သတိနှင့်ယှဉ်သောစိတ်သည် အခေါင်အချုပ်ဖြစ်သည်။

### ပစ္စုပ္ပန်တွင်နေထိုင်ခြင်းနှင့် မြန်မာ့ဓလေ့

စာရေးသူတို့ငယ်စဉ်ကတည်းက ပစ္စုပ္ပန်တွင် နေထိုင်တတ်ရန် လူကြီးသူမများက ဆုံးမလေ့ရှိသည်။

'လသာတုန်းဗိုင်းငင်'၊ 'မိုးရွာတုန်းရေခံ'၊ 'အချိန်ရှိခိုက်လုံ့လစိုက်' စသောအဆုံးအမများသည် လက်ရှိအချိန်ကို အကျိုးရှိစွာအသုံးချစေရန် ရည်ညွှန်းထားခြင်းများဖြစ်သည်။

'ပထမအရွယ်မှာ ပညာရှာ'၊ 'ဒုတိယအရွယ်မှာ ဥစ္စာရှာ'၊ 'တတိယအရွယ်မှာ ဘာဝနာ' ဟူသောအဆုံးအမများသည်လည်း အသက်အရွယ်အလိုက် ဦးစားပေးလုပ်ဆောင်ရမည့်အလုပ်များကို ဖော်ပြထားခြင်းဖြစ်သည်။

ထိုထက် ပို၍လေးနက်သော အဆုံးအမကို ဗုဒ္ဓမြတ်စွာ၏ တရားတော်တွင် တွေ့မြင်နိုင်သည်။ 'အပ္ပမာဒ' မမေ့မလျော့သောသတိနှင့် နေထိုင်ခြင်းသည် ဗုဒ္ဓမြတ်စွာလိုလားတော်မူသော နေထိုင်ခြင်းဖြစ်သည်။ ဗုဒ္ဓမြတ်စွာ၏ သတိပဋ္ဌာန်တရားတော်ကြီးသည် သတိနှင့်ယှဉ်သောစိတ်နှင့် နေထိုင်နိုင်ရုံမျှမက အချိန်များရပ်တန့်သွားရာ နိဗ္ဗာန်သို့တိုင်အောင် အားထုတ်နိုင်သော တရားတော်ကြီး ဖြစ်ပေသည်။

ထို့ကြောင့် သတိနှင့်ယှဉ်သောစိတ်ကို လေ့ကျင့်ထူထောင်ယူခြင်းဖြင့် စာရေးသူတို့ ပိုင်ဆိုင်သမျှ အခိုက်အတန့်ကလေးဖြစ်သော ပစ္စုပ္ပန်အချိန်ကို အကျိုးရှိစွာအသုံးချနိုင်မည် ဖြစ်သည်။

### မျှဝေလိုသည်မှာ

စာရေးသူတို့ ပိုင်ဆိုင်နိုင်သမျှသည် ပစ္စုပ္ပန်ဆိုသော အခိုက်အတန့်အချိန်လေးသာဖြစ်သည်။ ထိုအချိန်လေးကို ထိရောက်စွာ အသုံးချနိုင်ရန် အနောက်တိုင်းပညာရှင်များ၏ တိုက်တွန်းထားချက်များကို အသုံးပြုနိုင်မည် ဖြစ်သည်။

အဓိကကျသည်မှာ ပစ္စုပ္ပန်တွင်နေထိုင်တတ်ရန် သတိနှင့်ယှဉ်သောစိတ်ကို လေ့ကျင့်ပျိုးထောင်ယူရမည် ဖြစ်သည်။

ဗုဒ္ဓမြတ်စွာ၏ သတိပဋ္ဌာန်တရားတော်ကြီးသည် မမေ့မလျော့သောသတိဖြင့် နေထိုင်တတ်စေရန် လေ့ကျင့်အားထုတ်နိုင်သော တရားတော်ကြီးဖြစ်ပေသည်။ ။



- **စာရေးသူတို့ ပိုင်ဆိုင်နိုင်သမျှသည် ပစ္စုပ္ပန်ဆိုသော အခိုက်အတန့်အချိန်လေးသာဖြစ်သည်။**
- **အဓိကကျသည်မှာ ပစ္စုပ္ပန်တွင်နေထိုင်တတ်ရန် သတိနှင့်ယှဉ်သောစိတ်ကို လေ့ကျင့်ပျိုးထောင်ယူရမည် ဖြစ်သည်။**




ခင်ဘုန်းရွှေ (B.A English)
၉တန်း၊၁၀တန်း(မြန်မာ၊Eng,Bio)
အိမ်လိုက်သင်သည်၊
မေးခွန်းဟောင်းများလေ့ကျင့်ပေးသည်။
09-5506737,01-376849

☆STAR☆
ဒဂုံမြို့သစ်အရှေ့ပိုင်း၊
တောင်ပိုင်း၊မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

LMA
လွင်မြင့်အောင် မြင်းစွာရှက်ဆေးရည်
ဝိတ်ပိစိမှုလျော့ပါးစေရန်၊ အီးကောင်းစေရန်၊
ခွန်အားသစ်ဖြစ်စေရန်၊ မှတ်ဉာဏ်ကောင်းစေရန်၊
အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။
Certificate TH18/11153
ISO 9001:2015 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd.
Certificate TH18/11152

PANDA Engineering Group Since 1999
Air-Con Sales & Service Centre
09 515 8803, 09 732 29024, 09 519 8402
09 253 582 510, 09 253 833 810

ငွေကောင်းကင်
ဒဂုံမြို့သစ်၊ အရှေ့ပိုင်း၊မြောက်ပိုင်း၊ တောင်ပိုင်း၊
ဆိပ်ကမ်းမြေကွက်များ ဈေးမှန်ပေးဝယ်သည်။
09-5232770, 09-406677771

ရောင်ခြည်ထပ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

" Better English For a Smarter Life"
ဦးရဲဇော်လတ်
M.A.(UFL),MBA(UTCC)
APPLIED GRAMMAR & SPOKEN ENGLISH
Basic 4 Skills
Intermediate 4 Skills
Advanced 4 Skills
January (6) Open
(Ph:09-5057138,09-73175231)

ZAMBUYADANA CO., LTD. WOOD BASE INDUSTRY


521, Mogoke Street, Industrial Zone (1), Dagon Myothit (South)
Hp : (95-9) 400 300900, (95-9) 400 900300, (95-9) 510 7832, (95-9) 550 5855, Email : zbuyadana@gmail.com

"အသံဆို-မှန်ချိုရုပ်ရှင်ကဇာတ်နပညာရှင်များလက်ခွဲ"
မှန်ချိုး
Ph.D(Alternative Medicine) (India)
TMR-012273(2618)
TMR-012289(0818)
☎ ၀၁-၃၈၃၆၅၁၊၃၇၅၁၀၃၊၃၈၆၇၄၁

အဲယားကွန်း
အဟောင်းအပျက်များ
ဈေးကောင်းပေးဝယ်သည်။
09 5191361

ဒီဇယ်ဓာတ်ဆီ
စက်ပြင်သင်တန်း
၀၁-၄၀၀၆၃၄
၀၉-၇၇၂၄၆၁၃၂၄
၀၉-၂၅၈၈၄၀၅၀၀

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းမြောက်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၂၁)၊ ၅လွှာခြေရင်းခန်း၊ တိုက်ခန်းအား လက်ရှိ ပိုင်ဆိုင်ထားသူ ဦးဇော်ချမ်းမြေ့[၁၂/မကန(နိုင်)၀၁၁၀၄၀]၊ ဒေါ်ထက်ထက်နိုင်[၁၂/စခန(နိုင်)၀၅၅၅၇၈]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံကို လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီလာခိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၅၂၂၁)**
**အမှတ်(၉၇၇) မြေတိုင်း(၅)လမ်း (၁၃)ရပ်ကွက် ဒဂုံအရှေ့**
**ဖုန်း-၀၉-၄၅၃၀၄၅၇၇၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်-၄၆ စီ၊ မြေကွက်အမှတ်-၁၀၃ ဒီ၊ ဧရိယာ-၀.၂၅၇ ဧကရှိ ဂရန်ရှိမြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်အရှေ့ရပ်ကွက်၊ ပဒုမ္မာလမ်း အမှတ်-၂၉ အက်ဗ် ဟုခေါ်တွင်သည့် (၂)ထပ်နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ ဒေါ်မြမြဆွေ (၁၂/ဒဂန(နိုင်)၀၂၇၆၆၂) ဒေါ်မြမြနိုင် (၁၂/ဒဂန(နိုင်)၀၀၀၀၀၃) ဦးအောင်မြင့်ဦး (၁၂/ဒဂန(နိုင်)၀၀၀၀၀၆) တို့၏အမည်ပေါက်သော မြေနှင့်အိမ်ဖြစ်ပြီး အဆိုပါမြေနှင့်အိမ်ကို ၎င်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
ဆင်းကြူနီး LL.B., LL.M.
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀-၁၆၅၇၂ ၀၉-၇၉၇၉၀၅၉၁၉၊

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
အဆင့်မြင့် စတီးဘလိတ်တံခါးသွားဆူးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်း၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

BOSS အဆင့်မြင့် ပါကေးအရောင်းဆိုင်ခန်း
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ
ဗီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁) - အမှတ်(၂၄၀)၊ အရှေ့မြင့်ဖြိုင်လမ်းမကြီး၊ မြန်မာ့ရွှေဆောင်အထက်၊ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663
အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာအနီး၊ ဆောင်မင်္ဂလာမှတ်တိုင်အနီး၊ ဗညားဒလလမ်း။
Ph: 09-5425251, 09-73225484

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ခင်အေးတင့်**

**အသက် (၈၁)နှစ်**

**အထက်တန်းပြဆရာမ(ငြိမ်း)**

**အထက(၄) ပုဇွန်တောင်၊ အထက (၅) ဗိုလ်တထောင်၊ အထက (၃)တာမွေ**

ရန်ကုန်မြို့၊ K-49၊ မင်္ဂလာ(၃)လမ်း၊ FMI City နေ ဒေါက်တာကျော်ဝင်း (အတွင်းရေးမှူး၊ မြန်မာသမိုင်းအဖွဲ့၊ သမိုင်းဌာနပါမောက္ခ-ငြိမ်း)၏ဇနီး၊ ဒေါ်အေးအေးဝင်း၊ ဦးမိုးကျော်ဝင်း-ဒေါ်စန်းစန်းမြိုင်တို့၏ မိခင်သည် ၂၈-၁၂-၂၀၁၉ ရက် (စနေနေ့) နံနက် ၅:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး ဒေါ်မြင့်မြင့်ရီ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ခင်အေးတင့်**

**အသက် (၈၁)နှစ်**

**အထက်တန်းပြဆရာမ(ငြိမ်း)**

**အထက(၄) ပုဇွန်တောင်၊ အထက (၅) ဗိုလ်တထောင်၊ အထက (၃)တာမွေ**

ရန်ကုန်မြို့၊ K-49၊ မင်္ဂလာ(၃)လမ်း၊ FMI City နေ ဒေါက်တာကျော်ဝင်း (အတွင်းရေးမှူး၊ မြန်မာသမိုင်းအဖွဲ့၊ သမိုင်းဌာနပါမောက္ခ-ငြိမ်း)၏ဇနီး၊ ဒေါ်အေးအေးဝင်း၊ ဦးမိုးကျော်ဝင်း- ဒေါ်စန်းစန်းမြိုင်တို့၏ မိခင်သည် ၂၈-၁၂-၂၀၁၉ ရက် (စနေနေ့) နံနက် ၅:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့်ဇနီး ဒေါ်နွယ်နီစိုး**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှရင်(ခ)ဒေါ်မလေး (ငပလီ)

**အသက်(၇၂)နှစ်**

သူငယ်ချင်း ဒုတိယရဲမှူးကြီးသစ်ဆန်းနှင့် ဒေါ်ကေသီဦးတို့၏ မိခင် ဒေါ်လှရင်(ခ)ဒေါ်မလေးသည် ၂၆-၁၂-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၃)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## ဦးခင်မောင်ဦး(ခ)နဲဇဝ်မန်

**အသက်(၈၂)နှစ်**

မုဒုံမြို့နယ်၊ ကမာဝတ်မြို့၊ တရုတ်တန်းရပ်နေ (ဦးဘသော်-ဒေါ်ရင်မြ)တို့၏ သား၊ (ဦးကွန်ပါ-ဒေါ်ငွေပါ)တို့၏ သားသမက်၊ (ဆရာမဒေါ်ခင်လေး)၏ ခင်ပွန်း၊ (ဦးထိန်ဝင်း-ဒေါ်ရွှေယင်းမာ)၊ ဦးအောင်လွင်-ဒေါ်ပိတောက်ဝါတို့၏ မွေးသဖခင်ကျေးဇူးရှင်ဖခင်ကြီး၊ မောင်မင်းပိုင်ဦး၊ မထိန်ထိန်သာ၊ မောင်မြတ်ကိုနိုင်၊ မောင်အေးကိုနိုင်၊ မလင်းလဲ့နိုင်တို့၏ ချစ်လှစွာသော အဘိုးသည် ၂၉-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကမာဝက်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်လှကြည်

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ (ဦးအေးမောင်-ဒေါ်အေးရင်)တို့၏ သမီးကြီး၊ (ဦးသန်းကြွယ်-ဒေါ်ခင်ကြည်)၊ [ဦးသံချောင်း(ခ) ဦးသောင်းတင်]-ဒေါ်စန်းစန်းငွေ၊ ဦးတင်အိ-(ဒေါ်တိုးကြည်)၊ ဒေါ်ထွေးကြည်တို့၏ အစ်မ၊ ဦးဇော်ထူးမောင်-ဒေါ်ချိုချိုဝင်း၊ ဦးကျော်ထူးမောင်-ဒေါ်အေးမော်၊ (ဦးစိုးထူးမောင်)၊ ဦးဇော်ကျော်စိုးမိုး-ဒေါ်ဝါဝါခိုင်၊ ဦးဇော်ကျော်စိုးမျိုး-ဒေါ်ခင်နီလာတင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွား၊ (ဦးချစ်ဆွေ)၏ ချစ်လှစွာသောဇနီး၊ အမှတ်(၇)၊ (၄)လမ်းတောင်၊ အရှေ့ကြို့ကုန်းအင်းစိန်မြို့နယ်နေ ဒေါ်လှကြည်သည် ၂၆-၁၂-၂၀၁၉ (ကြာသပတေးနေ့) ည ၇:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁-၁-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၄)လမ်းတောင်၊ အမှတ်(၇)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး**

## ဦးထွန်းမြင့် (မုဒုံမြို့နယ်၊ ဂုန်ညင်းတန်းကျေးရွာ)

**အသက်(၆၆)နှစ်**

**အင်ဂျင်နီယာမှူး(ငြိမ်း)၊ မန္တလေးတိုင်းဒေသကြီး/**
**ရှမ်းပြည်နယ်(မြောက်ပိုင်း) (ပြည်နယ်စည်ပင်သာယာရေးအဖွဲ့)**

ရန်ကုန်မြို့၊ အမှတ်(၉၇၂)၊ ဖိုးရာဇာ(၂)လမ်း၊ (၄၃)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ ဒေါ်ကျင်နွဲ့၏ ခင်ပွန်း၊ မကြည်ပြာမြင့် (ခေတ္တ-စင်ကာပူ)၊ ဗိုလ်ကြီးလင်းဇော် (နေပြည်တော်)-မဥမ္မာမြင့် (အငယ်တန်းအင်ဂျင်နီယာ-၂၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၊ မအိရွှေစင်မြင့်(မှော်ဘီ-နည်းပညာတက္ကသိုလ်)တို့၏ ဖခင် မောင်အောင်ခန့်ညား၏ အဘိုးသည် ၂၉-၁၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဦးစောလှရွှေ (၉၈)နှစ်

**အထက်တန်းစက်မှုအရာရှိ (ငြိမ်း)-လေကြောင်းဦးစီးဌာန**

(ဦးဘိုးဆန်း-ဒေါ်ဖော့အူ)တို့၏သား၊ (ဒေါ်ရိုစီမြတ်)၏ခင်ပွန်း၊ ဆရာမဒေါ်နော်မေ၊ ဒေါ်နော်စိဘလု-ဦးစောဖရယ်ဒီ၊ ဦးစောမြတ်ဆန်း-ဒေါ်ဆွေဆွေလှ၊ ဒေါ်နော်လင်းဒါ၊ ရဲမှူးစောမောရှည်-ဒေါ်ကြည်ကြည်သန်း၊ ဒေါ်နော်လှဂေး (သူနာပြုဆရာမကြီး)၊ ဆရာမဒေါ်နော်အေးအေးရွှေ (အလုံကရင်ကျမ်းစာသင်ကျောင်း)တို့၏ဖခင်၊ နော်အယ်သောသော-မောင်ဇာနည်လွင်၊ ဒေါက်တာစောဝင်းဂိတ် (အင်းစိန်ပြည်သူ့ဆေးရုံကြီး)၊ နော်ဂရိတ်(စ်)ဆုမြတ်လှ၊ စောဝင်းလုဒီထွေး၊ စောချမ်းမင်းစံ၊ နော်မေပတ္တမြားစံတို့၏အဘိုး၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးကြီး ဦးစောလှရွှေသည် ၂၈-၁၂-၂၀၁၉ (စနေနေ့) ည ၁၁:၀၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၀-၁၂-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် အမှတ် ၉၅၉/ခ၊ ကျမ်းစာသင်ကျောင်းလမ်း၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်နေအိမ်၌ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်ရန်ကုန်ကရင်နှစ်ခြင်း အနီးသာသနာသုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာဦးတင်ထွန်း

**M.B.,B.S D.A FFARCSI**

**ပါမောက္ခ/ဌာနမှူး (ငြိမ်း)၊ မေ့ဆေးပညာဌာန၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

**အသက် (၈၉)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ် ၃၄၁/စီ (Jasmine Palace Hotel)၏ နောက်ကျောဘက်နေ (ဦးချစ်မောင်-ဒေါ်စောမြိုင်)တို့၏ သား၊ Dr.ဒေါ်ခင်နု (ပါမောက္ခ-ဌာနမှူး-ငြိမ်း၊ သားဖွားမီးယပ်ပညာဌာန)နှင့် (Dr.ဒေါ်အုန်းမေ-မေ့ဆေးအထူးကု)တို့၏ ခင်ပွန်း၊ Dr.ချိုတင်ထွန်း (COLORADO, U.S.A.)၊ ဒေါ်ဝင့်ဝါထွန်းတို့၏ ဖခင်သည် ၂၈-၁၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၃-၁-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအားဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်အေးတင့်

**အသက် (၈၁) နှစ်**

**အထက်တန်းပြ ဆရာမ (ငြိမ်း)**

**အ.ထ.က(၄)၊ ပုဇွန်တောင်၊ အ.ထ.က(၅)၊ ဗိုလ်တထောင်၊ အ.ထ.က(၃) တာမွေ**

ရန်ကုန်မြို့၊ မင်္ဂလာ(၃)လမ်း၊ K-49၊ FMI City နေ [ဦးဘသန်း-ဒေါ်ပိုးမျှင် (ပဲခူးမြို့)]တို့၏ သမီး၊ [ဦးဟုတ်ဂွမ်-ဒေါ်ကြင်မြိုင်(မော်လမြိုင်မြို့)]တို့၏ သမီးချွေးမ၊ ဒေါက်တာကျော်ဝင်း (သမိုင်းပါမောက္ခ-ငြိမ်း၊ အတွင်းရေးမှူး၊ မြန်မာ့သမိုင်းအဖွဲ့)၏ ချစ်လှစွာသောဇနီး၊ ဒေါ်အေးအေးဝင်း၊ ဦးမိုးကျော်ဝင်း(CITA MUTIARA ENGINEERING Co.,Ltd)-ဒေါ်စန်းစန်းမြိုင်တို့၏ မွေးသမိခင်၊ မောင်ဝေယံမိုးကျော်၊ မောင်သော်ဇေယျာဝင်းတို့၏ အဘွားသည် ၂၈-၁၂-၂၀၁၉ (စနေနေ့) နံနက် ၅:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၁-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်မြင့်သိန်း

**အသက်(၈၀)**

**M.Sc (Demography) (London), Ds, Bl**

**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**ဗဟိုစာရင်းအင်းအဖွဲ့ (CSO)**

ပခုက္ကူမြို့နေ (ဦးတင်-ဒေါ်ထွန်းမေ)တို့၏ သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ (၉)မိုင်၊ မစိုးရိမ်ကျောင်းလမ်း၊ အမှတ် (၅၂၈/ဘီ)နေ [ဒေါ်မြမြဝင်း (အထက်တန်းပြ-ငြိမ်း၊ အထက-၄၊ အလုံ)]၏ ခင်ပွန်း၊ ဒေါ်သီတာ (Ex-Assistant Director, DICA)၊ ဦးကြည်စိုး၊ ဒေါ်မြသန္တာ(Singapore)-ဦးအောင်မြတ်လွင် (Singapore)တို့၏ ဖခင်၊ မြဇွန်ပွင့်အောင်၏ ဘိုးဘိုးသည် ၂၈-၁၂-၂၀၁၉ (စနေနေ့) ည ၉:၃၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၁-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဝင်းမင်းသန်း(ခ)ယူလေးဆို

**BE Com(Economics)1994**

**အသက်(၅၂)နှစ်**

စစ်ကိုင်းမြို့၊ ပိုးတန်းရပ်နေ (ဦးသောင်းရွှေ)-ဒေါ်ငွေးရင်တို့၏သား၊ ဝက်လက်မြို့ မင်္ဂလာရပ်နေ (ဦးစံမောင်)-ဒေါ်ခင်ပြုံးတို့၏ သားသမက်၊ စစ်ကိုင်းမြို့နေ ဒေါ်ကြည်ကြည်သိမ်း၏ မောင်၊ ဦးဝင်းကို-ဒေါ်အေးငြိမ်းသူတို့၏ ညီ၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ စောလှဘော်လမ်း၊ အမှတ် (၃၈၀)နေ ဦးတင်စိန်-ဒေါ်ကြည်ကြည်စိမ်းတို့၏ ညီ/မောင်၊ မစိမ်းလဲ့ရတီ(ခေတ္တ-UK)၊ မစိမ်းလဲ့ထာဏီ (IMFO Myanmar University)တို့၏ဖခင်၊ ဒေါ်မိုးသူမာ (CHID BANK)၏ ခင်ပွန်းသည် ၂၈-၁၂-၂၀၁၉ ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၉ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (စောလှဘော်လမ်းနေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမြင့်သိန်း (ဓနုဖြူ)

**အသက်(၇၈)နှစ်**

**(ဓနုဖြူမြို့နယ်အသင်းနာယက)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ်(၆/၈)၊ B.4 ၊ ဗိုလ်တထောင်လမ်းသွယ် (၄)လမ်းနေ ဒေါ်အေးချစ်၏ခင်ပွန်း ဦးမြင့်သိန်းသည် ၂၇-၁၂-၂၀၁၉ ရက် နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယကာကြီး**

## ဦးလှချစ်တင်

**အသက် (၈၈) နှစ်**

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**

**စက်မှု/ဆေးဝါး**

**စက်မှုဝန်ကြီးဌာန**

(ဦးရွှေခဲ-ဒေါ်စော)တို့၏ သား၊ (ဦးစံမြင့်-ဒေါ်ဖွားခင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ စွန်းလွန်းဂူ ကျောင်းလမ်း၊ အမှတ် (၉)၊ လမ်းသွယ် (၁)နေ ဒေါ်ကြည်ယဉ် (ဒုအထွေထွေမန်နေဂျာ-ငြိမ်း၊ လူမှုဖူလုံရေးအဖွဲ့-ရုံးချုပ်)၏ ခင်ပွန်း၊ ဦးတင်လွန်းဦး-ဒေါ်လေးမာဦး၊ ဒေါက်တာတင်မိုးသူ-ဒေါက်တာစိန်ဝင်း၊ ဒေါက်တာတင်ဟန်ထွေး- ဦးလင်းထွဋ်တို့၏ မွေးသဖခင်၊ မောင်တင်ကျော်ကိုကို၊ မတင်အိမ့်ငယ်ငယ်၊ မခိုင်ဇင်သူဝင်းတို့၏ အဘိုးသည် ၂၅-၁၂-၂၀၁၉ ရက် နံနက် ၁၀:၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၂-၂၀၁၉ ရက် နံနက် ၈ နာရီမှ ၁၁ နာရီထိ ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကြီးမောင်အုံး(ငြိမ်း)

**ကြည်း-၆၉၇၇**

**အသက်(၉၁)နှစ်**

ပြည်မြို့နေ (ဦးသိန်းဖေ-ဒေါ်အေးစိန်)တို့၏ သား၊ မိတ္ထီလာမြို့နေ (ဦးပု-ဒေါ်သိန်း)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပါရမီလမ်း၊ ပါရမီအိမ်ရာ (လောကနတ်အိမ်ရာ)၊ အမှတ်(၅၃-A) နေ ဒေါ်စိုးသင် (အထက-၁၊ ဒဂုံ-ငြိမ်း)၏ ခင်ပွန်း၊ ဒေါ်အေးမြင့်ခိုင်၊ ဒေါက်တာထူးမောင်အုံး-ဒေါ်ခင်မေအုံကြီး၊ ဦးခင်ဇော်၊ ဒေါက်တာဒေါ်ခင်သိန်းစိုး-ဦးဋ္ဌလှ၊ ဒေါ်ခိုင်သဇင်အုံး-Richard Shonfeld၊ ဦးလွင်အုံးစိုးတို့၏ မွေးသဖခင်သည် ၂၄-၁၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၉:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**B.O.D အဖွဲ့နှင့် ဝန်ထမ်းမိသားစု**
**ပါရမီအထွေထွေရောဂါကုဆေးရုံ-ရန်ကုန်မြို့**

## ကျေးဇူးတင်လွှာ

(ဦးဘသော်-ဒေါ်ခင်ညွန့်)တို့၏ သမီးကြီး၊ (နော်ဖြူတီ)၊ နော်ဒေစီတို့၏ အစ်မကြီး၊ ဦးတင်အောင် [ညွှန်မှူး(ငြိမ်း)ပြည်တွင်းအခွန်]၏ ဇနီး၊ (ဦးကျော်စွာအောင်)-ဒေါ်မိုးစပယ်အောင်၊ (ဦးမိုးကျော်စွာအောင်)-ဒေါ်မြင့်မြင့်စန်း(ဦးစီးအရာရှိ ပြည်တွင်းအခွန်)၊ ဦးမိုးတေဇာအောင်[မန်နေဂျာ(အင်ဂျင်နီယာ)၊ မြန်မာ့သစ်လုပ်ငန်းပုသိမ်]-ဒေါ်မိုးမိုးမြတ်၊ ဦးမိုးဇေယျာအောင်(ဦးစီးအရာရှိ ပြည်တွင်းအခွန်)တို့၏ မွေးသမိခင်၊ မောင်မြတ်နိုးအောင်၊ မပိုင်းရတနာ၊ မစုမြတ်မွန်၊ မအေးချမ်းမိုး တို့၏ အဘွား၊ အမှတ်(၃၀၈)၊ သန်လျက်စွန်းလမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ အဖီးနော်ရိုစီ (၂၈-၁၂-၂၀၁၉ ရက် ကွယ်လွန်သူ)၏ ဈာပနကိစ္စအဝဝတွင် ဦးဆောင်ဝတ်ပြုဆုတောင်းပေးသောသင်းအုပ်ဆရာတော် အသီးသီးအားလည်းကောင်း၊ ဗမာနွေလအသင်းတော်၊ ပိုးကရင်နှစ်ခြင်းအသင်းတော်(မြောက်ဥက္ကလာပ)၊ စကောကရင်ဗေသေလအသင်းတော်(မြောက်ဥက္ကလာပ)၊ မှော်ဘီဆပ်သွားတော်အသင်းတော်၊ ဗမာနွေလအမျိုးသမီးအဖွဲ့တို့မှ အသင်းတော်ဝင်/အဖွဲ့ဝင်အားလည်းကောင်း၊ ကျန်ကျေးဇူးတင်ထိုက်သူအားလုံးအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ရင်သန်း

**အသက် (၇၀)**

မွန်ပြည်နယ်၊ ဇင်းကျိုက်မြို့နေ (ဦးမောင်ညွန့်-ဒေါ်ခင်သိန်း)တို့၏ သမီး၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၉-A) ရပ်ကွက်၊ သစ္စာ (၄)လမ်း၊ အမှတ်(၁၀)နေ [ဦးဖေသင် (ဗဟိုဘဏ်-ငြိမ်း)]၏ ဇနီး၊ ကိုဝင်းနိုင်-မသန်းသန်းထိုက်၊ ကိုလှဝင်းအောင်(Pemeo Engineering)၊ မသန္တာ၊ မသန်းသန်းဝင်း၊ မသန်းသန်းစိုး (AVTC School)တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ အဏ္ဏဝါချမ်းသာ၊ လမင်းချမ်းသာတို့၏ အဘွားသည် ၂၈-၁၂-၂၀၁၉ (စနေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၉ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၂၀ နာရီတွင် ထွက်ပါမည်)

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်လှ(ခ)ဒေါ်ဘေဘီ

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာအေးမြ (၄)လမ်း၊ အမှတ်(၂၂၈)နေ (ဦးသိန်း-ဒေါ်လေးခင်)တို့၏ မြေး၊ (ဦးသံချောင်း-ဒေါ်သန်းရီ)တို့၏ သမီး၊ (ဦးလှမျိုး-ဒေါ်လှကြည်)တို့၏ တူမ၊ သဘာဝသိပ္ပံဆရာကြီး (ဦးကျော်ငွေး)၏ ဇနီး၊ ဦးအေးမြင့်၏ ညီမ၊ ဒေါ်သန်းသန်းနွဲ့၊ (ဦးဦးကျော်)၊ (ဦးဦးမော်)၊ (ဦးခင်ဇော်)၊ ဒေါ်သန်းသန်းထွေး၊ ဒေါ်စိုးစိုးညွန့်တို့၏ အစ်မကြီး၊ ဒေါ်ခင်စန္ဒာကျော်၊ ဒေါ်ခင်လှယဉ်ကျော်၊ ဦးခင်မောင်ယဉ်ကျော်၊ ဒေါ်ရွှေရည်ဝင်းကျော်၊ ဒေါ်ခင်မြယဉ်ကျော်တို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၂၈-၁၂-၂၀၁၉ (စနေနေ့) နံနက် ၉:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးခင်ဇော်

**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်းလမ်းမ၊ အမှတ် (၇၀)၊ သုံးလွှာနေ (ဦးညို-ဒေါ်ခင်လှ)တို့၏ သား၊ (ဦးမောင်အေး-ဒေါ်ခင်ဝိုင်း)တို့၏ သားသမက်၊ (ဒေါ်ခင်မာအေး)၏ ခင်ပွန်း၊ ဦးတိုးမြင့်-ဒေါ်လုံးစိန်၊ ဦးညွန့်လွင်-ဒေါ်ဘေဘီအေး(ဇမ္ဗူထွန်းရွှေဆိုင်)၊ (ဦးအုန်းမြင့်)-ဒေါ်မြသီ၊ ဦးသိန်းထွန်း-ဒေါ်သန်းသန်းရီတို့၏ မောင်၊ ကိုဖိုးရာကျော်-မသင်းမြတ်သန္တာ၊ ကိုစိုးသူ-မမြင့်သန္တာ၊ ကိုပြည့်ဖြိုးမောင်၊ ကိုဇော်ဖြိုးသူအောင်တို့၏ ဖခင်၊ မအိမ့်ကြည်စင်ကျော်၊ မောင်အုပ်စိုးခန့်၊ မောင်ဘုန်းပြည့်စုံတို့၏ ချစ်လှစွာသောအဘိုးသည် ၂၈-၁၂-၂၀၁၉ (စနေနေ့) ညနေ ၆:၅၇ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၁၉ (တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁-၂၀၂၀ (သောကြာနေ့) နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့်**
**သွေးဖြင့်**
**အသက်**
**ကယ်ပါ**

# ဒီဇင်ဘာပိတ်ရက်များတွင် ဦးပိန်တံတားသို့ ပြည်တွင်း ပြည်ပခရီးသွား နေ့စဉ် တစ်သိန်းကျော် လာရောက်လည်ပတ်

**မန္တလေး ဒီဇင်ဘာ ၂၉**

ဒီဇင်ဘာပိတ်ရက်ကာလများတွင် မန္တလေးမြို့ရှိ ကမ္ဘာကျော် ဦးပိန်တံတားသို့ ပြည်တွင်း ပြည်ပ ခရီးသွား နေ့စဉ် တစ်သိန်းကျော် လာရောက် လည်ပတ်လျက်ရှိကြောင်း ဦးပိန်တံတား အနောက်ထိပ်ရှိ တောင်မင်းကြီးဘုရားဂေါပက ဥက္ကဋ္ဌ ဦးသန်းမြင့်ထံမှ သိရသည်။

"ယခုနှစ် ဒီဇင်ဘာပိတ်ရက်ကာလမှာ ပြည်တွင်း ပြည်ပခရီးသွား နေ့စဉ်တစ်သိန်း ကျော်လောက် လာရောက်လည်ပတ်လျက်ရှိပါတယ်။ မြန်မာပြည်အောက်ပိုင်းက လာရောက် လည်ပတ်မှုများပါတယ်။ ကရင်နှစ်သစ်ကူးနေ့ ကဆိုရင် မွန်ပြည်နယ်က ဆရာတော်တွေ ဦးဆောင်ပြီး ဒေသခံတွေနဲ့အတူ ဦးပိန် တံတားကိုလည်ပတ်တယ်၊ တောင်မင်းကြီး ဘုရားမှာ ရင်ငွေ့တော်လှူကြတယ်။ ဒီဇင်ဘာ ပိတ်ရက်ဆိုတော့ ပြည်ပခရီးသွားတွေရော၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြတဲ့ ပြည်တွင်းခရီးသွားတွေရော နေ့စဉ်စည်ကား ပါတယ်။

**စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ✳**



ဒီဇင်ဘာပိတ်ရက်များတွင် ဦးပိန်တံတားသို့ ပြည်တွင်း ပြည်ပခရီးသွားများ စည်ကားများပြားစွာ လာရောက်လည်ပတ်စဉ်။ ဓာတ်ပုံ - အောင်ဖြိုးရှိန်

## အမျိုးသားတံခွန်စိုက် ကြက်တောင်ပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်နှင့် Naing Group of Companies တို့ပူးပေါင်းကျင်းပသည့် ၂၀၁၉ ခုနှစ် အမျိုးသားတံခွန်စိုက် ကြက်တောင် ရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်း အနားကို ယနေ့ ညနေပိုင်းက လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် အားကစား ရုံ၌ ကျင်းပသည်။

အဆိုပါဆုပေးပွဲအခမ်းအနားသို့ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်၊ ဒုတိယ ဥက္ကဋ္ဌ စိုင်းပိုင်မုန့်၊ အတွင်းရေးမှူး ဦးညဏ်လွင်နှင့် ပြိုင်ပွဲကိုတာဝန်ယူ ကျင်းပပေးသည့် Naing Group မှ တာဝန်ရှိသူများ တက်ရောက် သည်။

**စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ○**

## မဲခေါင်ကလပ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

၂၀၂၀ ပြည့်နှစ်တွင် ပြန်လည်ကျင်းပမည့် မဲခေါင်နိုင်ငံများ ကလပ်အသင်းများပြိုင်ပွဲတွင် ၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှိုး/ထွက်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

စာမျက်နှာ ၂၀ ကော်လံ ၄ သို့ ❖

## ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၉**

၂၀၂၀ ပြည့်နှစ် (၇၂)နှစ်မြောက်လွတ်လပ်ရေး နေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကို ယနေ့နံနက် ၇ နာရီ ခွဲမှစတင်၍ ယှဉ်ပြိုင်ကစားကြသည်။

အသက်(၃၅)နှစ်အထက် အမျိုးသား ဘောလုံးပြိုင်ပွဲ ပွဲစဉ်များယှဉ်ပြိုင်ကစား ကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနအသင်းအား

**စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ✳**

အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။


ကြေးမုံ ယနေ့ ဖတ်စရာ

**မြန်မာ့ခရီးသွားရုပ်ရှင်ရင်းနှီးမြှုပ်နှံမှု မိတ်ဆက်ပွဲ တရုတ်နိုင်ငံ၌ ကျင်းပ** — စာမျက်နှာ » ၅

**ထိန်းသိမ်းရမည့် မြန်မာ့လွတ်လပ်ရေး** — စာမျက်နှာ » ၆

**နှစ်ပေါင်း ၁၀၀ ကျော်အတွင်း အအေးဆုံးဆောင်းရာသီအဖြစ် အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီမှတ်တမ်းဝင်** — စာမျက်နှာ » ၁၂

**စစ်လက်နက်ဝယ်ယူရေးအတွက် ၂၀၁၉ ခုနှစ်အတွင်း ကန်ဒေါ်လာ ၂၄ ဒသမ ၂ ဘီလီယံကျော် ရုရှားသုံးစွဲ** — စာမျက်နှာ » ၁၃



ရန်ကုန်မြို့ရှိကျော်သရေဆောင် စာသင်ကျောင်း၊ အောင်ချက်ကောင်း၊ စေတနာကောင်း၊ ဝန်ဆောင်မှုကောင်း၊ အင်းစိန်မြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်များတွင် အောင်ချက်အကောင်းဆုံးရရှိခဲ့သော...

ဆရာ ဦးသန်းစိန် နှင့် ဆရာမ ဒေါ်ဇင်နီမြင့် တို့ ကိုယ်တိုင် တည်ထောင် အုပ်ချုပ် သင်ကြားသော

UTS

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်တော်ဒါ

KGတန်းမှတက္ကသိုလ်ဝင်တန်းအထိ

လေ့လာပါ၊ စုံစမ်းပါ၊ ကြိုက်မှ ကျောင်းအပ်ပါ။

- ကျောင်းသင်ခန်းစာများအပြင် သိပ္ပံလက်တွေ့ အနုပညာ၊ အားကစား၊ ကိုက်ကွပ်ဒိုကွန်မျူ တာ၊ အင်္ဂလိပ်စာ 4 skills တို့ကို ပါအခမဲ့ သင်ကြားပေးပါသည်။
- ဘော်ဒါဆောင်များကိုလည်း VIP အိပ် ခန်းထဲတွင်ခု - ထပ်လုံးချင်းတိုက်များဖြင့် Air-con များအပြည့်ထားရှိပြီး၊ ကျောင်း သားသီးသန့်၊ ကျောင်းသူ သီးသန့် ထားရှိ ပါသည်။ ဆရာကြီး ဦးသန်းစိန် နှင့် ဆရာမ ကြီးတို့က အနီးကပ်အုပ်ချုပ်သင်ကြားပေး ပါသည်။
- အရသာရှိရှိစားသုံးနိုင်ရန် စားဖိုမှူးများခေါ် ၍ ချက်ပြုတ်ပေးပြီး တစ်ရက်(၃)နပ် ကျွေး မွေးပါသည်။

၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းစတင်လက်ခံနေပါပြီ။

စာသင်ကျောင်း(၁) U.T.S (1) အမှတ်(၆၉)၊ ကွက်သစ်(၂)လမ်းထိပ်၊ ပေါက်တောဝမ်းဗိုလ်အနီး၊ ဘုရင့်နောင်လမ်းမကြီးပေါ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

စာသင်ကျောင်း(၂) U.T.S (2) အမှတ်(၇၄)၊ ဗိုလ်ဥက္ကာလမ်းထိပ်၊ တာဂရာမီးပွိုင့်အနီး၊ ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Phone- 09 5167915, 09 400700640, 09 5190862

စာသင်ကျောင်း(၃) U.T.S (3) အမှတ်(၁၄၅)၊ နေမျိုးကျော်ခေါင်လမ်း၊ (၁)ရပ်ကွက်၊ ပုလဲလမ်းဆုံအနီး၊ မြေပြည့်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Facebook U.T.S Privte HighSchool





